www.burmeseclassic.com

ဝိဉာဉ်ရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

အောင်မြင်စာပေ

# ပြိစ္ဆာ

## လူပြိတ္တာကောင်ကြီး




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ကြံခက္ခ
လူမြင်ကွာထောင်ကြား / ကြံခက္ခ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၂၅၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြံခက္ခ

ထုတ်ဝေသူ ဦးအောင်မြင့်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊
အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင့်ပုံနှိပ်တိုက်၊
ပထမအကြိမ် ၂၀၁၃ ခုနှစ်၊
(အောက်တိုဘာလ)၊
အုပ်ရေ (၅၀၀)။



BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ သင်မမြင်ရတဲ့ နေရာတွေမှာ
လူတွေ မရေနိုင်အောင် မွေးဖွားနေတယ်၊
လူတွေ မရေနိုင်အောင် သေဆုံးနေကြတယ်၊
ဒါတွေသိဖို့ထက်... မသေခင်မှာ
ဘာအရေးကြီးဆုံးလည်း
သိနိုင်ဖို့ လိုအပ်ပါတယ်။

❖ အသိပညာ မရင့်ကျက်ခင်မှာ
မှားယွင်းမှုတွေနဲ့ ကြုံခဲ့ရတတ်တယ်၊
အရွယ်ရလာတဲ့အခါ
ဒဏ်ရာဟောင်းတွေ ဖြစ်မနေပဲ
အတွေ့အကြုံကောင်းတွေ ဖြစ်နေသင့်ပါတယ်၊

❖ မွေးဖွားခြင်းဆိုတာ
တဒင်္ဂအချိန်လေးအတွင်းမှာ
ခရီးရှည်တစ်ခုအတွက် စတင်ခြင်းဖြစ်သလို
သေဆုံးခြင်းဆိုတာ...စက္ကန့်ပိုင်းအတွင်းမှာ
ခရီးရှည်ရဲ့ပန်းဝင်ခြင်းဖြစ်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ လူ့ဘဝမှာ ဝမ်းနည်းကြေကွဲစရာနစ်ခုနဲ့
ကြုံတွေ့ရနိုင်ပါတယ်၊
တစ်ခုက နှလုံးသားဆန္ဒမပြည့်ဝပဲ
ဆုံးရှုံးရခြင်းနဲ့...
နောက်တစ်ခုက နှလုံးသားဆန္ဒပြည့်ပြီးမှ
ခွဲခွာကြရတာပါပဲ...။

❖ နွားသားအရသာကို သိချင်လို့
နွားတွေအားလုံးကို သတ်စားစရာမလိုပါဘူး၊
အချစ်အကြောင်းသိချင်လို့လည်း
တွေ့သမျှနဲ့ အချစ်စမ်းစရာ မလိုပါဘူး။

❖ ရွှေကောင်းမကောင်းကို
မှတ်ကျောက်ပေါ်တင်ပြီး
စစ်ဆေးကြည့်နိုင်ပါတယ်၊
ချစ်ခြင်းမေတ္တာ မှန်,မမှန်ကိုတော့
ဆင်းရဲခြင်းက စစ်ဆေးပေးနိုင်ပါတယ်။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ ချစ်ခြင်းမေတ္တာတွေထဲမှာ
ချစ်သူမဖြစ်ခင်
တိတ်တခိုးချစ်ရတဲ့အချစ်လောက်
ရင်ခုန်ရတာမျိုး
နောက်တစ်ကြိမ်တွေ့ဖို့ မလွယ်လောက်ပါဘူး။

❖ အချစ်ရဲ့စွဲမက်နှစ်သက်ဖွယ် ကောင်းမှုထက်
ပကတိအေးချမ်းတဲ့ ပျော်ရွှင်မှုက
ပိုပြီးအရေးကြီးပါတယ်...၊
ဒါပေမယ့်...အချစ်က
သူ့အရေးကြီးတာကိုပဲ လက်ခံစေလိုတယ်။

❖ ဘဝသည် ပန်းတစ်ပွင့်နှင့်တူ၏...
ပြုစုပျိုးထောင်မှုကောင်းမှ
ပွင့်လန်းလာစေနိုင်သည်၊
ဝတ်ရည်နှင့်တူသော အချစ်ပါလျှင်
ပိုပြီးပြည့်စုံစေပါသည်။

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ အချစ်ကိုရယူရန်သော်လည်းကောင်း...
ဘဝအောင်မြင်မှုကို
ကြိုးစားကြလျှင်သော်လည်းကောင်း...
ပြိုင်ဘက်ကောင်းတစ်ယောက်ပေါ်လာလျှင်
ကြိုးစားမှုကို ပိုကောင်းစေပါတယ်။


❖ အချစ်ကို တန်ဖိုးမထားတတ်သူအတွက်
အချစ်သည်
ဘဝအစိတ်အပိုင်းတစ်ခုသာဖြစ်၏၊
အချစ်ကို တန်ဖိုးထားတတ်သူအတွက်တော့
ဘဝတစ်ခုလုံးကဲ့သို့ပင် ရှိလေသည်။

❖ မျှစ်ဆိုတာ ဝါးနှင့်မကင်းသလို
မြစ်ဆိုတာ ငါးနှင့်မကင်းပါဘူး။
ဒီလိုပါပဲ အချစ်ဆိုတာလည်း
အမှားနှင့် မကင်းတတ်ကြပါဘူး။

# ဤစာအုပ်တွင်ပါဝင်သောအခန်းများ


အခန်း (၁) မိခင်ကိုစားသောဝမ်းဗိုက်ထဲမှဘီလူး၊
အခန်း (၂) ကံအကြောင်းတရားတို့၏ဆက်နွယ်မှုများ၊
အခန်း (၃) လူစင်စစ်မှပြိတ္တာဘဝရောက်နေသူ၊
အခန်း (၄) သရဲတောင်ကြားမှ ပြိတ္တာများ၊
အခန်း (၅) ကွယ်ပျောက်နေသည့်ရတနာသိုက်၊
အခန်း (၆) ချစ်ခြင်းမေတ္တာ၏ သင်္ကေတများ၊
အခန်း (၇) အန္တရာယ်များလှသော တောင်ကြား၊
အခန်း (၈) တောတိရစ္ဆာန်များ မစားဝံ့သည့်လူပြိတ္တာများ
အခန်း (၉) သရဲတောင်ကြားအကျဉ်းသား၊
အခန်း (၁၀) ကသည်းဝိညာဉ်လိုဏ်ဂူ၊
အခန်း (၁၁) နှလုံးသားမှ သောကဆူးတစ်ချောင်း၊
အခန်း (၁၂) ထမန်းနှင့်သူ၏လျှို့ဝှက်ချက်များ၊
အခန်း (၁၃) ကသည်းဝိညာဉ်ဂူမှအောင်ပွဲ၊
အခန်း (၁၄) အန္တရာယ်စက်ကွင်းနှင့် ချစ်ခြင်းမေတ္တာ၊
အခန်း (၁၅) ရည်ရွယ်ချက်အသစ်ဖြင့် ခွန်အားဖြစ်စေ၊
အခန်း (၁၆) လူပြိတ္တာတို့နှင့်ပြန်တွေ့ရခြင်း၊
အခန်း (၁၇) သေမင်းရန်စွယ်မှလွတ်မြောက်ခြင်း၊

www.burmeseclassic.com





# အခန်း(၁)

# မိခင်ကိုစားသော ဝမ်းဗိုက်ထဲမှ ဘီလူး

တစ်နေ့သ၌ ကျွန်ုပ်သည် အပြင်ဘက်၌ မိုးတစိမ့်စိမ့် ရှိနေသောကြောင့် အပြင်မထွက်တော့ပဲ မိမိအိမ်တွင်းမှာသာ အခန်းအောင်းနေထိုင်လျက် ရှိပေသည်။

ကျွန်ုပ်သည် အခြားသူများနှင့်မတူပဲ မိုးရွာသောရက်များကို သဘောကျသူဖြစ်ပေသည်။

ပြောရလျှင်တော့ မိုးရာသီကို နှစ်သက်သဘောကျသူ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ဖြစ်ပေသည်။

အခြားသူ အတော်များများက အိမ်အပြင်ထွက်ပြီး အလုပ်လုပ်ကြရသော်လည်း ကျွန်ုပ်တို့လို စာပေရေးသားသူများကတော့ မိမိအခန်းထဲမှာသာ အလုပ်လုပ်ကြရပေသည်။

အပြင်ထွက်ပြီး အလုပ်လုပ်ကြသူများက အပြင်ထွက်အလုပ်လုပ်မှ ဝင်ငွေရကြသော်လည်း စာရေးသူများကတော့ အိမ်မြဲလေ အလုပ်ဖြစ်လေသဘောမျိုး ရှိသည်။

တစ်ခါတစ်ရံအပြင်ထွက်ပြီး ကုန်ကြမ်းရှာရတာမျိုးတော့ ရှိသည်။

သို့သော်လည်း ကျွန်ုပ်အနေကတော့ ငယ်ရွယ်စဉ်ကတည်းကပင် မိုးတအေးအေးနှင့် စာဖတ်ရသော အလုပ်မျိုးကို များစွာ နှစ်သက်သဘောကျလေ့ရှိသည်။

(၁၉၆၀) ပြည့်နှစ် နောက်ပိုင်းကာလများမှာ စာအုပ်မျိုးစုံ၊ မဂ္ဂဇင်းမျိုးစုံတို့ အထွက်များခဲ့ပေသည်။ ထိုအချိန်က ကျွန်ုပ်ပင်လျှင် လူပျိုပေါက်စ အရွယ်သာရှိသေးပြီး ကျောင်းသားဘဝပင် ရှိသေးသည်။

နောက်ပိုင်း ပညာကိုပြီးဆုံးအောင် မသင်ခဲ့ရပဲ တစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ကာ နယ်မြို့လေးတစ်မြို့မှာ နေထိုင်ခဲ့ရပေသည်။

ထိုအချိန်ကလည်း အလုပ်ကတစ်ဖက်နှင့် ထွက်သမျှစာအုပ်အတော်များများကို ဝယ်ယူဖတ်ရှုခဲ့လေသည်။

ကျွန်ုပ်သည် ငယ်စဉ်ကတည်းက စွန့်စားခန်း အသား





ပေးဝတ္ထုများနှင့် စုံထောက်ဝတ္ထုများကို နှစ်သက်သဖြင့် အဖတ်များခဲ့လေသည်။

အချစ်ဝတ္ထုအချို့ကိုတော့ သာမန်လောက်သာဖတ်ပြီး သရဲတစ္ဆေ၊ စုန်းကဝေဝတ္ထုများကိုတော့ မဖတ်ပေ၊ အဘယ်ကြောင့်ဆိုသော် ငယ်စဉ်က သရဲကြောက်တတ်သောကြောင့် ဖြစ်သည်။

(၁၉၆၂)ခုနှစ် မတိုင်ခင်က သရဲတစ္ဆေပါသော သိုက်သမိုင်းကား အတော်များများ ထွက်ခဲ့ပေသည်။

ထိုကားများကြည့်ပြီး ဇာတ်ကားထဲမှ သရဲတစ္ဆေတို့ကို တွေ့ရသောအခါ များစွာကြောက်ရွံ့မှု ဖြစ်ရလေသည်။ အများအားဖြင့် တာတေကြီးသရုပ်ဆောင်သော သရဲကားများကို ကြည့်ပြီးလျှင် ညအချိန်ရောက်ပါက တစ်ယောက်တည်းမနေဝံ့. .၊ မသွားလာဝံ့ဖြစ်ရသဖြင့် အိမ်ကလူကြီးများက ဆူပူကြိမ်းမောင်းမှုကို ခံရသည်။

"ဇာတ်ကားထဲမှာ သရုပ်ဆောင်တာပဲ တကယ်မှမဟုတ်တဲ့ဟာ ကြောက်စရာလား၊ ဒီလောက်ကြောက်တတ်နေရင် နောက်လိုက်မကြည့်နဲ့"

ထိုသို့ပြောတော့လည်း အိမ်မှာတစ်ယောက်တည်း မနေဝံ့သောကြောင့် အများသွားလျှင် လိုက်ရပြန်၏။

ဇာတ်ကားပြ၍ သရဲတစ္ဆေအခန်းပါလာလျှင် မျက်စိမှိတ်ပြီး ခေါင်းငုံ့ထားရသည်၊

ကျွန်ုပ်ငယ်စဉ်က ကြည့်ခဲ့ရသော 'ရတနာ့နတ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ကား၌ တာတေကြီး ဖုတ်ဝင်သောအခန်းမှာ သရုပ်ဆောင်မှု ပီပြင်လှသောကြောင့် ယခုပြန်တွေးလျှင် အမှတ်ရနေဆဲ၊ မျက်စိထဲမှာ မြင်ယောင်နေဆဲပင် ရှိသေး၏။ ထိုကဲ့သို့ သရဲကြောက်တတ်သဖြင့် သရဲတစ္ဆေ၊ စုန်းကဝေစာအုပ်များကိုတော့ မဖတ်ခဲ့ပါချေ။

ထိုအချိန်က နာမည်ကြီးခဲ့ကြသည့် တစ္ဆေသရဲ၊ စုန်းကဝေ ဝတ္ထုများရေးသော စာရေးဆရာကြီး၊ ဆရာမကြီးများမှာ ဆရာမကြီး(ဒေါ်)ဒဂုန်ခင်ခင်လေးက 'ကိုကိုလေး' ကလောင်အမည်ခွဲဖြင့် ရေးသားခဲ့သော မှော်ဆရာမှတ်တမ်းများ၊ 'ကဝေသာရ' ရေးသားသော ဝတ္ထုများ၊ ဆရာကြီး မြစကြာရေးသားသော သရဲတစ္ဆေဝတ္ထုများမှာ အမျိုးအပြားထွက်ခဲ့ပြီး၊ အခြားစာရေးဆရာများ ရေးသားသော စာအုပ်အချို့လည်း ထွက်ခဲ့ကြသည်။

ထိုအချိန်နောက်ပိုင်း အချစ်ဝတ္ထုအတော်များများ ထွက်ခဲ့ရာ (၁၉၆၅)ခုနှစ်နောက်ပိုင်းတွင် တက္ကသိုလ်ဘုန်းနိုင်၊ တက္ကသိုလ် တင့်လွင်ဦး၊ တက္ကသိုလ် ဟန်ဝင်းအောင်စသော တက္ကသိုလ် နောက်ခံရေးသော စာရေးဆရာများ၊ မြင့်ကျော်၊ မြင့်နီစသော အရက်နှင့်အသည်းကွဲ ဇာတ်လမ်းရေးသော စာရေးဆရာအများအပြား ထွက်ခဲ့ကြသည်။

ကျွန်ုပ်ကတော့ စုံထောက်ဝတ္ထုနှင့် စွန့်စားခန်းဝတ္ထုများကို နှစ်သက်သောကြောင့် ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှား၊ ရဲစိုး၊ မိုးဝေ၊ လင်းယုန်တင့်ဆွေ၊ စစ်ကိုင်းအေးလွင်





စသောစာရေးဆရာများ ရေးသားသော စာအုပ်များကို ဝတ်ယူဖတ်ရှုခဲ့ရပေသည်။

ထိုအခါက ယခုအချိန်ကဲ့သို့ စာအုပ်အငှားဆိုင်များ မရှိသေးသောကြောင့် ဝယ်ယူဖတ်ရသည်။ တစ်အုပ်လျှင် တစ်ကျပ်၊ နှစ်ကျပ်မှ ငါးကျပ်အထိပေးဝယ်ရသည်၊ စာအုပ်တစ်အုပ်တန်ဖိုးမှာ ဆန်တစ်ပြည်၊ နှစ်ပြည်ဝယ်ရသဖြင့် တော်ရုံဖြင့်တော့ မဝယ်နိုင်ပါပေ။

ထိုအချိန်က မဂ္ဂဇင်း၊ ဂျာနယ်အတော်များများလည်း ထွက်ကြပေသည်။

ထိုအချိန်က ရုပ်ရှင်၊ ရေဒီယိုနှင့် ဇာတ်ပွဲ၊ အငြိမ့်ပွဲများဖြင့်သာ အပန်းဖြေကြရာ စာအုပ်သည် ရှေ့ဆုံးနေရာမှပါဝင်ခဲ့လေသည်။

ကျွန်ုပ်သည် ငယ်စဉ်ကတည်းက စာအုပ်များကိုဝယ်ယူဖတ်ခဲ့ရာ ယခုထက်တိုင်ဖြစ်သည်။

နှစ်ပေါင်း (၅၀)ကျော်ကာလအတွင်းမှာ စာအုပ်မျိုးစုံမြောက်မြားစွာတို့ကို စုဆောင်းထားမိခဲ့ပေသည်။

စာအုပ်အရေအတွက် များလှသဖြင့် လူနေဖို့ထက် စာအုပ်ထားဖို့နေရာကိုပင် ရရှိအောင် အတော်ကြိုးစားရပါသည်။

လူနေဖို့တစ်ခန်းဆိုလျှင် စာအုပ်အတွက်က နှစ်ခန်းသုံးခန်းရှိမှ အဆင်ပြေလေသည်။

တစ်နေရာမှတစ်နေရာ ရွှေ့ပြောင်းလျှင် လူအသုံးအဆောင်ပစ္စည်း ရွှေ့ရသည်က မပင်ပန်းပေ။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ထုပ်များရွေ့ရသော ဒုက္ခက များစွာပင်ပန်းခဲ့ရသည်။ သို့သော်လည်း အကျိုးမယုတ်ခဲ့ပါချေ။

နောင်တစ်ချိန် စာရေးဆရာဘဝ ရောက်လာသောအခါ ထိုစာအုပ်များက များစွာအကျိုးပြုပါလေတော့သည်။

ရှားပါးသော ဇာတ်လမ်းများ၊ အကြောင်းအရာများကို ထိုစာအုပ်များမှ ထုတ်ယူသုံးစွဲနိုင်သဖြင့် အောင်မြင်မှုလည်းရခဲ့ပေသည်။

နောက်ပိုင်းမှာတော့ ကျွန်ုပ်သည် စာမူခရသောငွေဖြင့် ရွှေခုံတိုင်(ယခုရွှေဂုံတိုင်)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားကုန်း ပတ်ဝန်းကျင်တွင် ခြံကျယ်တစ်ခုနှင့် အိမ်တစ်လုံးကို ဝယ်ယူကာ ရွှေ့ပြောင်းနေထိုင်ခဲ့လေသည်။

ခြံကျယ်အတွင်းမှာ မူလကတည်းက ဆောက်ထားခဲ့သော တိုက်ခံနှစ်ထပ်အိမ်တစ်လုံးပါသဖြင့် များစွာအဆင်ပြေခဲ့ပေသည်။

တစ်အိမ်လုံး အပေါ်ထပ်မှာရော အောက်ထပ်မှာပါ နေထိုင်သူက နှစ်ယောက်သာရှိသည်၊

ကျွန်ုပ်နှင့်တပည့်မောင် တိုးအောင်တို့ပင်ဖြစ်၏။

သို့ကြောင့် အပေါ်ထပ်ရော အောက်ထပ်၌ပါ စာအုပ်များထား၍ ရပေသည်။

တစ်အိမ်လုံးစာကြည့်တိုက်သဖွယ်ဖြစ်နေတော့သည်၊

စာရေးသားသူတစ်ယောက်အနေဖြင့် မည်သည့်အကြောင်း အရာမျိုးကိုပင် ရေးသားသည်ဖြစ်စေ၊ စာအုပ်စာတမ်း





ပြည့်စုံခြင်းက ရေးသားသူအတွက် ပိုမိုကောင်းလေသည်။ စိတ်ကူးဖြင့် ရေးသားပါက တစ်ခါတစ်ရံ အကြောင်းအရာ ခိုင်လုံမှုမရှိပဲ ပေါ့ပျက်ပျက်နှင့် ဖြစ်တတ်ပေသည်၊

ရသကိုဦးစားပေးရေးသော စာများက မိမိစိတ်ကူးရှိရာကို အကွန့်အညွန့်များဖြင့် လွတ်လပ်စွာရေးသားနိုင်ကြသော်လည်း သုတအကြောင်းအရာများကို ဦးစားပေးထည့်သွင်းရေးသားကြသော စာများကတော့ စိတ်ကူးအပြင် အကြောင်းအရာအထောက်အကူပြုသော အချက်အလက်များကို ထည့်သွင်းရေးသားကြရာ၌သက်ဆိုင်ရာ စာအုပ်စာတမ်းမရှိ၍ မဖြစ်ပေ။

ကျွန်ုပ်အနေဖြင့် စာဖတ်သူများအား သစ်ဆန်းသော အကြောင်းအရာတို့ကို အခြေခံရေးသားခဲ့သည့် လုံးချင်းဝတ္ထုများမပြတ်အောင် ရေးသားပေးနိုင်ခြင်းမှာ ငယ်စဉ်ကတည်းက စုဆောင်းထားခဲ့သော မြောက်မြားလှစွာသော စာအုပ်စာတမ်းများ၏ ကျေးဇူးပင်ဖြစ်သည်ဆိုပါက မှားမည်မဟုတ်ပါချေ။

ယခုလည်း အပြင်ဘက်၌ မိုးတစိမ့်စိမ့်ရွာနေသဖြင့် အပြင်ဘက်သို့ မထွက်တော့ပဲ စာရေးစာဖတ်ရန် ပြင်ဆင်နေလေသည်။

မောင်တိုးအောင် စီစဉ်ပေးသော ရွှေဖီမိုးလွတ်ရွက်နုလက်ဖက်ခြောက်ခါးခါးခပ်ထားသော လက်ဖက်ရည်ကြမ်းအိုး၊ ကော်ဖီပန်းကန်၊ ကျောက်ဆူးတံဆိပ်ကပ္ပိတန်ဆေးတံသောက်ဆေးဘူး၊ ဆေးတံ၊ မီးခြစ်စသည်တို့ကို စားပွဲပေါ်၌ အဆင်သင့်ချထားပြီးမှ ဖတ်လိုသောစာအုပ်တို့ကို ရွေးချယ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စာအုပ်စင်အောက်ဘက်တွင် အလိပ်လိုက် ထည့်ထားသော ဂျာနယ်နှင့် သတင်းစာထုပ်ကို တွေ့မြင်ရသဖြင့် အပြင်သို့ ထုတ်လိုက်သည်။

ဖုန်များ အထပ်ထပ် တက်နေသဖြင့် ဖယ်ခါပြီးတော့မှ ဖြေကြည့်ရသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ထုတ်ဝေသော သတင်းစာနှင့် ဂျာနယ်အဟောင်းများ ဖြစ်ကြလေသည်။

ထိုခေတ်အခါ က သတင်းစာအရေအတွက်က မများလှသော်လည်း ဂျာနယ်အရေအတွက်ကတော့ အတော်ကလေးများသည်။ အများအား ဖြင့်တော့ နိုင်ငံရေးအကြောင်း၊ နိုင်ငံရေးသမားများအကြောင်းနှင့် ထူးခြားသောသတင်းများကို ဦးစားပေးရေးသားဖော်ပြသည်က များသည်။

ကျွန်ုပ်သည် ဂျာနယ်အဟောင်းများ၊ သတင်းစာအဟောင်းများကို တစ်ခုချင်းလိုက်လံကြည့်ရှုလေရာ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် သတင်းစာတစ်စောင်နှင့် ဂျာနယ်တစ်စောင်တို့တွင် ဖော်ပြထားသော သတင်းနှစ်ပုဒ်ကို တွေ့ရလေသည်။

ဖြစ်ပျက်ပုံနှင့် နေရာမတူသော်လည်း အကြောင်းအရာမတူသော သတင်းနှစ်ပုဒ်ပင်ဖြစ်၏။

ထိုသတင်းနှစ်ပုဒ်တို့မှာ ရှေးကရေးသားသည့်ဟန်အတိုင်း အကွန့်အညွန့် နံဘေးထပ်တွေဖြင့် ရေးသားထားသောကြောင့်. . ယခုအခါမှာတော့ ဆိုလိုရင်းအဓိပ္ပါယ်ပေါ်အောင် စကားပြေဖြင့် ရေးသားဖော်ပြပေးပါမည်။





ဂျာနယ်တွင်ဖော်ပြထားသော သတင်းမှာ သံလျင်ဖားကူးရွာမှ သတင်းဖြစ်သည်။

ထိုရွာမှာနေသော မမြတင်ဆိုသူမှာ ကိုယ်ဝန်အရင့်အမာရှိသော အချိန်မှစပြီး သားစိမ်းငါးစိမ်းများသာ စားသောက်လိုသော ချင်ခြင်းဆန္ဒရှိနေသဖြင့် အခြားသူများက မသင့်လျော်ကြောင်း တားမြစ်ရလေသည်၊

သို့သော် လူလစ်သောအချိန်မှာတော့ ၎င်းဆန္ဒရှိသည့်အတိုင်း ခိုးယူစားသောက်နေဟန်ရှိသည်။

တစ်နေ့တော့ နေ့စေ့လစေ့ရောက်သဖြင့် ကလေးမွေးရန်ပြင်သောအခါ အရပ်လက်သည် (ဝမ်းဆွဲသည်)ကို ခေါ်ကာ မွေးကြလေသည်။

ကလေးမွေးဖွားရန် ဝမ်းဆွဲသည်က ကလေးကို ဆွဲထုတ်ရန်ပြင်သောအခါ အထုတ်မခံပဲ ဝမ်းဆွဲသည်လက်ကို သွားဖြင့်ကိုက်သဖြင့် ဒဏ်ရာရရာ ဆက်မလုပ်ပံ့တော့သဖြင့် ပြန်သွားလေသည်။

သို့ဖြင့် အခြားတစ်ယောက်ခေါ်ပြီး မွေးပြန်တော့လည်း လက်ကို အကိုက်ခံရပြန်သဖြင့် ပြန်ပြေးရပြန်သည်။ နောက်ထပ်တစ်ယောက်ခေါ်ပြန်တော့လည်း ယခင်နှစ်ယောက်ကဲ့သို့ပင် လက်ပေါက်မတတ် အကိုက်ခံရပြန်သဖြင့် ပြန်သွားရပြန်ရာ ကလေးမွေးပေးမည့် ဝမ်းဆွဲသည်မရှိတော့ပေ။

သို့ကြောင့် သက်ဆိုင်သူတို့က ကိုယ်ဝန်သည်ကို သံလျင်ဆေးရုံသို့ပို့ပေးကြရပေသည်။ ဆေးရုံသို့ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က နားကြပ်ဖြင့်နားထောင်ကြည့်ရာ ဗိုက်ထဲမှ 'တောက်' ခေါက်သံ ကြားရပြန်လေသည်၊

ဆရာဝန်က သားရေလက်အိတ်ကိုစွပ်ပြီး ကလေးကို ထုတ်ယူပြန်လေရာ အထုတ်မခံပဲ သားရေလက်အိတ်ကို ဆီးကိုက်ပြန်လေသဖြင့် နောက်ဆုံးဗိုက်ခွဲပြီး ထုတ်ယူရလေတော့သည်။

အပြင်သို့ရောက်သောအခါ နီရဲနေသော မျက်လုံးက အပြင်သို့ပြူးထွက်နေပြီး ပါးစပ်ထဲမှအစွယ်နှင့်သွားများက အပြင်သို့ ထွက်နေသည်ကို တွေ့ကြရလေသည်။

ဆရာဝန်ကတော့ မွေးဖွားပေးပြီး ထိုကလေးကို သက်ဆိုင်သူများလက်သို့ အပ်ပေးလိုက်ရာ နောက်ပိုင်းတော့ သတင်း မကြားရတော့ပေ။

ထိုသတင်းက ဂျာနယ်တွင်ပါသော သတင်းဖြစ်ပြီး၊ သတင်းစာမှာ ရေးသားဖော်ပြထားသည့် နောက်ထပ်သတင်း တစ်ပုဒ်က ပိုပြီးကြောက်စရာကောင်းလှပေသည်။

ထိုသတင်းကိုတော့ သတင်းတစ်ပုဒ်အနေဖြင့် ပြန်လည် မဖော်ပြတော့ပဲ ဝတ္ထုရေးသားသောဟန်ဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြပေးပါမည်။

ထိုအဖြစ်အပျက် ဖြစ်ပွားခဲ့သောနေရာမှာ ပဲခူးတိုင်း သနပ်ပင်မြို့နယ်၊ ဘလောက်ရွာ၌ဖြစ်သည်။ ထိုရွာ၌နေသော ကိုကုလားနှင့် မနီဆိုသည့် လင်မယားနှစ်ယောက်မှာ ဆင်းရဲကြသည်။ နှစ်ယောက်စလုံး စရိုက်ကြမ်းကြပြီး ကြုံရာကျပန်း





အလုပ်များ လုပ်ကိုင်စားသောက်ကြသည်။ ကိုကုလားက အရက် ကို စွဲစွဲမြဲမြဲ သောက်သူဖြစ်ပြီး နွားသတ်သမားတစ်ဦးလည်း ဖြစ်သည်။

တစ်နေ့တော့ နွားသတ်ပြီးပြန်လာစဉ် အပမှီပြီးသောင်း ကျန်းနေသောကြောင့် ရွာလူကြီးများက ပရိတ်ရေဖျန်းကာ ပရိတ် ကြိုးဖြင့် ချည်ပေးတော့မှ ငြိမ်သွားလေသည်။ မနီမှာ ကိုယ်ဝန် အရင့်အမာရှိနေသည်။

ထိုသို့ကိုယ်ဝန်ရင့်လာတော့မှ ဘယ်လောက်စားစား အသားမဖြစ်တော့ပဲ တစ်နေ့တခြား အရိုးပေါ်အရေတင်ကာ ပိန်ချုံးကျလာတော့သည်။

ထိုကဲ့သို့ လူရုပ်မပေါ်တော့ပဲ ကမ္မဋ္ဌာန်းရုပ်ကဲ့သို့ ပိန် ချုံးကျလာသော်လည်း အစားအသောက်ကတော့ မလျော့ပေ၊ တွေ့သမျှ အကုန်စားလေသည်။

ထိုအခါ ယောကျ်ားဖြစ်သူက ပြောသည်။

"နင့်ဟာ ဖုတ်များဝင်နေရော့သလား၊ ခါတိုင်းထက် တောင်ပိုစားနေသေးတယ်၊ လူကလည်း အရိုးပေါ်အရေတင်နေ ပြီ"

ထိုသို့ပြောသောအခါ ဘာမှပြန်မပြောပေ။

နောက်တစ်ရက်မှာတော့ မနီတစ်ယောက် ရုတ်တရက် သေဆုံးသွားလေသည်။

ထိုအခါ ဝမ်းဆွဲသယ်များက လူကြီး သေပြီးသော်လည်း ဗိုက်ထဲမှာရှိသော ကလေးက မသေပဲရှိနိုင်ကြောင်း ပြောသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဗိုက်ခွဲကြည့်ကြလေသည်။

ဗိုက်ထဲတွင် ဗိုက်ဖောင်းနေပြီး သွားနှင့်အစွယ်များ ထွက်နေသော ဘီလူးလေးကိုတွေ့ရသည်။

ထိုဘီလူးလေးက မျက်စိမှိတ်ကာ သေချင်ဟန်ဆောင် နေလေသည်။

ဘီလူးကိုတွေ့ရတော့မှ မနီဘာကြောင့် သေရသည်ကို သိကြရလေတော့သည်။

မိခင်ဖြစ်သူမနီ၏ ဝမ်းဗိုက်ထဲမှာရှိသော ကလီစာအ ချို့နှင့် အသွေးအသားတို့မှာ ဘာမှမရှိတော့ပေ။

အသွေးအသားများ ခမ်းခြောက်နေပြီး အရိုးနှင့်အရေ သာ ကျန်တော့သည်။

ဗိုက်ထဲမှာရှိသော ဘီလူးလေးကတော့ စိုပြည်ကြီးထွား ပြီး ဝမ်းဗိုက်မှာလည်း ဖောင်းနေလေသည်။

ဘီလူးလေးလည်း သေနေပြီထင်သောကြောင့် လူကြီး ရောကလေးပါ သုသာန်သို့သွားကာ မြှုပ်နှံလိုက်ကြလေသည်။ နှစ်ရက်သုံးရက်ကြာတော့မှ နားလည်သောဆရာတစ်ဦးက မေး သည်။

"မင်းတို့ ဘီလူးလေးကို ဘယ်လိုမြှုပ်လိုက်ကြသလဲ"

"ဒီအတိုင်းပဲ မြေကျင်းတူးပြီး မြှုပ်ထားခဲ့တာပဲ"

"ဒီလိုမြှုပ်ခဲ့လို့ မပြီးဘူး၊ တကယ်လို့ ဘီလူးမှန်ရင် ခုနစ် ရက်ပြည့်တာနဲ့ ပြန်ထလာလိမ့်မယ်၊ အဲဒီလိုပြန်ထလာပြီးရင် တစ်ရွာလုံး ဘီလူးစားလို့သေကုန်ကြလိမ့်မယ်"





"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"အလောင်းကိုပြန်ဖော်ပြီးတော့ သုံးပိုင်းပိုင်းပစ်ရမယ် အဲဒီလိုပိုင်းပြီး တစ်ပိုင်းစီကို တစ်နေရာစီခွဲမြှုပ်မှသေမှာ"

ဟုပြောသဖြင့် သုသာန်သို့ တစ်ခေါက်ပြန်သွားကာ မြှုပ် ထားသောအလောင်းကို ပြန်ဖော်ကြည့်ကြသည်။

သူတို့ မြှုပ်ထားခဲ့စဉ်က အလောင်းမှာ ပက်လက်အနေ အထားဖြစ်သော်လည်း ယခုပြန်တူးကြည့်တော့ ဘေးစောင်း အနေအထား ဖြစ်နေပြီး တစ်ကိုယ်လုံးလည်း အမွေးများ ထွက် ပြူနေလေသည်။

သို့ဖြင့် သုံးပိုင်းပိုင်းရန် ပေါက်တူးဖြင့်အပေါ်သို့ ဆွဲ ဆင်လိုက်သောအခါ မျက်လုံးတစ်ချက် ဖွင့်ကြည့်လေသည်။ မျက်လုံးမှာ နီရဲနေသောကြောင့် နံဘေးမှာရှိနေသူများပင် လန့် ဖျပ်ပြီး နောက်သို့ဆုတ်သွားကြသည်။

အရက်မူးနေသော ကိုကုလားကတော့ ထွေထွေထူးထူး တွေးမနေတော့ပဲ ဓားဖြင့် သုံးပိုင်းပိုင်းဖြတ်လိုက်သည်။

ကိုယ်မှထွက်လာသော သွေးများမှာ သွေးစိမ်းရှင်ရှင် များဖြစ်ပြီး ကလေးဝမ်းဗိုက်ထဲမှ မိခင်၏အူ၊ အသည်း၊ နှလုံးများ ကို စားသောက်ထားသော အပိုင်းအစအချို့ကိုလည်း တွေ့ကြရ သည်။

သုံးပိုင်းခွဲပြီး မြေမြှုပ်ပါက ပြန်ဆက်ပြီးထလာမည်ကို စိုးကြသဖြင့် မီးရှို့ဖျက်ဆီးပစ်လိုက်ကြသည်။

ညဘက်ရောက်တော့ ကိုကုလားမှာ အရက်မူးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေစဉ် အိမ်မက်,မက်လေသည်၊ အိပ်မက်ထဲမှာ ဘိုးလူး တစ်ကောင်က ရောက်လာပြီး ကြိမ်းမောင်းပြောဆိုလေသည်၊

"နင်တို့ကံကောင်းလို့သာ ငါ့လက်က လွတ်သွားကြ တယ်မှတ်ပါ၊ ငါလာတုန်းက တစ်ရွာလုံး စားမလို့လာခဲ့တာ"

ဟုပြောဆိုကြိမ်းမောင်းပြီး ပျောက်ကွယ်သွားလေတော့ သည်။

ထိုအဖြစ်အပျက်များမှာ သတင်းစာမှာရေးသားဖော်ပြ ခဲ့သော အကြောင်းအရာအချို့ပင်ဖြစ်ပေသည်။

ကျွန်ုပ်သည် ထိုသတင်းနှစ်ပုဒ်ကို ဖတ်ပြီးသည့် နောက် တွင် လေးလေးနက်နက် စဉ်းစားရမည့်အကြောင်းအရာများ ပေါ်လာလေတော့သည်။







# အခန်း(၂)

## ဂမ်အကြောင်းတရားတို့နှင့် ဆက်နွယ်မှုများ

ကျွန်ုပ်သည် လူတစ်ယောက်၏ဝမ်းထဲသို့ ဝင်စားသော ဘိုးလူးအပါအဝင် တိရစ္ဆာန်များအကြောင်းကို တွေးတောနေမိ သည်။ လူနှင့်တိရစ္ဆာန် မည်ကဲ့သို့သော ဆက်စပ်မှုကြောင့် ထိုကဲ့ သို့သော ဝင်စားမှုမျိုး ပြုလုပ်နိုင်သည်ကို သိချင်နေသည်။

ကျွန်ုပ်တို့ငယ်စဉ်က မှတ်မှတ်ရရ (၁၉၅၇)ခုနှစ်လောက် က ဖြစ်မည်ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က တောရွာတစ်ရွာမှာ ကိုယ်ဝန်သည် အမျိုးသမီးတစ်ယောက်မှ အချိန်တန်၍ မီးဖွားသောအခါ လူမမွေးပဲ ငါးများကဲ့သို့ ဥအိတ်ကြီးတစ်လုံး မွေးလေသည်။

လက်သည်က ထိုအိတ်ကို ရေမြွှာအိတ်ထင်သဖြင့်. . ဖောက်ကြည့်သောအခါ အတွင်းမှ ငါးအရှင်ခုနစ်ကောင် တွေ့ရလေသည်။ ထိုငါးများမှာ ရေချိုရေငန်စပ်၌နေသော 'ငါးရောင်' များဖြစ်သည်။

လက်သည်က ထိုငါးများကို ရေရှိသော အင်တုံတစ်လုံးထဲသို့ထည့်သောအခါ ကူးနေလေသည်။

လူက လူနှင့်ပုံသဏ္ဌာန်တူသော ဘီလူးကိုမွေးသည်က မထောင်းတာသော်လည်း ပုံသဏ္ဌာန်ရော အသွင်ပါမတူသည့် ရေသတ္တဝါငါးကို မွေးသည်က အံ့သြစရာဖြစ်ပေသည်။

ထိုအကြောင်းများကို ဂယနဏ သိလိုသဖြင့် ဆေးကျမ်းများကို ရှာဖွေဖတ်ရှုရာ မန္တလေးမြို့မှ သမားတော်ကြီးတစ်ဦး ရေးသားပြုစုသော ဆေးကျမ်းတစ်စောင်တွင် မိခင်ချင်ခြင်း စိုးကပ်မှုဖြင့် သန္ဓေသားပြောင်းလဲမှုရှိကြောင်း တွေ့ရလေသည်။

ပဋိသန္ဓေတည်နိုင်ခြင်း၏ အကြောင်းအင်္ဂါများကို ဖော်ပြပါဦးမည်။

ဗုဒ္ဓနှင့်သာဝကတို့၏ အလိုတော်ကျဖြစ်သော ပဋိသန္ဓေတည်နိုင်ခြင်း၏ အကြောင်းအင်္ဂါများမှာ. . .

➤ "မာတာပီတရောစ သန္နိပတိတာဟောန္တိ"

မိဘနှစ်ပါးတို့သည် ကိလေသာ၏အစွမ်းဖြင့် အတူ





တကွ ပေါင်းဆုံစုဝေးမိခြင်း။

➤ "မာတာစဥတုနီဟောတိ"

မိခင်ဖြစ်ထိုက်သူ၌လည်း ဥတုပန်းပွင့်ပြီးစ ရပ်စဲပြီး (၇-ရက်၊ တစ်နည်း ၁၅ ရက်)အတွင်းဖြစ်၍ သားအိမ်သန့်ရှင်းစင်ကြယ်ခိုက်ဖြစ်ခြင်း။

➤ "ဂန္ဓဗ္ဗောစ ပစ္စုပဋ္ဌိတောဟောတိ"

သတ္တဝါဖြစ်ထိုက်သော ပုဂ္ဂိုလ်သည်လည်း မိခင်သို့ ရှေးရှုအာရုံပြုသောအားဖြင့် အသင့်တည်ရှိနေခြင်းဟု သုံးပါးရှိ၏။

ဖော်ပြပါ အင်္ဂါသုံးပါးတို့နှင့် ပြည့်စုံပါက မုချပဋိသန္ဓေတည်နိုင်လေသည်။

အထက်ပါ အင်္ဂါသုံးပါးတို့တွင်. . .

♥ အမှတ်(၁) အင်္ဂါဖြင့် မိဘနှစ်ပါးတို့ မေထုန်မှုကို ပြုကျင့်မှုသာမဟုတ်။ ကိလေသာ၏ အစွမ်းဖြင့် ပေါင်းဆုံစုဝေးမိလျှင်ပင် ပဋိသန္ဓေတည်နိုင်ကြောင်း သိရပါသည်။

မေထုန်မှုပြုကျင့်ခြင်း၊ ကိုယ်လက်နှီးနှောခြင်း၊ သုက်သွေးအချင်းချင်းပေါင်းစပ်ခြင်း စသည်တို့သည် သန္နိပတိတာ၏ သဘောတို့ဖြစ်သည်။

♥ အမှတ်(၂) အင်္ဂါဖြင့် မိခင်၏ သားအိမ်တွင်း၌ ဥတုရာသီသွေးတည်းဟူသော အညစ်အကြေးများကင်းစင် သန့်ရှင်းနေခြင်းကို ရည်ရွယ်၍ ဟော်တော်မူခြင်းဖြစ်၏။

"မာတာစဥတုနီဟောတိ" ဟူသော စကားသည် 'သိမ်ပူ



www.burmeseclassic.com

www.burmeseclassic.com



...ကားဖြစ်၍ ဥတုလာဆဲကို မယူရပါ။ ဥတုလာပြီးစ သားအိမ်သန့်ရှင်းစင်ကြယ်နေသော အခိုက်အတန့်ကို ယူရမည်။

ဗုဒ္ဓစာပေတို့အရ ဥတုပန်းရပ်စဲပြီးနောက် (၇)ရက်အတွင်းကို (ဂဗ္ဘဂ္ဂဟဏသမယ)ကိုယ်ဝန်ယူနိုင်သည့် အချိန်ဟုသတ်မှတ်ကြောင်း မှတ်သားရပါသည်။

အမရိတ သာဂရဋီကာ၌ကား ဥတုသွေးရပ်စဲပြီး၊ ရေချိုးပြီး(၃)ရက်မြောက်မှ (၁၂)ရက်အတွင်းကို "ဗီဇဒါနသမယ" ကိုယ်ဝန်မျိုးစေ့ကို ယူချိန်၊ ပေးချိန်ဟု ပြဆိုထားသည်။

သိပ္ပံနည်းကျ ဆေးကျမ်းတို့၌ ဥတုပန်းမပွင့်မီ (၄)ရက်နှင့် ဥတုပန်းပွင့်ပြီးနောက် (၇)ရက် အတွင်းကို ကိုယ်ဝန်ယူချိန်ဟု သတ်မှတ်ကြ၏။

အထက်ပါ အယူအဆသုံးမျိုးကို ညှိနှိုင်းပေါင်းစပ်လျက် ဥတုပန်းပွင့်ပြီးနောက် (၇)ရက်၊ တနည်းအားဖြင့် (၁၅)ရက်အတွင်းကို ပဋိသန္ဓေယူနိုင်သည့်အချိန် (ဂဗ္ဘဂ္ဂဟဏသမယ)ဟု ဖော်ပြခြင်းဖြစ်သည်။

♥ အမှတ်(၃) အင်္ဂါဖြင့် ကံတည်းဟူသော သင်္ခါရကမ္ဘာကြီး၌ လှည့်လည်ကျက်စားသွားလာနေရသော သတ္တဝါဖြစ်ထိုက်သူတစ်ဦးတစ်ယောက်သည် အတိတ်ဘဝ၌ တည်လျက်ပင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တည်းဟူသော အာရုံသုံးပါးတို့တွင် တစ်ပါးတစ်ပါးကို အာရုံပြု၍ ပဋိသန္ဓေဟူသော ဘဝသစ်ဥပပါဒ်သို့ ရှေးရှုရပ်တည်နေသည်ကို ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်သည်။





အနီးအနားရှိ သဏ္ဌာန်ဖြပ်ထင်ရှားပြု၍ ရပ်တည်နေခြင်းကို မဆိုလိုပေ။

ဖော်ပြပါ အင်္ဂါသုံးပါးတို့တွင် တစ်ပါးပါးပျက်ကွက်ပါကပဋိသန္ဓေမတည်နိုင်ပေ။

ဂဗ္ဘလက္ခဏာနှင့်ပတ်သက်၍ အာယုဗ္ဗေဒကျမ်းတို့၌အောက်ပါအတိုင်း ပြဆိုထားပေသည်။

သားအိမ်တွင်းသို့ ရောက်သောသုက်၊ ရာဇဓာတ်နှင့် (၁၆)ပါးသော ဝိကာရတို့ယှဉ်သော ပကတိကို (ဂဗ္ဘ) "ကိုယ်ဝန်" ဟုခေါ်၏။

အခါအလျောက် ကြီး၍ကြီး၍လာသော ဂဗ္ဘကိုပင် အကြင်အခါ၌ အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံ၏။ ထိုအခါ၌. . ၄င်းဂဗ္ဘကိုပင် "သရီရ" ဟု ခေါ်လေသည်။

ဂဗ္ဘ၌ဇီဝ ဝင်ရောက်ပုံမှာ အကြင်အခါ၌သုက်သွေးနှင့်ဥတုသွေးတို့သည် ပေါင်းယှဉ်ရောနှောခဲ့၏။ ထိုအခါ၌ ဇီဝသည်ထိုသို့ပေါင်းယှဉ် ရောနှောသောသုက္ကနှင့် ရဇအတွင်းသို့ ဝင်ရောက်၏။

ဥပမာကား. . .

နေရောင်နှင့် သူရိယကန္တမဏိတို့ ပေါင်းဆုံမိခြင်းကြောင့် မီးသည် ဖြစ်ပေါ်လာဘိသကဲ့သို့ ထို့အတူပင် သုက်သွေးနှင့် ဥတုသွေးတို့ ပေါင်းဆုံမိခြင်းကြောင့် "ဇီဝ" ခေါ်အသက်ဝိညာဉ် ဖြစ်ပေါ်လာသည်။

ယနေ့ သိပ္ပံပညာရှင်တို့၏ ဝါဒအားဖြင့် ပဋိသန္ဓေတည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခြင်း၏ ယေဘုယျအကြောင်းအင်္ဂါများကို စိစစ်သော် သုံးမျိုးတွေ့နိုင်သည်၊

- မိဘနှစ်ပါးတို့ မေထုန်မှုပြုကျင့်ခြင်း။
- မိခင်၌ သားအိမ်သန့်ရှင်းစင်ကြယ်ခြင်း။
- မိဘနှစ်ပါးတို့၏ ခန္ဓာကိုယ်အတွင်းရှိ သားမျိုးစေ့များသည် (Cell) သိုလှောင်ထားရာ မျိုးစေ့အိမ်မှတစ်ဆင့် (Fallopian Tube) ခေါ် ပြွန်ချောင်းပိုက်လိုင်းဖြင့် သားအိမ်တွင်းသို့ လာရောက်၍ အောင်မြင်စွာပေါင်းဆုံမိခြင်းဟူ၍ ဖြစ်ပေသည်။

မိန်းမတို့၏ သားမျိုးစေ့များကို သိုလှောင်ထားသည့် မျိုးစေ့အိမ်မှ လစဉ်ရာသီပန်းမပွင့်မီ (၁၂)ရက် (သို့မဟုတ်) (၁၄) ရက်လောက်၌ မှည့်ကျက်လာပြီး မျိုးစေ့လမ်းကြောင်းမှ တစ်ဆင့် သားအိမ်တွင်းသို့ ဆင်းလာတတ်၏။ ထိုသို့ဆင်းသက်လာခိုက် အောင်မြင်သော သားမျိုးစေ့များသည် အဘ၏သားမျိုးစေ့နှင့် ပေါင်းဆုံပါက ပဋိသန္ဓေဖြစ်သွားလေသည်။

အဘ၏ သားမျိုးစေ့နှင့် မပေါင်းဆုံရသော်လည်း ကောင်း၊ သားအိမ်ဝ၏ အပြင်သို့ရောက်ရှိသွားသော်လည်း ကောင်း၊ ပဋိသန္ဓေကို မဖြစ်စေနိုင်ပဲ အလိုအလျောက်ပျက်စီးသွားကြပေသည်။

သို့ဖြစ်၍ ဗုဒ္ဓဝါဒနှင့် သိပ္ပံနည်းကျ အယူအဆတို့ကို နှိုင်းနှော၍ပေါင်းစပ်လေ့လာကြည့်သော် အမှတ်(၁)နှင့်(၂) အင်္ဂါများမှာ တူနေသည်ကို တွေ့ရပေမည်။

အမှတ်(၃)အင်္ဂါသည်သာ ထူးခြားနေ၏။





ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်တည်းဟူသော ပညာမျက်စိဖြင့် ကြည့်ရှုတော်မူ၍ အာရုံအကြောင်းအရာကို ပဓာနထားပြီး တတိယအင်္ဂါကို ဟောကြားတော်မူခဲ့ပေသည်။

သိပ္ပံပညာရှင်တို့ကား၊ မံသမျက်စိ မိုက်ကရိုစကုပ် (Microscope) စသော သိပ္ပံကိရိယာတို့ဖြင့် ကြည့်ရှု၍ အာရမ္မဏိကအကျိုးတရားကို ပဓာနထားပြီး တတိယအင်္ဂါကို ဖော်ထုတ်ကြ၏။

စေတနာတည်းဟူသော အကြောင်းတရားသည် ပညာမျက်စိ၏အရာသာ ဖြစ်သည်။

အထက်ပါအင်္ဂါ (၃)မျိုးတို့ကို ဓမ္မတာသဘာဝအားဖြင့် ပဋိသန္ဓေယူကြကုန်သော ဂဗ္ဘသေယျကတို့အားသာ ရည်ညွှန်းဖော်ပြထားခြင်းဖြစ်ကြောင်း သိအပ်၏။

ဓမ္မတာသဘာဝမှ ထူးကဲဖောက်ပြန်သောအားဖြင့် ဗုဒ္ဓစာပေတို့လာ ပဋိသန္ဓေ(၄)မျိုးနှင့် ပဋိသန္ဓေတည်နိုင်ခြင်း၏ အကြောင်းရှစ်ပါးတို့လည်း ရှိပေသေးသည်။

ယနေ့ သိပ္ပံနည်းအားဖြင့် မဟော်မုန်းနှင့် ဖိုဟော်မုန်းနှစ်မျိုးတို့ကို ပေါင်းစပ်လျက် မေထုန်မဲ့သားစပ်နည်းများ တီထွင်အောင်မြင်လျက်ရှိနေသည်။

ကိုယ်ဝန်တည်ကြောင်း (၈)ပါးရှိပေသည်။

(၁) မိဘနှစ်ပါးတို့ မေထုန်ပြုကျင့်ခြင်း။
(၂) မိဘနှစ်ပါးတို့ ရာဂစိတ်ဖြင့် ကိုယ်လက်နီးနှောခြင်း။
(၃) အဝတ်ပုဆိုးစသည်တို့၌ ကပ်ငြိနေသော သုက်ကို



www.burmeseclassic.com

www.burmeseclassic.com



စုပ်ချခြင်း (သို့မဟုတ်) အင်္ဂါဇာတ်၌ ထည့်သွင်းခြင်း။

(၄) အဘလက်ဖြင့် အမိ၏ချက်ကို သုံးသပ်ခြင်း။

(၅) အဘ၏သုက်ကို အမိဖြစ်သူက သောက်မျိုခြင်း။

(၆) ယောက်ျား၏အဆင်းကို ရာဂစိတ်ဖြင့်ကြည့်ရှုခြင်း။

(၇) ယောက်ျား၏အသံကို ရာဂစိတ်ဖြင့် နားထောင်ခြင်း။

(၈) ယောက်ျား၏အနံ့ကို ရာဂစိတ်ဖြင့် နမ်းရှုခြင်း။

ဖော်ပြပါ အကြောင်းရှစ်ပါးတို့တွင် တစ်ပါးပါးကို လွန်ကျူးမိပါကလည်း သန္ဓေတည်နိုင်ကြောင်း သာရတ္ထဒီပနီဋီကာ၌ ပြထားလေသည်။

ပဋိသန္ဓေရှိခြင်း၏ လက္ခဏာများကိုလည်း လေ့လာသိရှိနိုင်ရန် ဖော်ပြပါသည်။

မိန်းမတို့၌ ကိုယ်ဝန်ရှိ၊ မရှိသိနိုင်သော အမှတ်အသားလက္ခဏာများမှာ (၁၀)မျိုးရှိပေသည်။

(၁) လစဉ်လာနေကျဖြစ်သော ဥတုသွေးများ ရပ်စဲသွားခြင်း။

(၂) ရက်သတ္တ(၂)ပတ် (၃)ပတ်အတွင်း မအီမသာရှိတတ်ခြင်း။

(၃) ပျို့ခြင်း၊ အန်ခြင်း၊ တံတွေးများခြင်း။

(၄) နဖူးဆံစတို့ ခြောက်ခြင်း။

(၅) နှုတ်ခမ်းများကွဲအက်တတ်ခြင်း။

(၆) အိပ်ရာမှထသော် ရုတ်တရက်မူးဝေတတ်ခြင်း။

(၇) ကိုယ်ဝန်ကာလ (၂)လ၊ (၃)လခန့် ရရှိပါက





ရင်သားများ ကြီးထွားတောင့်ခိုင်လာခြင်း၊ ယောနို၊ ဆီးခုံများ ပြည့်ဖြိုးလာခြင်း။

(၈) (၃)လမှ အထက်ကာလရှိသော် ဝမ်းဗိုက်တဖြည်းဖြည်း ကြီးထွားလာခြင်း၊ အထိုင်အထလေးလံထိုင်းမှိုင်းခြင်း။

(၉) လေးလခွဲကာလ ကိုယ်ဝန်ရှိချိန်ခန့်မှစ၍ သားအိမ်တွင်းမှ သူငယ်လှုပ်ရှားလာတတ်ခြင်း၊ မိခင်ဖြစ်သူ၌ ချင်ခြင်း တတ်ခြင်း၊ မိခင်ဖြစ်သူ၌ ချင်ခြင်းများဖြစ်ခြင်း၊ နို့ကြောများသန်စွမ်းလာခြင်း။

(၁၀) မိခင်၏ သွေးတိုးနှုန်းအားသည် (လည်မျိုချိုင့်အတွင်းရှိ သွေးကြောကို စမ်းသပ်ကြည့်ပါက) သားသူငယ်အားလည်း ပေးနေရခြင်းကြောင့် တစ်နာရီလျှင် အပတ်(၆၀) မလျှော့နိုင်ဘဲရှိခြင်း။

ဖော်ပြပါ လက္ခဏာ(၁၀)မျိုးတို့ကို တွေ့ရှိပါက အဆိုပါ အမျိုးသမီးတွင် ပဋိသန္ဓေရှိနေပြီဟု မှတ်ယူရပါမည်။

ဆက်လက်ဖော်ပြမည့်အကြောင်းအရာမှာ မိခင်ဖြစ်သူ၏ ချင်ခြင်းနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများ ဖြစ်ပါသည်။

ကိုယ်ဝန်ရှိသည့် မိခင်သည် စတုတ္ထမြောက်လ၌ (ဒေါဟဠိနီ)ခေါ် ချင်ခြင်းဖြစ်ပေါ်လာတတ်သည်။

ထိုသို့ ချင်ခြင်းဖြစ်ပါလျက် မိခင်က မထေမဲ့မြင် မေ့မေ့လျော့လျော့နေမိပါက သန္ဓေသားဖွားမြင်သည့်အခါ ခန္ဓာကိုယ်ကွေးသော၊ ကောက်သော၊ ခွင်သော၊ ပုသော၊ ကွသော၊ မျက်စိဖောက်ပြန်၍ စောင်းစွေသော အဆင်းအင်္ဂါလက္ခဏာတို့ရှိသော



www.burmeseclassic.com

www.burmeseclassic.com



သား သမီးကို မွေးဖွားတတ်လေသည်။

ဆိုစဉ်ကာလက မိခင်၏ချင်ခြင်းကို ပြည့်စုံအောင် ဖြ သစ်ပေးမည်ဆိုပါက ဘုန်းပညာနှင့်ပြည့်စုံသော သားထူး သား မြတ်ကို မွေးဖွားတတ်ပေသည်။

မိခင်၏ချင်ခြင်းမှာလည်း သန္ဓေတည်သော သား/သမီး ၏စိတ်ဓာတ်နှင့် စရိုက်သဘာဝကို မူတည်၍ အမျိုးမျိုးရှိတတ် ကြောင်း ဆက်လက်ဖော်ပြပါမည်။

ချင်ခြင်းအမျိုးမျိုးမှာ. . .

♦ မိခင်လောင်းဖြစ်သောသူသည် ရှင်ဘုရင်ကို မြင်တွေ့ ခြင်း၊ ခစားခြင်းတို့ ဖြစ်ပါက ဘုန်းကံကြီးမားသော သတို့သားကို မွေးဖွားတတ်လေသည်။

♦ မိခင်လောင်းသည် သိမ်မွေ့နူးညံ့သော အဝတ်ပုဆိုးစ သည့် အဆင်တန်ဆာတို့ကို ဆင်ယင်ဝတ်စားလိုသော ချင်ခြင်း ဖြစ်ခဲ့သော် အဝတ်ကောင်း၊ အဆင်တန်ဆာများကို ကြိုက်နှစ် သက်တတ်သော သား/သမီးကို မွေးဖွားတတ်လေသည်။

♦ မိခင်လောင်းသည် ဘုန်းတော်ကြီးများကို ဖူးမျှော်လို ခြင်း၊ ကျောင်းသင်္ခမ်းများကို သွားရောက်လိုခြင်းဖြစ်ခဲ့သော် အ ကျင့်သီလနှင့်ပြည့်စုံသော သား/သမီးကို မွေးဖွားတတ်လေ သည်။

♦ မိခင်လောင်းသည် နတ်များကို ပူဇော်ပသလိုသော ချင်ခြင်းဖြစ်ခဲ့သော် နတ်ဝန်၊ နတ်ထိမ်း၊ နတ်ကတော်၊ နတ်တို့ ကိုးစားယုံကြည်တတ်သော သား/သမီးကို မွေးဖွားတတ်လေ





သည်။

● မိခင်လောင်းသည် ခြသေ့်၊ ကျားသစ်၊ ကျား၊ မြွေ စ သော တောတွင်းသားရဲတိရစ္ဆာန်များကို မြင်တွေ့ကြည့်ရှုလို သော ချင်ခြင်းဖြစ်ခဲ့သော် သနားညှာတာမှုကင်းမဲ့၍ ရက်စက် ကြမ်းတမ်းသော စိတ်/စရိုက်မျိုးရှိသည့် 'ဘီလူး'ကဲ့သို့သော သားကို မွေးဖွားတတ်လေသည်။

● မိခင်လောင်းသည် ကျွဲသား၊ နွားသားစသည့် ခြေလေး ချောင်းသားမှန်သမျှကို စားလိုသောချင်ခြင်းဖြစ်ခဲ့သော် မျက်စိ နီသော အမွေးအမှင်များစွာပေါက်သော၊ ရဲရင့်ကြမ်းကြုတ်သည့် ဘီလူးစရိုက်ရှိသောသားကို မွေးဖွားတတ်လေသည်။

● မိခင်လောင်းသည် တောတွင်းရှိအခြားသားကောင်တို့ ၏ အသားကိုစားလိုသော ချင်ခြင်းရှိပါက အဆိုပါသားကောင် တို့၏ အလေ့အကျင့်နှင့်တူသည့် တောလည်ခြင်းတို့၌ ဝါသနာ ပါသော မုဆိုးစိတ်အပြည့်အဝရှိသူ သားယုတ်မာကို မွေးဖွား တတ်လေသည်။

ထိုမှတစ်ပါး အရာအထောင်မကသော သက်မဲ့အရာ ဝတ္ထုတို့၌ ချင်ခြင်းအမျိုးမျိုးတို့ ဖြစ်ပေးခဲ့သော် ချင်ခြင်းဖြစ်ပေါ် သည့် အရာ၊ ဝတ္ထု၊ ဒြပ်၊ သားကောင်တို့၏ အလေ့သဘော၊ အကျင့်သဘောတို့ကို ကြည့်ရှုဆင်ခြင်လျက် ထိုမိခင်၏ ချင်ခြင်း နှင့်လျော်ညီသော အကောင်းအဆိုး၊ အယုတ်အမြတ် သား/ သမီးတို့ကို ရရှိစေနိုင်ပေသည်။

အထက်ပါရေးသားဖော်ပြချက်များကို လေ့လာကြည့်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ မိခင်လောင်း၏ စိတ်နှင့် သန္ဓေသား၏စိတ်တို့မှာ ဆက်နွှယ်မှုရှိကြောင်း သိနိုင်ပေသည်။

မိခင်လောင်းက စရိုက်လက္ခဏာ ကြမ်းတမ်းသောကြောင့် သန္ဓေသား၏ စရိုက်လက္ခဏာတို့ ကြမ်းရသည်မျိုးရှိကြသလို ဝမ်းထဲမှာလွယ်ထားရသော သန္ဓေသားက ဘီလူးကဲ့သို့ စရိုက်လက္ခဏာတို့ကြမ်းနေပါက မိခင်လောင်း၏ စရိုက်ကြမ်းတမ်း ခက်ထန်လာသည်မျိုး ရှိရသည်ကိုလည်း တွေ့ရပေသည်။

မည်သို့ပင်ရှိစေ. . .

ရှေးအတိတ်ဘဝက ကံအကြောင်းကြောင့်ပင်ဖြစ်စေ ယခုအစပြုသော ကံအကြောင်းများကြောင့်ပင်ဖြစ်စေ၊ ထိုကံအကြောင်းတရားတို့၏ ရိုက်ခတ်မှုများကြောင့်ပင်ဖြစ်စေ၊ အကျိုးတရားများကတော့ ဖြစ်ပေါ်ကြရပေသည်။ မိခင်နှင့်သန္ဓေသားလောင်းတို့၏ စိတ်ချင်းဆက်သွယ်မှု အကြောင်းတရားချင်း ပတ်သက်မှုများအကြောင်းကို အခြေခံပြီး ယခုရေးသားသော ဝတ္ထုအကြောင်းအရာများလည်း ပေါ်ပေါက်လာခဲ့ရပေသည်။





# အခန်း(၃)

# လူ့ခင်ခစ်မှ ပြိတ္တာဘဝ ရောက်နေသူ

ထူးဆန်းအံ့သြဖွယ်ကောင်းလှသော၊ ပြောပြလျှင် မယုံကြည်စရာကောင်းလှသော အဖြစ်အပျက်တို့သည် နေရာအနှံ့အပြား၌ ဖြစ်ပျက်နေကြလေသည်။

ထိုအကြောင်းများကို တွေ့ကြုံသူတို့က ပြောပြသောအခါ ကြားရသူတို့က မယုံကြည်နိုင်လောက်အောင် ဖြစ်ကြရသည်။ ...း ကြီးပစ်သည်ကို အပူအအေးကြောင့်ဖြစ်သော လျှပ်စီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဘင်ဆင့် ပစ်သည်ဟု သိပ္ပံသမားများက ဆိုကြလေသည်။

သို့ဆိုလျှင် သဘာဝမဖြစ်သော မိုးကြိုးသည် သဘာဝ အကြောင်း ပစ်ချရမည်သာဖြစ်၏။

မှန်သင့်သလောက်မှန်သော်လည်း ကျွန်ုပ်ကြုံခဲ့ဖူးသော အဖြစ်အပျက်တစ်ခုမှာ အတော်ပင်ဆန်းကြယ်လှသည်။

မော်လမြိုင်ကျွန်းမြို့အောက်ပိုင်း တောရွာတစ်ရွာတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုဖြစ်သည်။ (ရွာအမည်နှင့် လူကိုတော့ ပြောင်းလဲရေးသားထားပါသည်)

လမုတောရွာ၌ နက်ကျော်ဆိုသူ လူတစ်ယောက်ရှိ သည်။ ၎င်းသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး၊ ငါးဖမ်း သောအလုပ်၊ သားသတ်သောအလုပ်ဖြင့် အသက်မွေးမေ သည်။ အချိန်နှင့်အမျှ အရက်မူးအောင်သောက်ပြီး ပေပေတေ တေ နေသူဖြစ်သည်။

သူတွင် မိန်းမမရှိတော့ပဲ အသက် (၆၀)အရွယ်ခန့်ရှိ သော မိခင်အိုကြီးနှင့် (၁၆) နှစ်ခန့်အရွယ်ခန့် သမီးတစ်ယော ရှိသည်။

မိခင်ကြီးက ဘုရားရှိခိုးလျှင် နက်ကျော်က မနှစ်သ ပေ။

"ခင်ဗျားက အားအားရှိ ဒီအလုပ်လုပ်နေမှတော့ ငါ့ လို့ဘယ်မှာရတော့မှာလဲ၊ လုပ်ကျွေးနေတာကို အေးအေးမ ချင်ဘူး"

ဟုပြောဆိုပြီး အိုးခွက်ပန်းကန်များကို ရိုက်ခွဲသေ





ကြောင့် မိခင်ဖြစ်သူမှာ ဘုရားမရှိခိုးဝံ့တော့ပေ။

ဘုရားစာ တရားစာရွတ်ချင်လျှင်သော်မှ သူမရှိတော့မှ သုပ်ဝံ့လေသည်။

တစ်ညမှာတော့ နက်ကျော်သည် အရက်မူးလွန်နေရာ မှ သမီးအရင်းဖြစ်သူကို သားမယားအဖြစ် ပြုကျင့်လေတော့ သည်။ သမီးဖြစ်သူက ရှက်သဖြင့်မည်သူ့ကိုမှ မပြောဝံ့သဖြင့် နောက်ပိုင်းမှာတော့ သမီးအရင်းကို မယားအဖြစ်ထားကာ ပေါင်းသင်းဆက်ဆံလေသည်။

မိုးဦးကျရာသီရောက်သောအခါ. . နက်ကျော်တစ် ယောက်တဲမိုးရန်အတွက် ဓနိမိုးပေါ်ရောက်နေလေသည်။

ထိုအချိန်တွင် မိုးခြိမ်းသံတစ်ချက်ကြားလိုက်ရသည်။ ရွာထဲမှာရှိသော တဲအတော်များများမှာလည်း အိမ်အမိုးအကာ များပြုပြင်ရန် အပြင်ရောက်နေသော ရွာသူရွာသားအချို့လည်း ရှိနေကြသည်။

မိုးခြိမ်းသံကြားရပြီး မရှေးမနှောင်းမှာပင် ထိုအသံကြား ရာဘက်မှ ထန်းသီးလုံးခန့်ရှိသော နီနီအလုံးကြီးတစ်လုံး ပျံဝဲ လာသည်ကို အားလုံးမြင်တွေ့ကြရသည်။

ထိုအလုံးကြီးမှာ နေဝင်ခါနီး တွေ့မြင်ရသော နေဝန်း ကြီးလိုလို၊ မီးလုံးကြီးလိုလို နီမွှဲချည်မြင့်ချည်ဖြင့် ပျံလာနေခြင်း ဖြစ်၏။

အချို့ကလည်း စုန်းမီးတောက်စားသည်ဟု ထင်မှတ်သ ဖြင့် မျက်ခြည်မပြတ် လှမ်းကြည့်နေကြသည်။ ထိုမီးလုံးကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



နှာငယ်ဘက်မှာ ဝင်လာခြင်းဖြစ်ပြီး ရွာတစ်လျှောက်လုံးမှာရှိသောလူအတော်များကို ဒုက္ခမပေးပဲ ၎င်းတို့ခေါင်းပေါ်မှ ဖြတ်ကျော်သွားလေသည်။

နောက်ဆုံး အိမ်ခေါင်းမိုးပေါ်ရောက်နေသည့် နက်ကျော်ခေါင်းပေါ်တည့်တည့်သို့ ရောက်သောအခါ 'ဒိုင်း'ခနဲ ပစ်ချလိုက်လေတော့သည်။

နက်ကျော်တစ်ယောက် မိုးကြိုးပစ်ခံရသည်ဆိုသောသတင်းကိုကြားသောအခါ တစ်ရွာလုံး သွားကြည့်ကြသည်၊ နက်ကျော်မှာ တစ်ကိုယ်လုံး မီးသွေးတုံးကဲ့သို့ လောင်ကျွမ်းနေပြီး ဦးခေါင်းတည့်တည့်၌ ပေါက်ပေါက်ပေါက်ကြီး ဖြစ်နေသည်ကို တွေ့ကြရသည်။

မိုးကြိုးလုံးက ပစ်ရမည့်သူကို တစ်နေရာပြီးတစ်နေရာ လိုက်ရှာနေပြီး သက်ဆိုင်သူတွေ့တော့မှ ပစ်ချသောအဖြစ်အပျက်မှာ အံ့သြဖွယ်တော့ ကောင်းသည်။

သိပ္ပံနည်းအရ သဘာဝအလျောက် ဖြစ်သည်ဆိုလျှင် ပစ်ချင်ရာပစ်၊ ကျချင်ရာကျမည် ဖြစ်သော်လည်း လူအများထဲမှ သက်ဆိုင်သူကိုမှ ရွေးချယ်ပစ်သော ဖြစ်ရပ်ကတော့ ထူးဆန်းလှပေသည်။

ထိုအကြောင်းမှာ အံ့သြဖွယ်ရာကောင်းသော အဖြစ်အပျက်တစ်ခုကို သာဓကအနေဖြင့် ပြောပြခြင်းဖြစ်ပေသည်။

အထက်၌ ရေးသားခဲ့သည့်အတိုင်း ထိုကဲ့သို့သော ထူးဆန်းအံ့စရာကောင်းသော အကြောင်းအရာတို့မှာ မြို့များ၌ဖြစ်





သည်ထက် ကျေးလက်တောရွာများတွင် ဖြစ်ပျက်မှု ပိုများလေသည်။

ကျေးလက်တောရွာများမှာထက် လူသူအရောက်အရောက်အပေါက်နည်းလှသော တောတောင်များထဲတွင် ပိုမိုအဖြစ်များလေသည်။

မြန်မာနိုင်ငံတွင် အရှေ့အနောက်နှင့် တောင်မြောက်ဒေသတို့တွင် သစ်တောကြီးများရှိကြသည်။

အရှေ့ဘက်တွင် ရှမ်းတောင်တန်းကြီးများနှင့် သစ်တောကြီးများရှိသည်။

အနောက်ဘက်တွင် ချင်းတောင်တန်းကြီးများ ရခိုင်ရိုးမတောင်တန်းကြီးများနှင့် သစ်တောကြီးများရှိကြသည်။

ချင်းတောင်တန်းကြီးများတွင် ပေပေါင်း တစ်သောင်းကျော်(၁၀၂၀၀)မြင့်သော ဝိတိုရိယတောင်တန်းကြီးရှိသည်။ ချင်းပြည်နယ် အလယ်ပိုင်းလောက်၌သာ လူနေအိမ်ခြေများသောရွာနှင့် မြို့များရှိကြသော်လည်း မြောက်ပိုင်းဘက်မှာတော့ မရှိတော့ပေ။

နော်ကိုဗန်တောင်နှင့် ကယ်နယ်ဒီ တောင်မြင့်ကြီးနှစ်လုံးကြားမှာတော့ မှိုင်းညို့နေသည့် သစ်တောကြီးများ ရှိကြလေသည်။

ထိုသစ်တောကြီးများထဲတွင် အမှီပြုနေကြသော ရွာအချို့လည်း ရှိကြလေသည်။

ထိုရွာများထဲတွင် ထမီးရွာလည်း တစ်ရွာပါဝင်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ထမ်းရွာမှာ အိမ်ခြေ (၅၀)ခန့်ရှိသော ရွာကြီးတစ်ရွာဖြစ်ပြီး နေထိုင်သူအများစုမှာ ချင်း၊ ကချင်၊ နာဂ၊ နှင့် မြန်မာအချို့ ပါဝင်လေသည်။

ထိုရွာများမှာ နေထိုင်ကြသူတို့မှာ တောတောင်များကို အမှီပြုပြီး ဝမ်းစာရှာဖွေစားသောက်ကြသည်။ နေရာအတော်များများမှာတော့ တစ်နိုင်တစ်ပိုင် ဘိန်းစိုက်ပျိုးကြသည်။

ဘိန်းသည် ၎င်းတို့အတွက် ဆေးဝါးအသုံးအဆောင်တစ်ခုဖြစ်သည့်အပြင် ပိုလျှံသောဘိန်းများကို ရောင်းချပါက ဝင်ငွေရသဖြင့် တောင်တန်းဒေသမှာ နေထိုင်ကြသူ အတော်များများ ဘိန်းစိုက်ကြခြင်းဖြစ်သည်။

မြန်မာပြည်ကို သိမ်းပိုက်အုပ်ချုပ်နေကြသော အင်္ဂလိပ်အစိုးရကလည်း ထိုနေရာများသို့ မရောက်နိုင်ကြသဖြင့် လျစ်လျူရှုထားလေသည်။

အင်္ဂလိပ်တို့က တောင်တန်းဒေသများမှာ နေထိုင်ကြသော ကချင်၊ ချင်းစသော ဒေသခံတိုင်းရင်းသားများအား ခရစ်ယာန်ဘာသာကို ယုံကြည်သက်ဝင်မှုရှိစေရန်၊ ခရစ်ယာန်ဘာသာဝင်များ တဖြည်းဖြည်းများပြားလာစေရန် ရည်ရွယ်ချက် ကြီးကြီးဖြင့် ပြုလုပ်ကြသော်လည်း၊ ဘိန်းစိုက်ပျိုးခြင်းကို ဟန့်တားခြင်း မပြုကြပေ။

ထိုကဲ့သို့ လျစ်လျူရှုထားရသော အကြောင်းမှာ နှစ်ချက်ရှိပေသည်။

တစ်ချက်က ဒေသခံများမှာ သူတို့လုပ်လိုသောအလုပ်





များ အနှောင့်အယှက်မရှိပဲ လုပ်ကိုင်ရလျှင် အခြားမည်သည့်ဘိစ္စကိုမှ စိတ်မဝင်စားတော့ပေ။

နောက်တစ်ချက်ကတော့ ဘိန်းစွဲပြီး လူညွှန့်တုံးနာလန်မထူနိုင်စေရန် ရည်ရွယ်ချက်ဖြစ်သည်။ ထိုသို့ဖြစ်မှ သူတို့ကိုခေါင်းလှန်တော့ပဲ သူတို့သဘောကျ ခြယ်လှယ်အုပ်ချုပ်နိုင်မည်ဖြစ်ပေသည်။

နယ်ချဲ့တို့၏ ကြောက်စရာကောင်းပြီး၊ ရက်စက်ယုတ်မာသော အကြံအစည်တို့မှာ ရိုးသားကြသည့် တောင်တန်းဒေသများအပေါ်မှာတော့ အကျိုးသက်ရောက်မှု အတော်ရှိခဲ့ပေသည်။

အင်္ဂလိပ်များ, သိမ်းပိုက်အုပ်စိုးထားစဉ်က တောင်တန်းဒေသမှာနေထိုင်သူအတော်များများ ဘိန်းစိုက်ပျိုးခဲ့ကြသည်။ ထမ်းရွာမှာလည်း ဘိန်းစိုက်ခင်းအချို့ရှိသည်။

ဘိန်းစိုက်သောနေရာမှာ မြေဩဇာကောင်းမွန်ပြီး နေရောင်ခြည် အတန်အသင့်ရသော တောင်စောင်းဒေသများတွင်မည်သည့်နေရာမဆို စိုက်ပျိုး၍ရနိုင်လေသည်။

အချို့ကလည်း ဘိန်းမစိုက်ပဲ ဂျုံ၊ ဆန်၊ ပဲနှင့် အခြားအသီးအနှံများ စိုက်ပျိုးစားသောက်ကြသည်။ အချို့ကျတော့ တောထဲဝင်ပြီး အမဲလိုက်ခြင်း၊ ငါးရှာခြင်းများ ပြုလုပ်ကြသည်။

အချို့လူရွယ်များကတော့ ဘိန်းသယ်သောအဖွဲ့များမှာ ဝင်ရောက်ကာ အထမ်းသမားအဖြစ် လုပ်ကြသည်။

အထမ်းသမားများမှာ သိပ်မပင်ပန်းဘဲ အစားအ



www.burmeseclassic.com

www.burmeseclassic.com



ဆောင် အဝတ်အစား ကောင်းကောင်းရသဖြင့် လူငယ်လူရွယ် အများစုက သဘောကျကြသည်။

ထို့ထက်ပို၍ သဘောကျစရာကောင်းသော အချက်ကတော့ ယုံကြည်စိတ်ချပါက သေနတ်ပစ်တတ်အောင် သင်ပေးပြီး သေနတ်ကိုင်ခွင့်ပေးထားခြင်းပင် ဖြစ်ပေသည်။

တောတောင်ထဲမှာ နေရာအနှံ့မှာ ဘိန်းဝယ်ယူပြီး သယ်ယူနေကြသည့် အဖွဲ့အတော်များများရှိကြသည်။ တောထဲမှာ အချင်းချင်းတွေ့လျှင် လုသတ်ပြီး ပစ္စည်းပါယူသွားလေ့ရှိရာ ဘိန်းသယ်သူတို့မှာ လက်နက်အင်အား၊ လူအင်အားတောင့်တင်းဖို့ လိုပေသည်။

တစ်နေ့တော့ ထမီးရွာဘက်သို့ ဘိန်းဝယ်ယူရန်လာသောအဖွဲ့တစ်ဖွဲ့မှာ ရွာနှင့်မနီးမဝေး တောင်ကြားတစ်နေရာရောက်သောအခါ ကြောက်စရာကောင်းသော အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ကြရလေသည်။

ထိုအဖွဲ့တွင် ထမီးရွာမှ အထမ်းလိုက်သွားသော ရွာခံအချို့လည်း ပါလာလေသည်။

ထိုအဖွဲ့ကို ခေါင်းဆောင်လာသူမှာ ပန်စိုင်းဆိုသူဖြစ်သည်။ တောင်ကြားနေရာသို့ရောက်တော့ ထမီးရွာသား ရွှေမိုးက ပြောသည်။

"ဒီတောင်ကြားက ကြမ်းတယ်"

"ဘယ်လိုကြမ်းတာလဲ"

"လူကြီးတွေပြောတာ ဒီတောင်ကြားမှာ မြေဖုတ်ဘီလူး





တွေရှိတယ်လို့ ပြောတယ်"

"ဒါတွေ ငါမယုံဘူး၊ ငါတို့မှာ သေနတ်တွေပါတာပဲ အနှောင့်အယှက်တွေ့ရင် သေနတ်နဲ့ ပစ်မှာပေါ့"

"ဘီလူးတွေကို သေနတ်နဲ့ ပစ်လို့မရဘူး"

"ဘာဖြစ်လို့လဲ သူတို့မှာ သေနတ်ပြီးတဲ့ဆေး ရှိလို့လား"

ပန်စိုင်းကမေးသောအခါ ရွှေမိုးလည်း ဘာမှပြန်မပြောတတ်တော့သဖြင့် ငြိမ်သွားလေတော့သည်။

ယခုလာသော အဖွဲ့မှာ (၁၅)ယောက်ခန့်ရှိသည်။

ရွာခံနယ်ခံ တစ်ယောက်နှစ်ယောက် လောက်သာပါပြီး ကျန်လူများက ရပ်ဝေးမှဖြစ်ကြသည်။

၎င်းတို့အဖွဲ့သည် စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ ညနေစောင်းအချိန်လောက်တွင် တောင်ကြားလမ်းအတွင်းသို့ ရောက်လာကြသည်။

ရွှေမိုးက ထိုတောင်ကြားထဲမှာ မြေဖုတ်ဘီလူးများ ရှိသည်ဆိုသဖြင့် သေနတ်များကို အဆင်သင့်ပြင်ပြီး သတိနှင့်လာကြသော်လည်း ထူးထူးခြားခြား ဘာမှမတွေ့ကြရပဲရှိလေသည်။

တောင်ကြားအလွန် တစ်နေရာရောက်တော့မှ အော်သံ ကြားရလေသည်။

"ကယ်တော်မူကြပါ. . ကယ်တော်မူကြပါ. . ."

ထိုအော်သံကြောင့် ခြေလှမ်းများ တုံ့သွားကာ နားစွင့်သိကြလေသည်။ အော်သံကြားရသောနေရာက သူတို့ရောက်နေသောနေရာနှင့် မနီးမဝေးမှဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်တော့ ထိုနေရာဘက်မှ အလင်းရောင်အချို့ ဖြာထွက်နေသည်ကို တွေ့ကြရသည်။

"အလင်းရောင်တွေလည်း တွေ့တယ်. .၊ လူအော်သံလည်းကြားရတယ်. . သွားကြည့်ကြမလား"

"မကြည့်ပါနဲ့. . အချိန်မရှိတော့ဘူး၊ ကိုယ့်လမ်းကိုယ်သွားတာ ပိုကောင်းမယ်ထင်တယ်"

"တောထဲမှာ အလင်းရောင်တွေ တွေ့ရတာ နည်းနည်းထူးဆန်းတယ်၊ သွားကြည့်ကြရအောင်"

ခေါင်းဆောင်လုပ်သူက စိတ်အားထက်သန်စွာဖြင့် ရှေ့မှသွားလေရာ ကျန်လူများလည်း မနေဝံ့ကြတော့ပဲ နောက်မှလိုက်သွားကြရသည်။

"ကယ်တော်မူကြပါ. . ကယ်တော်မူကြပါ. ."

အော်သံကြားသော နေရာရောက်တော့. . . လူတစ်ယောက်ကို တွေ့ရလေသည်။

ထိုသူမှာ ဂူပေါက်ဝတစ်ခုအနီးမှာ ရပ်နေပြီး သူ့နောက်ဘက်မှာရှိသော ဂူပေါက်ဝမှ အလင်းရောင်အချို့ ထွက်နေခြင်းဖြစ်သည်။

ပန်စိုင်းက သေနတ်ဖြင့်ချိန်ကာ အသေအချာ ကြည့်လိုက်လေသည်။

ထိုလူ၏ကိုယ်ပေါ်မှာ မည်သည့်အဝတ်အစားမှ မရှိတော့ပေ။ ဆံပင်မွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများက ရှည်လျားစွာဖြင့် မျက်နှာတစ်ခုလုံး ဖုံးအုပ်ကာ ရင်ဘတ်ပေါ်အထိ





ကျနေလေသည်။

လူ၏ကိုယ်ခန္ဓာက ထွားကျိုင်းသော်လည်း ခြေနှစ်ဖက်၊ သက်နှစ်ဖက်တို့က လုံးဝလှုပ်ရှားမရတော့ဟန်ဖြင့် တွဲလောင်းကျနေသည်။

သူ့နောက်ဘက်မှာရှိသော ဂူပေါက်ထဲမှ မီးထွန်းထားသကဲ့သို့ အလင်းရောင်များ ဖြာထွက်နေသည်။

"မင်း ဘယ်သူလဲ"

"ဒုက္ခသည်တစ်ယောက်ပါ ကယ်ကြပါ"

"ဘယ်လိုဖြစ်နေတာလဲ"

"ခြေထောက်တွေက ကျောက်ဖြစ်ပြီး နေရာက ရွှေ့လို့မရတော့လို့ပါ"

"ဟင်. . ."

ထိုစကားကြောင့် အားလုံးအံ့သြသွားကြလေသည်။

လှမ်းကြည့်လိုက်တော့ သစ်ရွက်များဖုံးနေသည်က တစ်ကြောင်း. မှောင်နေသည့်ကတစ်ကြောင်း. . မမြင်ရပေ။

သို့သော်. . ပန်စိုင်းက စိတ်မဝင်စားပေ။

"မင်းနောက်က ဂူထဲကအလင်းရောင်တွေ ထွက်နေတာ ဘာတွေလဲ"

"ဒီဂူထဲမှာ စိန်တုံးတွေရှိတယ်"

"ဟင်. . ဟုတ်လို့လား"

"ဟုတ်ပါတယ်ကွာ မယုံရင်ဝင်ကြည့်ကြပေါ့"

သူကသာဝင်ကြည့်ပါဟု ပြောနေသော်လည်း သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်ဝမှာ ပိတ်ရပ်နေသောကြောင့် မဝင်သာပေ။

"မင်းဖယ်ပေးပါ၊ ငါတို့ဝင်ကြည့်မယ်"

"ငါ့ခြေထောက်တွေကမှ လှုပ်လို့မရနိုင်တာ ဘယ်လို လုပ်ဖယ်မလဲကွာ"

ထိုသို့ပြန်ပြောရာ ပန်စိုင်းက စိက်မြန်လက်မြန်ဖြင့် သေနတ်ဖြင့် ပစ်လိုက်လေသည်။

"ဒိုင်း . . ဒိုင်း . ."

တိတ်ဆိတ်နေသော အချိန်ဖြစ်သဖြင့် သေနတ်သံများ က ကျယ်လောင်စွာဖြင့် ပဲ့တင်ထပ်သွားလေသည်။

ကျည်ဆံထိမှန်သောသူက ရင်ဘတ်တွင် ဟောင်း လောင်းပေါက်ဖြစ်သွားသော အပေါက်နှစ်ပေါက်ကို ငုံ့ကြည့် နေရင်းမှ ဇက်ကျိုးကျသွားလေသည်။

"သေပြီ . . အခုမှ ဝဋ်ကျွတ်သွားတော့တယ်၊ တိရစ္ဆာန် တို့ ဒုက္ခသည်တို့ဆိုတာ လူချွတ်ပေးမှ ကျွတ်တာ၊ ကဲ . . အဲဒီ လူကို ဘေးကိုဖယ်လိုက်ကြစမ်းကွာ ငါတို့အထဲဝင်ကြည့်ကြရ အောင်"

ဟုပြောသဖြင့် သတ္တိကောင်းသောနှစ်ယောက် ရှေ့တိုး သွားပြီး သေဆုံးနေသူကို တွန်းဖယ်လိုက်သည်။

သို့သော် တစ်ချက်ကလေးမှ နေရာမရွေ့သဖြင့် ခြေ ထောက်ရှိသော နေရာကို ငုံ့ကြည့်လိုက်ကြသည်။

သူပြောသွားသည့်အတိုင်းပင်။

ခြေထောက်နှစ်ချောင်းစလုံးမှာ ကျောက်သားများ ဖြစ်





နေသောကြောင့် နေရာရွှေ့မရတော့ပေ။

"ခြေထောက်မှာ ကျောက်တွေစွဲနေတယ်"

"ဒါဖြင့် လွတ်တဲ့နေရာက ဓားနဲ့ဖြတ်ပစ်လိုက်ကွာကြာ သိုက်တာ"

ဟုပြောသဖြင့် တစ်ယောက်က ကြောက်ကြောက်လန့် လန့်ဖြင့် ခါးမှာချိတ်ဆွဲထားသော ဓားကို ဆွဲထုတ်ပြီးခြေထောက် ကို ခုတ်ဖြတ်လိုက်သည်။

"ဒုတ် . . ဒုတ် . . ဒုတ် . ."

သို့သော် သားရေတုံးကို ဓားဖြင့်ခုတ်နေရသကဲ့သို့ တဒုတ်ဒုတ်နှင့်သာ အသံမြည်နေသော်လည်း မပြတ်ပေ။

ထိုအချိန်မှာပင် ဇက်ကျိုးကျနေသူက တဖြည်းဖြည်းနှင့် ခေါင်းထောင်လာသည်။

ဓားခုတ်နေသူ ဦးခေါင်းကို ဖမ်းကိုင်လိုက်သည်။

"အောင်မယ်လေးဗျ လုပ်ကြပါဦး"

မမျှော်လင့်သော မြင်ကွင်းကြောင့် အားလုံးအံ့အားသင့် သွားကြသည်။

နောက်မှ သတိရလာပြီး သေနတ်ဖြင့် ဝိုင်းပစ်ကြသည်။

မရတော့ပေ။

ဘီလူးတစ်ကောင်ကဲ့သို့ ကြောက်စရာကောင်းသော သူက သူ့လက်ထဲမှာ ဖမ်းမိထားသောလူကို ကုပ်ချိုးသတ်လိုက် လေတော့သည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်များ ဖြစ်သောအချိန်မှာ ဂူအတွင်းမှ ဖြာထွက်နေသည့် အလင်းရောင်များလည်း ပျောက်သွားလေတော့သည်။ ပန်စိုင်းတို့အဖွဲ့လည်း ထိုအခြေအနေကို မြင်သောအခါ ကြောက်လန့်တကြားဖြင့် ထိုနေရာမှ ထွက်ပြေးကြရလေသည်၊

တကယ်တော့ သူတို့တွေ့ခဲ့ရသည့်သူမှာ ဝဋ်ကြွေးမကုန်မချင်း ခံနေရသော လူစင်စစ်မှ ပြိတ္တာဘဝ ရောက်နေရသောသူတစ်ယောက်ဖြစ်ကြောင်း သိရလျှင် ထိုထက်ပိုပြီး ကြောက်ရွံ့စရာဖြစ်တော့သည်။





# အခန်း(၄)

## သရဲတောင်ကြားမှ ပြိတ္တာများ

လူစင်စစ်မှ ပြိတ္တာဘဝရောက်နေသည်ဟု ရေးသားသောအခါ ဖတ်ရသည့်သူက အံ့ဩစရာတော့ ဖြစ်ပေလိမ့်မည်။ ...အဖြစ်မျိုးကရှိသော်လည်း အတော်ပင်ရှားသော၊ တွေ့ရမြင်ရ...သော အကြောင်းအရာများပင် ဖြစ်သည်။ အကုသိုလ် များ...သောကြောင့် လူစင်စစ်မှ သရဲဘဝရောက်သွားသော 'အင်းရဲ ...သူကြီး' အကြောင်း၊ 'လေးကျွန်းကိုင် ကွင်းပိုင်မိစ္ဆာနက်ကျော်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတို့မှာ သာဓကအနေဖြင့် ရှိခဲ့ကြသည်။

ထို့ပြင် လူစင်စစ်မှ တစ်ပွဲစား (သရဲ) ဘဝရောက်သူ လည်း ရှိကြသည်။

နွားသတ်သမား၊ ဝက်သတ်သမားများမှာလည်း ထို့ သို့ပင် လူဘဝမှမပြောင်းခင်မှာပင် တစ္ဆေသရဲဘဝရောက်သွား ကြသူအကြောင်းများကို ရှေးကဆိုခဲ့သော ပရလောကမှတ်တမ်း များတွင် တွေ့ကြရပေမည်။

ထိုအကြောင်းများကို ကျွန်ုပ်ရေးသားသော ဝတ္ထုများ တွင် အတော်များများထည့်သွင်း ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ယခုရေးသားမည့်အကြောင်းမှာ လူဘဝမှ အသွင်မပြောင်းဘဲ ပြိတ္တာဘဝ ရောက်ရသူတစ်ယောက်အကြောင်းကို သာဓကအ နေဖြင့် ထည့်သွင်းရေးသားမည်ဖြစ်ပါသည်။

ထိုဝတ္ထုမှာ မြတ်စွာဘုရား ဟောကြားတော်မူသော ငါးရာ့ငါးဆယ် နိပါတ်တော်များထဲမှ အဋ္ဌကနိပါတ်၊ ကစ္စာနီဝဂ် ကဏ္ဍြီယဇာတ်မှ ကူးယူဖော်ပြပေးခြင်းဖြစ်ပါသည်။

ထိုအကြောင်းကို စာရေးဆရာကြီး ဝဏ္ဏသိရိမှ ‘မသေ ခင် အရှင်လတ်လတ်’ အမည်ဖြင့် ရေးသားခဲ့ပါသည်။

ထိုကဏ္ဍြီယဇာတ်၌ ဘုရားအလောင်းတော် သရဘင် ရှင်ရသေ့၏ တပည့်ကြီးခုနစ်ပါးတို့တွင်ပါဝင်သော နာရဒရသေ့ သည် ချောမောလှပသည့် ပြည့်တန်ဆာမတစ်ယောက်ကို မက်စွဲလမ်းမိ၍ ဈာန်သမာပတ်မှ လျှောကျရ၏။ ပြည့်တန်ဆာ မကိုစွဲလမ်းစိတ်ဖြင့် မစားနိုင်၊ မအိပ်နိုင်ဖြစ်ရ၏။





ဤအဖြစ်ကို နောင်တော်ဖြစ်သော ကာဠဒေဝီလရသေ့က ဈာန်စွမ်းအားဖြင့် သိမြင်၍ ညီတော့်ထံလာ၍ တရားပြသော် လည်း ညီတော်သည် တရားမရပေ။

နောင်တော်တစ်ပါးတည်းဖြင့် မစွမ်းနိုင်သဖြင့် ဆရာတူ တပည့်ကြီးများဖြစ်ကြသော သာလိဿရ ရသေ့နှင့်မဏ္ဍိဿရ ရသေ့များကပါ လာ၍ကူညီဖျောင်းဖျကြရ၏။

တပည့်ပေါင်း တစ်ထောင်ကျော်ကို ဆိုဆုံးမ၍လာခဲ့ကြ သော ထိုရသေ့ဆရာကြီးများသည် နာရဒရသေ့ကိုကား မည်သို့ မှတရားချ၍ မရနိုင်သဖြင့် တပည့်ကြီးအားလုံးက ဆရာဖြစ်သူ သရဘင်္ဂရှင်ရသေ့ကို ပင့်ဆောင်ကြရလေတော့သည်။

ဘုရားအလောင်းတော် သရဘင်္ဂရှင်ရသေ့သည်. . . တပည့်ဖြစ်သူ နာရဒရသေ့ထံလာ၍. . အမျိုးမျိုးသော တရား ဒေသနာတို့ကို ဟောပြောဆုံးမသည်။

သို့ပါလျက် နာရဒရသေ့က ခေါင်းမာမြဲ ခေါင်းမာနေ သဖြင့် သရဘင်္ဂရသေ့က မသေခင် အရှင်လတ်လတ် ပြိတ္တာဘဝ ကျရောက်နေရပုံကို ထုတ်ဖော်ဟောကြားရပါသည်။

သရဘင်္ဂရှင်ရသေ့ ဟောပြောပြသည့် ဇာတ်လမ်းမှာ ဤသို့ဖြစ်သည်။

ရှေးအခါက သိဝိတိုင်းကြီးတစ်ခုလုံးကို စိုးမိုးအုပ်ချုပ်ရ သဖြင့် သိဝိမင်းဟူ၍ အမည်တွင်ခဲ့သော ဘုရင်တစ်ပါးရှိ၏။

သိဝိမင်းသည် ရွှေနန်းတော်ထက်၌ မည်သည့်အရာ မဆို လိုရာရနိုင်သော လောကစည်းစိမ်ချမ်းသာကို ခံစားနေရပါ



www.burmeseclassic.com

www.burmeseclassic.com



လျက် တောလိုက်ဝါသနာထုံ၏။ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားသော ပွဲတော်စာထက် လောလောလတ်လတ် မီးကင်ထားသော သမင်သားကို ပိုမို၍သဘောကျ၏။

သိဝိမင်းကိုယ်တိုင်က နှစ်ခြိုက်စွာ မွှန်မွှန်မြတ်မြတ်ထား၍ သမင်သားကို သုံးဆောင်နေသဖြင့် စားဖိုမှူးတို့ကလည်း . . မင်းကြီး၏ ပွဲတော်စာတွင် သမင်သားမပြတ်ရအောင် အထူးဂရုစိုက်၍ ရှာဖွေကာ ချက်ကြပါ၏။

သို့ရာတွင် မုဆိုးစိတ်ဓါတ်ကိန်းဝပ်နေပြီဖြစ်သော သိဝိမင်းကတော့ ထိုအသားများဖြင့် အားရတင်းတိမ်ခြင်း မရှိသေးပါ၊ ကိုယ်တိုင်စွမ်းအားဖြင့် ပစ်ခတ်၍ရရှိထားသော သမင်သားကိုမူ အားရပါးရ စားချင်စိတ် ပြင်းပြလာသည်။

သို့ဖြစ်၍ သိဝိမင်းသည် တိုင်းပြည်အုပ်ချုပ်ရေးတာဝန်အဝဝကို အမတ်များထံအပ်နှံထားလိုက်ပြီးလျှင် လက်နက်လေးများတို့ကို ကိုယ်နှင့်မကွာယူဆောင်လျှင် ဟိမဝန္တာတောကြီးသို့ ဝင်လာခဲ့လေသည်။

ဟိမဝန္တာတောကြီးထဲတွင် သူသည်လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနိုင်၏။ မနုဿလူသားဟူ၍ လုံးဝမရှိတော့သဖြင့် သူ့ကို တားမြစ်နိုင်မည့်သူ မရှိတော့ပြီ။ ဖျောင်းဖျောင်းဖျ တရားပြမည့်သူလည်း မရှိတော့ပြီ။ ရှင်ဘုရင်တစ်ပါး၏ အဆောင်အယောင်များကိုလည်း အသုံးပြုရန် မလိုအပ်ပြီ။

သိဝိမင်းသည် တောထဲရှိ လက်လှမ်းမီရာ သမင်ကို ပစ်ခတ်သတ်ဖြတ်ကာ သွေးသံရဲရဲနှင့် သမင်သားကို မီးကျီးခဲရဲ





ဗျ ကင်ကာ ညှော်နံ့သင်းသင်းနှင့် စား၏။

သိဝိမင်းသည် နေ့စဉ်နှင့်အမျှ သမင်များကိုပစ်ခတ်သတ်ဖြတ်လာခဲ့သဖြင့် ပစ်စရာသားကောင်များ ရှားပါးလာသည့်အခါတွင်ကား တောနက်ရာဘက်သို့ တိုး၍ဝင်လေ၏။

ဤသို့ဖြင့် တောနက်သည်ထက် နက်ရာသို့ရောက်လာသည်တွင်သူသည် လူတို့၏ဘာသာစကားဖြင့် အော်ဟစ်ညည်းညူသံကို ကြားလိုက်ရလေသည်။

ထိုအသံသည် တကယ့်မနုဿ လူသားတစ်ယောက်၏ အသံမျိုးဖြစ်၏။ ပြင်းထန်လွန်းလှသည့် ဝေဒနာဒဏ်ကိုအံကြိတ်၍စုံမှိတ်ပြီးသည်းခံနေရာမှ နောက်ဆုံးတွင် မခံမရပ်နိုင်အောင်ဖြစ်လာ၍ အော်လိုက်ရ၊ ဟစ်လိုက်ရသည့် အသံမျိုးနှင့်တူပေသည်။

သိဝိမင်းသည် တောချုံများကို ဖြဲဝင်တိုးဝှေ့လျက် ထိုအသံကြားရာဆီသို့ လျှောက်လာခဲ့ရာ ဝါးသုံးရိုက်လောက်အကွာဘွင် ထိုအသံရှင်ကို တွေ့လိုက်ရသဖြင့် အထိတ်တလန့်ဖြစ်သွားရ၏။

သိဝိမင်းသည် ရုတ်တရက်ကြောက်စိတ်ဖြစ်ပေါ်ပြီးနောက်မှ မကြောက်လန့်လေဟန် ကြွေဆည်ပြီးလျှင် . . .

"အို . . အချင်း၊ သင်လည်းမနုဿလူသားတစ်ယောက်ပဲကိုး၊ ဘာကြောင့်များ ကယ်ပါယူပါ အော်ဟစ်နေရတာလဲ"

အသံရှင်သည်လည်း မေးမြန်းသူ၏လေသံနှင့် မျက်နှာအနေအထားကိုကြည့်ကာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်လာခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တင်ဦးဖြစ်ကြောင်း သဘောပေါက်လေသဖြင့်. . .

"မှန်ပါတယ် အရှင်မင်းကြီး၊ ကျွန်ုတော်မျိုးလည်း စော စောတုန်းက အရှင်မင်းကြီးပြောလိုက်တဲ့အတိုင်း မနုဿလူသား တစ်ယောက်ဖြစ်ခဲ့ပါသည်၊ အခုတော့ ဘုရားကျွန်တော်မျိုးကို မနုဿလူသားလို့ ခေါ်လို့မရနိုင်တော့ပါဘူး၊ ပြိတ္တာဘဝရောက် နေရပါပြီ၊ ပြိတ္တာဘဝကျရောက်ရာမှာ သူများတွေက သေဆုံး ပြီးမှရောက်ကြရပါတယ်၊ ဘုရားကျွန်တော်မျိုးကတော့ မသေ ခင်က အရှင်လတ်လတ် ရောက်ခဲ့ရတာပါဘုရား"

ဤသို့ ရိုရိုသေသေ လျှောက်တင်လိုက်သည်။

"အို. . အချင်း၊ သင်ပြောလိုက်တာနဲ့ သင့်ကိုယ်ခန္ဓာနဲ့ က တခြားစီပါလား၊ သင့်ကိုယ်ခန္ဓာဟာ ငါတို့လိုပဲရှိနေတယ် ခေါင်းမွေးတွေက ဖွေးဖွေးလှုပ်၊ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေ က ထိုးထိုးထောင်ထောင်၊ ဒီလိုဖြစ်နေတဲ့ကြားကပဲ သင်ဟာတစ် ချိန်တုန်းက ယောကျ်ားချော ချောခဲ့သူတစ်ယောက်ဖြစ်ခဲ့မှန်း သိသာနေတယ်၊ သင့်ရဲ့ကိုယ်ခန္ဓာကလည်း ပြည့်ပြည့်ဖြိုးဖြိုးရှိ နေတယ်၊ လက်မောင်းတွေ၊ လက်ဖျံတွေကလည်း ဘယ်အလုပ် မျိုးမဆို လုပ်နိုင်လောက်တယ်၊ ဒီလိုအနေအထားမျိုး ရှိနေပါ လျက်နဲ့ ကိုယ့်ကိုယ်ကိုယ် ဘာကြောင့် ပြိတ္တာလို့ဆိုရတာလဲ"

"မှန်ပါတယ် အရှင်မင်းကြီး၊ မျက်မြင်အရတော့ ကျွန် တော်မျိုးဟာ ကျားကျားလျားလျား ယောကျ်ားကြီးတစ်ယောက် ပါပဲ၊ ဒါပေမယ့် အရင်တုန်းက အင်မတန်အပြေးသန်ခဲ့တဲ့ ခြေ ထောက်နှစ်ဖက်ဟာ အခုတော့ လုံးဝလှုပ်ရှားလို့ မရတော့ပါဘူး





. . ဆိုလုပ်ဆောင်နိုင်ခဲ့တဲ့ လက်နှစ်ဖက်ကလည်း အခု နည်း နည်းလေးမှ လှုပ်မရတော့ပါဘူး၊ ပုံစံမပျက်ခန္ဓာကိုယ်က မိမွေး ထိုင်း ဖမွေးတိုင်းရှိနေပေမယ့် အဲဒီခြေထောက်တွေ၊ အဲဒီလက် တွေက ကျွန်တော်မျိုးရဲ့ ခြေတွေ၊ လက်တွေ မဟုတ်တော့ဘူး၊ ကျွန်တော်မျိုးနဲ့ ဘာဆိုဘာမှ မဆိုင်တော့ပါဘူး"

"ဒီလိုဖြစ်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"အသေအချာ မလျှောက်တင်နိုင်တော့ပါဘူးဘုရား၊ သောစောပိုင်းတုန်းက ရာသီဥတုအပြောင်းအလဲကို ကြည့်ပြီး တော့ လတွေ၊ နှစ်တွေ ရေတွက်မိပါသေးရဲ့၊ ရေတွက်ရဖန်များ လာတော့လည်း အားလုံးဝေဝေဝါးဝါး ဖြစ်ကုန်ပါတော့တယ်၊ ဘယ်လိုမှ မျှော်လင့်ချက်မရှိတော့တဲ့ ဘဝဆိုတော့လည်း မှတ် သားနေလည်း အပိုပါပဲဘုရား"

"အေးကွယ်. . ကိုယ်ချင်းစာနာပါတယ်၊ ငါတို့များ နေမ ကောင်း ထိုင်မသာဖြစ်လို့ အိပ်ရာထဲမှာ နှစ်ရက်သုံးရက်လောက် နေလိုက်ရတဲ့ခါ ဆင်းရဲလှတယ်၊ ဒါနဲ့မေးပါရစေဦး. . သင့်မှာ လက်နှစ်ဖက်ရော ခြေနှစ်ဖက်ရော လုံးဝကိုမလှုပ်ရှားနိုင်လေ တော့ ဒီတောထဲက အန္တရာယ်တွေကို ဘယ်လိုကာကွယ်သလဲ"

"အရှင်မင်းကြီး၊ အဲဒီအန္တရာယ်ကောင်တွေက ကျွန် တော်မျိုးကို လက်ဖျားနဲ့တောင် မတို့ကြပါဘူးဘုရား၊ နှုတ်သီး ချွန်ချွန်၊ ခြေသည်းချွန်ချွန်နဲ့ ထိုးဆိတ်စားသောက်တတ်တဲ့. . ငှက်ရဲကြီးတွေကလည်း ကျွန်တော်မျိုးအနားကို မသီလာကြဘူး ဘုရား၊ အသားစားတဲ့ တောရိုင်းသတ္တဝါတွေကလည်း အသည့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ အနံ့ကိုရတာနဲ့ တစ်ပြိုင်နက် နှာခေါင်းရှုံ့ပြီး ထွက်သွား ကြတာပဲ"

"ဒီတော့ သင့်အတွက်အလိုလိုနေရင်း အန္တရာယ်ကင်း နေတော့တာပေါ့"

"အဲဒါက အန္တရာယ်ကင်းတာ မဟုတ်ပါဘူးဘုရား ကျွန်တော်မျိုးအတွက် အတိဒုက္ခခံစားနေရတာကို ကြာသည် ထက်ကြာအောင် လုပ်ထားတာပါ၊ ကျွန်တော်မျိုးရဲ့ ကံကြမ္မာ တမင်လုပ်ထားတာပါ၊ ဒီလိုအသက်ရှည်ခြင်းကတော့ ငရဲသား ရှည်တာမျိုးပါ၊ အသက်ရှည်လေ ပိုပြီးဆင်းရဲလေဖြစ်ပါတယ်"

"သင့်စိတ်ဆန္ဒက ဘယ်လိုရှိနေလို့လဲ"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးရဲ့ စိတ်ဆန္ဒအတိုင်းဆို ရင်တော့ ဒုက္ခတွေခံစားနေရုံကလွဲလို့ ဘာဆိုဘာတစ်ခုမျှ အသုံး မကျတော့တဲ့ ဒီကိုယ်ကောင်ကြီးကို အသားစားတဲ့ ငှက်ရဲကြီး တွေလာပြီး ဆိတ်ကြစမ်းပါစေ၊ ဆွဲကြစမ်းပါစေ၊ သွားစွယ်ဖွေး ဖွေး၊ လျှာတန်းလန်းနဲ့ သားရဲတိရစ္ဆာန်ကြီးတွေကလည်း အုံနဲ့ ကျင်းနဲ့လာပြီး ကိုက်ကြစမ်းပါစေ၊ ဝါးကြစမ်းပါစေ၊ သူတို့တွေ ရဲ့ ရက်စက်မှုဟာ ကျွန်တော်မျိုးအတွက် သက်သာခွင့်ပါဘုရား"

"မောင်မင်းဒုက္ခက မသေးပါလား၊ အဆိုးဆုံးဒုက္ခက ဘာလဲကွဲ့"

"အခုတော့ တောကောင်တွေအားလုံးက တိုင်ပင်ထား ကြသလို တညီတညွတ်တည်း ကျွန်တော်မျိုးကို ဝေးဝေးကရှောင် နေကြလေတော့ ဒီဝဋ်ကောင်ကြီးက ဒီအတိုင်းရှိနေတယ်၊ နေ့





ည်းဒီအတိုင်းခံ၊ မိုးရွာလည်းဒီအတိုင်းခံ၊ နှင်းတွေကျလာ တော့လည်း ဒီအတိုင်း. . ဒီအတိုင်းပါပဲ၊ ရာသီဥတုရဲ့ နှိပ်စက်သ မှုကို မလှုပ်နိုင်မယှက်နိုင် ငုတ်တုတ်ခံနေရတဲ့ဘဝပါ၊ အဆိုးဆုံး ကတော့ အစာရေစာ လုံးဝမစားရတဲ့အဖြစ်ပါပဲဘုရား"

"အေးကွယ်. . . တစ်နေ့နေ့ကျရင်တော့ ကယ်တင်ရှင် ပေါ်လာကောင်းပါရဲ့၊ အခုဆင်းရဲဒုက္ခခံစားရခြင်းရဲ့ အကြောင်း ရင်းကိုရော မောင်မင်းစဉ်းစားမိပါရဲ့လား"

"စဉ်းစားမိပါတယ်ဘုရား၊ တကယ်တော့ဖြင့် ကျွန်တော် မျိုးက မိကောင်းဖခင် သားကောင်းတစ်ယောက်ပါ၊ ကျွန်တော် မျိုးနဲ့ရွယ်တူ မိန်းကလေးများဆိုရင် ကျွန်တော်မျိုးမျက်နှာ တစ်ခါ မြင်ပြီးရင် နောက်တစ်ခါ ထပ်မကြည့်ဘဲ မနေနိုင်ပါဘူး၊ ကျွန် တော်မျိုးက အရုပ်အမောင်းကောင်းသလို အားခွန်ဗလကလည်း ပြည့်ဖြိုးလာခဲ့ပါတယ်၊ ဒီလိုအခြေခံမျိုးနဲ့ လယ်ယာကိုင်းကျွန်း လုပ်ကိုင်ရင်လည်း စီးပွားဖြစ်နိုင်ပါတယ်၊ ဆင်အတတ် မြင်းအ တတ်တွေသင်ပြီး ဘုရင့်အမှုတော်ထမ်းလုပ်ရင်လည်း အလွယ် တကူရနိုင်ပါတယ်၊ အိမ်ထောင်ဖက်အဖြစ်နဲ့ ကျွန်တော်ကသာ လက်ကမ်းမယ်ဆိုရင် ငြင်းပယ်မယ့် အပျိုစင်ရယ်လို့ ရှိမယ်မထင် ပါဘူး"

"ဒါနဲ့များ၊ မောင်မင်းက ဘာတွေလုပ်ခဲ့သလဲ"

"အရှင်မင်းကြီး၊ အဲသလို အခြေခံကောင်းခဲ့တဲ့ကြားကပဲ ကျွန်တော်မျိုးက အကုန်လုံးကျောခိုင်းပြီး ထွက်လာခဲ့တယ်၊ လူတစ်လုံးသူတစ်လုံးဖြစ်နိုင်တဲ့ အခွင့်အလမ်းတွေ အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပစ်ပြီးတော့ အလွယ်လမ်းကို လိုက်ခဲ့မိတယ်၊ လေးနဲ့မြားရယ် မီးခြစ်ကျောက်နဲ့ မီးစာမှုန့်ရရှိရင် ဘာလိုသေးလဲဆိုတဲ့သဘောနဲ့ သောမျော်မှုဆိုးကြီး လုပ်လာလိုက်တာ အခုတော့ အရှင်မင်းကြီး ခြင်တော်မူတဲ့အတိုင်းပါပဲ"

"အခု မောင်မင်းရဲ့ဘဝက အဖြစ်ဆိုးလှသကွယ်"

"အရှင်မင်းကြီး၊ တောထဲက သားသမင်လေးတွေဟာ ဘာသာဘာဝကျက်စားပြီး ပျော်ပျော်မြူးမြူး နေချင်ရှာကြမှာပါ၊ ချမ်းသာခြင်းကို အလိုရှိနေကြတဲ့ သားသမင်လေးတွေကို ကိုယ်ချမ်းသာဖို့ ကျွန်တော်မျိုး မငဲ့မညှာ သတ်ခဲ့မိပါတယ်၊ ရက်ရက်စက်စက်ပဲ သားကောင်ကို မီးကင်ပြီး စားခဲ့မိပါတယ်၊ ကျွန်တော်မျိုးရှို့ခဲ့တဲ့မီးဟာ သားကောင်ကိုသာပူစေတာ မဟုတ်ပါဘူး. .၊ ကျွန်တော်မျိုးရဲ့ ဒုက္ခကောင်ကြီးကိုလည်း အမြဲတမ်းလောင်မြိုက်နေပါတယ်၊ ကျွန်တော်မျိုးရဲ့ဖြစ်အင်ကို ရှုမြင်ပြီးတော့ အရှင်မင်းကြီးလည်း ဆင်ခြင်တော်မူပါဘုရား"

ဤသို့သော လျှောက်တင်စကားများကြောင့် သိဝိမင်းသည် သတိသံဝေဂရရှိကာ တိုင်းတော်ပြည်တော်သို့ ပြန်လာခဲ့၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်လေတော့သည်။

အလောင်းတော် သရဘင်ရှင်ရသေ့က ဤဇာတ်လမ်းကို ထုတ်ဖော်ဟောပြောဆုံးမသဖြင့် အချောအလှ ပြည့်တန်ဆာမအတွက် လူထွက်ချင်နေသော နာရဒရသေ့သည်လည်း ဆရာအရှင်၏ ဆုံးမစကားကြောင့် လမ်းကြောင်းမှန်သို့ ပြန်ရောက်လာကြောင်း ကူမြွိယဇာတ်တော်၌ ပြဆိုထားပေသည်။





အရှင်လတ်လတ် ပြိတ္တာကြီးဖြစ်နေရသူမှာလည်း သိဝိမင်းကို သတိသံဝေဂရရှိအောင် သတိပေးစကားပြောကြားရသော ကုသိုလ်ကံကြောင့် ထိုဝဋ်ဒုက္ခမှ လွတ်မြောက်သွားမည်ဟု မှန်းဆမိပေသည်။

အထက်ပါမှတ်တမ်းကို လေ့လာဖတ်ရှုပါက ဝဋ်ကြွေးနှင့် ပြုခဲ့သောကံအကြောင်းတရားတို့ကြောင့် မသေခင်ဘဝမပြောင်းခင်ကတည်းက ပြိတ္တာဘုံဘဝ ရောက်ခဲ့ရပြီး ပြိတ္တာတစ်ဦးကဲ့သို့ ခံစားရသည်များရှိကြောင်း သိရနိုင်ပေသည်။

ပြိတ္တာအမျိုးအစားတွေကတော့ မြောက်မြားစွာရှိကြလေသည်။ ထိုအထဲတွင် လူနှင့်အတော်ပင်တူသော နီးစပ်မှုရှိသော ပြိတ္တာအချို့လည်း ရှိကြသေးသည်၊

နေ့အချိန်တွင် လူတစ်ယောက်ကဲ့သို့ နေနိုင်ပြီး၊ နတ်စည်းစိမ်လိုမျိုး ခံစားပြီး၊ ညအချိန်ရောက်တော့မှ ငရဲခွေးအစား ခံရသော ပြိတ္တာမျိုးလည်းရှိသည်။

ယခုရေးသားသော နော်ကိုဗန်တောင်နှင့် ကယ်နယ်ဒီတောင်ကြားမှာရှိသော တောနက်ကြီးများထဲမှာလည်း ပြိတ္တာဘဝရောက်နေကြသူတို့ မရေမတွက်နိုင်အောင် ရှိကြလေသည်။

ထိုပြိတ္တာများထဲမှာ ကြောက်စရာအကောင်းဆုံး ပြိတ္တာတစ်မျိုးရှိသည်။

မြေဖုတ်ဘီလူးကြီး ပြိတ္တာများပင်ဖြစ်၏။

မြေဖုတ်ဘီလူးပြိတ္တာများမှာ သေပြီး၊ ဘဝပြောင်းပြီးမှ ထိုဘဝသို့ ရောက်နေကြခြင်းမဟုတ်ပဲ မသေခင်ဘဝမပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ခင်းသာသည်းက ထိုဘဝရောက်နေကြခြင်းဖြစ်သည်။

ပြောရပါက လူတစ်ပိုင်း ပြိတ္တာတစ်ပိုင်း၊ ဒါမှမဟုတ်လူတစ်ပိုင်း ဘီလူးတစ်ပိုင်းဘဝ ရောက်နေကြခြင်းဖြစ်၏။ သို့သော် ပြိတ္တာတစ်ကောင်ကဲ့သို့ ကမ္ဘဇိဒ္ဓိရှိကြလေသည်။ သို့ကြောင့်. . သူတို့သည် အနီးပတ်ဝန်းကျင်သို့ ရောက်လာကြသူများကို နည်းအမျိုးမျိုးသုံးပြီး ဖမ်းစားနိုင်လေသည်။

၎င်းတို့ရှိသော တောင်ကြားတစ်ဝိုက်ကို ဒေသခံများက ‘သရဲတောင်ကြား’ဟုပင် အလွယ်တကူအမည်ပေးထားကြသည်။ အမှန်တော့ ပြိတ္တာများရှိသောနေရာသို့ ‘ပြိတ္တာတောင်ကြား’ ဟုအမည်ပေးပါက ပိုပြီးလိုက်ဖက်သောအမည်ပင် ဖြစ်ပေတော့သည်။





# အခန်း(၅)

# ကွယ်ပျောက်နေသည့်ရတနာသိုက်

သရဲတောင်ကြားမှာရှိသော ပြိတ္တာများအကြောင်းကို နှံ့ဒါန်းပျိုးသည့်အနေဖြင့် ရေးသားပြီးသောအခါ အဓိကကျသော ‘သရဲတောင်ကြား’ အကြောင်းကိုလည်း အတန်အသင့်ဖော်ပြပေးရန် ရှိလေသည်။

သရဲတောင်ကြားရှိသောနေရာမှာ ချင်းပြည်နယ်မြောက်ပိုင်း လူသူအရောက်အပေါက်နည်းသော နေရာ၌ရှိပေ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ တောင်ကြားနှစ်ခုမှာရှိပြီး နယ်မြေကြမ်းသောနေရာဖြစ်သောကြောင့်လည်း ထိုနေရာအကြောင်းကိုသိသူများကတော့ မသွားဝံ့ကြပေ။

ထိုနေရာအကြောင်းကို မသိသဖြင့် ဘိန်းသယ်သူများနှင့် ရှေးရှာရန်အတွက် လာကြသူအချို့တော့ရှိသည်။

သို့သော် ထိုတောင်ကြားသို့ ဝင်ရောက်သွားပြီးလျှင်တော့ လူစုံတက်စုံ ပြန်ထွက်နိုင်သည်မျိုးတော့ မရှိကြပေ။

ဝင်သွားသည့်လူအားလုံး သေလျှင်သေ မသေလျှင် အချို့တစ်ဝက်တော့ သေကျေပျက်စီး ပြီးကျန်ခဲ့ကြသည်။

ထိုသို့ဖြစ်ရခြင်းမှာ မြေဖုတ်ဘီလူးများ၊ ပြိတ္တာများ သရဲတစ္ဆေများကြောင့်ချည်းကြောင့်တော့ မဟုတ်ပေ။

ထိုတောင်ကြားနှင့် အနီးတစ်ဝိုက်တွင် လူစိမ်းများ ဝင်ရောက်လာလျှင် ရက်ရက်စက်စက်သတ်ဖြတ်ပစ်သော လူရိုင်းများရှိကြသည်။

ကသည်းလူရိုင်းများဖြစ်သည်။

ကသည်းများသည် မဏိပူရနယ်ဘက် ကသည်းတောင်တန်းများဘက်မှာ အနေများသော်လည်း အချို့လည်းမြန်မာနိုင်ငံမြောက်ဖျားဒေသ၊ တောတောင်ထူထပ်သောနေရာများမှာ လာရောက်နေထိုင်ကြသည်။

မြို့များမှာနေကြသော ကသည်းများက ယဉ်ကျေးမှုအတန်အသင့်ရှိသော်လည်း တောတောင်များမှာ နေကြသူများကတော့ ရိုင်းစိုင်းကြသည်။





သရဲတောင်ကြားတစ်ဝိုက်မှာ ရှိနေကြသူများကတော့ လူရိုင်းများဖြစ်သည်။

လူရိုင်းဆိုသည်ထက် တောတွင်းမှာသာ နေကြသည့် 'တောလူ' များဆိုပါက ပိုပြီး သင့်လျော်ပေလိမ့်မည်။

၎င်းတို့သည် မိန်းမယောက်ျား မှန်သမျှ အဝတ်အစားကို အရှက်လုံရုံသာဝတ်ဆင်ပြီး ယဇ်ပူဇော်သောအလေ့နှင့် အသားစိမ်းများစားသော လူတစ်ပိုင်း ဘီလူးတစ်ပိုင်း ဖြစ်နေကြသည်။ လူများတွေ့လျှင် သတ်ဖြတ်ပစ်ကြသည်။ အရှင်ဖမ်းမိပါက ယဇ်ပူဇော်ကာ ချက်ပြုတ်စားသောက်ကြလေသည်။

၎င်းတို့သည် တောလိုက်မုဆိုးများ၊ ဘိန်းအရောင်းအဝယ်နှင့် ခရီးသွားလာနေသူများကို ဖမ်းဆီးသတ်ဖြတ်ကြသည်။ ဘိန်းအရောင်းအဝယ်သွားသူများကတော့ သေနတ်များ ပါသဖြင့် ပြန်လည်ပစ်ခတ်ကြသည်။

ကသည်းလူရိုင်းများမှာ လေးမြားအတတ်တွင် သူမတူအောင်ကျွမ်းကျင်ကြသဖြင့် ရန်သူကိုတိုက်ခိုက်သောအခါ လေးကိုအသုံးပြုပြီး အဆိပ်လူးမြားတံများဖြင့် တိုက်ခိုက်ကြသည်။

ကသည်းလူရိုင်းများသည် 'သရဲတောင်ကြား' တစ်ဝိုက်မှာ အနေများကြလေသည်။

အဘယ်ကြောင့် ထိုနေရာ၌ နေကြသလဲဆိုမူ . . သရဲတောင်ကြားတစ်ဝိုက်တွင် ရတနာသိုက်ကြီးတစ်ခု ရှိလေသည်။ ထိုရတနာသိုက်ကြီးအား မည်သူမှမရနိုင်စေရန် ထိုနေရာ တစ်ဝိုက်မှာပင် နေကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရတနာသိုက်ဆိုသည်မှာ အခြားမဟုတ်ပဲ ရွှေကြောကြီးများနှင့် စိန်ရိုင်းတုံးများ အမြောက်အမြားရှိသော နေရာတစ်နေရာပင်ဖြစ်ပေသည်။

ထိုရတနာသိုက်အကြောင်းကို တစ်စွန်းတစ်စသိသူများက အရဲစွန့်ပြီး လာရောက်ရှာဖွေကြသည်။ သို့သော် ရတနာများ မရဘဲ ပြန်လမ်းမရှိသော ဘဝမျိုးနှင့်သာ ကြုံတွေ့ရလေသည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများကို အင်္ဂလိပ်များ မသိမ်းခင်က ထိုနေရာသို့ မဏိပူရဘက်မှ လူအချို့ရောက်လာပြီး ရွှေနှင့်စိန်ရိုင်းတုံးများ ရှာဖွေကြသည်။

၎င်းတို့အဖွဲ့ကို ခေါင်း ဆောင်လာသူနှစ်ဦးမှာ 'မာလု' နှင့် 'ထန်ဖုန်' တို့နှစ်ဦးဖြစ်သည်။

၎င်းတို့နှင့်အတူ လူအချို့ ပါလာကြသည်။

သူတို့သည် မဏိပူရနယ်သားများဖြစ်ကြပြီး ကသည်းမျိုးနွယ်အချို့လည်း ပါလာကြသည်။

သူတို့သည် မြေပုံများနှင့် ရောက်လာရှာဖွေကြခြင်းဖြစ်သဖြင့် ကံအားလျော်စွာပင် လျှို့ဝှက်စွာရှိနေသော ရွှေကြောအချို့နှင့် စိန်ရိုင်းတုံးများရှိသောနေရာများကို တွေ့ကြလေသည်။

သူတို့ရောက်လာသော အချိန်မှာတော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ရဘဲ အေးချမ်းစွာရှိပေသည်။

၎င်းတို့သည် လူအနည်းငယ်နှင့် လာရောက်ရှာဖွေခြင်းဖြစ်သောကြောင့် တွေ့ရှိသော ရွှေနှင့်စိန်တုံးများကို များများစားစား မယူနိုင်ကြပေ။





သို့ကြောင့် အချို့လောက်သာယူဆောင်ပြီး မဏိပူရသို့ ပြန်သွားလေသည်။

ထိုအချိန်မှာပင် ဒုတိယကမ္ဘာစစ်မီးများက နေရာအနှံ့သို့ ပြန့်နှံ့လာပြီဖြစ်သောကြောင့် မာလုနှင့် ထန်ဖုန်တို့အဖွဲ့မှာ နောက်တစ်ခေါက် ပြန်မလာနိုင်ပဲ ရှိကြလေသည်။

နောက်ပိုင်းမှာတော့ မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်များ သိမ်းပိုက်သောအခါ. . သူတို့အတွက် အခွင့်အရေးမရနိုင်တော့လောက်အောင် ဖြစ်သွားလေတော့သည်။

မြန်မာရှင်ဘုရင်များလက်ထက်က မြောက်ဖျားဒေသများသို့ တကူးတက လာရောက်ခြင်းမရှိသော်လည်း အင်္ဂလိပ်များသိမ်းပိုက်လိုက်သောအခါ မြန်မာပြည်မြောက်ဖျားသီခေါင်သောနေရာများသို့ ခရစ်ယာန်သာသနာပြုအဖွဲ့ဝင်များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြလေတော့သည်။

သို့ကြောင့် မဏိပူရဘက်မှ အဖွဲ့လိုက်လာမည်ဟု ကြံစည်ထားကြသော မာလုတို့အဖွဲ့မှာ တော်တော်နှင့်မလာရောက်နိုင်ကြဘဲ ရှိကြလေသည်။

နောက်ပိုင်း အခြေအနေအေးချမ်းသွားသောအခါမှ လူအမြောက်အမြားခေါ်ယူကာ ပစ္စည်းကိရိယာအစုံအလင်ဖြင့် အင်မံဝင်ရောက်လာကြသည်။

ပထမတစ်ကြိမ်ရောက်ခြင်းနှင့် ဒုတိယတစ်ခေါက် ရောက်လာခြင်းမှာ သုံးနှစ်ခန့် အချိန်ကွာခြားသွားသဖြင့် အခြေအနေတို့မှာလည်း ပြောင်းလဲနေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မာလုတို့အဖွဲ့သည် ထိုနေရာတစ်ဝိုက်မှာပင် စခန်းချပြီး ခွေးနှင့်စိန်များကို ထုတ်ယူရန် ပြင်ရလေသည်။

ထိုသို့ပြုလုပ်ရာမှာလည်း အင်္ဂလိပ်များ မသိစေရန် ခိုးပိမိစေရန် လျှို့ဝှက်စွာလုပ်ကြရသည်။

အင်္ဂလိပ်များ သိသွားပါက သူတို့အနေဖြင့် လုပ်ကိုင်ခွင့် ရကြတော့မည် မဟုတ်ပေ။

ရတနာပစ္စည်းများ မထုတ်ယူခင်မှာ မာလုနှင့်ထန်ဖုန် တို့နှစ်ယောက် တိုင်ပင်ကြလေသည်။

မာလုက ပြောသည်။

“ငါတို့အလုပ်က အင်္ဂလိပ်တွေ မရိပ်မိခင် မြန်မြန်လုပ် နိုင်မှဖြစ်မယ်၊ ဒီတော့ ငါက ဒီနေရာကနေ အလုပ်သမားအချို့ နဲ့ ရသမျှထုတ်ပေးမယ်၊ မင်းက အလုပ်သမားအချို့နဲ့ မဏိပူရ ရောက်အောင် သယ်ပေတော့”

“ကောင်းပြီ”

ထိုသို့တိုင်ပင်ပြီးနောက် ထန်ဖုန်က ရသမျှရွှေတုံးအချို့ ကိုတူးယူပြီး မဏိပူရသို့ပြန်သွားလေတော့သည်။

မာလုက တပည့်များနှင့် ရွှေတုံး၊ စိန်တုံးများကို ရသမျှ စုဆောင်းတူးယူလေတော့သည်။

ထန်ဖုန်က မဏိပူရမှစောင့်နေလေသည်။ ထိုအချိန်မှာ ပင် သူတို့အတွက် မမျှော်လင့်သော အန္တရာယ်များရောက်လာ လေတော့သည်။

အခြားမဟုတ်ပေ။





ကသည်းလူရိုင်းများ ရောက်လာကြပြီးနောက် တွေ့သ မျှ မြင်သမျှလူများကို သတ်ဖြတ်လေတော့သည်။

မာလုတို့မှာ သေနတ်များပါသော်လည်း လူအင်အား နည်း မမျှသည်ကတစ်ကြောင်း၊ ကသည်းလူရိုင်းများ အသုံးပြု သော အဆိပ်လူးမြားဒဏ်များကို မခံနိုင်သည်က တစ်ကြောင်း ကြောင့် အားလုံးသေကြရလေတော့သည်။

လူရိုင်းများက သူတို့ကိုသတ်ရုံမကပဲ သူတို့ဦးခေါင်းများ ကိုဖြတ်ပြီး တိုင်များတွင် စွပ်ကာ ထောင်ထားသည်။ ခြေလက် များကိုတော့ အပိုင်းပိုင်းဖြတ်ပြီး ရွှေမှုန့်များရောနေသော သဲမှုန့် များဖြင့်သုတ်လိမ်းကာ နေရာအနှံ့အပြားမှာ ဖြန့်ကြထားလေ သည်။

အချို့ဦးခေါင်းပြတ်များနှင့် ခန္ဓာကိုယ်များကိုတော့ ၎င်း တို့နေသော သရဲတောင်ကြားတစ်နေရာသို့ ယူသွားကြလေ သည်။ မာလုတို့တစ်သိုက် ယခုကဲ့သို့ အသတ်ခံရခြင်းမှာ အ ကြောင်းရှိပေသည်။

လွန်ခဲ့သော သုံးနှစ်ကျော်အချိန်က ထိုနေရာသို့ သူတို့ ရောက်ခဲ့စဉ်က လူရိုင်းများမရှိသေးပေ။

နောက်ပိုင်းမှ ကသည်းပြည်ဘက်မှ လူသားစားသော လူရိုင်းအချို့ ထိုနေရာသို့ရောက်လာပြီး နေထိုင်ကြလေရာ. . . မာလုတို့နောက်တစ်ခေါက် ပြန်ရောက်လာသောအခါ မမျှော် လင့်ဘဲ တွေ့ရပြီး တစ်ယောက်မကျန် အသတ်ခံရကြရခြင်းဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့တောတွင်းသို့ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ... ကြသူများကိုလည်း တောကျွမ်းကျင်သော လူရိုင်း... နောက်မှ အမဲလိုက်သကဲ့သို့ လိုက်လံသတ်ဖြတ်ကြ... ကြောင့် သေကြရခြင်းဖြစ်ပေသည်။

လူရိုင်းများကို ခေါင်းဆောင်နေသူများ 'ကျားနက်' ... အမည်ပေးထားသော လူကြမ်းကြီးဖြစ်သည်။

၎င်းတို့သည် အရပ်အမောင်းမြင့်မားရုံမကပဲ ကိုယ်... ကလည်းကြံ့ခိုင်ကာ . . ရက်စက်ကြမ်းကြုတ်ရာမှာလည်း ... ယောက်မရှိသူ ဖြစ်ပေသည်။

လူရိုင်းခေါင်းဆောင် ကျားနက်က ရွှေကြောများ၊ ... ရိုင်းတုံးများရှိသဖြင့် ထိုနေရာသို့ လူစိမ်းများရောက်လာသည်... သဘောမကျပေ။

သူတို့အတွက်ကတော့ ထိုရွှေနှင့် စိန်ရိုင်းတုံးများ... ဘာမှတန်ဖိုးမရှိပေ။

အသုံးလည်းမဝင်ပေ။

ထိုပစ္စည်းများကိုလည်း နှစ်သက်မှုမရှိပေ။

သူတို့ မနှစ်သက်သောပစ္စည်းများကို နှစ်သက်ကြသ... အခြားမှလူစိမ်းများ ရောက်လာသည်ကိုလည်း မနှစ်သက်... ပေ။ သို့ကြောင့် ထိုပစ္စည်းများကို အခြားသူများ ရှာဖွေမတွေ့... ရန် ဖုံးကွယ်ဖျောက်ဖျက်ပစ်ကြလေသည်။

လူရိုင်းခေါင်းဆောင်က ရွှေကြောများနှင့် စိန်ရိုင်း... များရှိသော တွင်းများကို ကျောက်တုံးကျောက်ခဲများဖြင့် ဖုံး...





...ပေါ်မှ မြေသားများဖို့ခြင်း၊ မြေများအပေါ်မှ အဖြစ်မြန်... သစ်ပင်များကို စိုက်ခြင်းဖြင့် မူလနေရာများကို ဖျောက်...ပစ်လိုက်ကြလေသည်။

ထိုအချိန်တွင် မဏိပူရမှာ ရောက်နေကြသည့် ထန်ဖုန်...အဖွဲ့ကတော့ မိမိတို့လူများ ရောက်မလာတော့သဖြင့် စိတ်...ဆင့်ထင့် ရှိနေကြသည်။

"သူတို့ဘာကြောင့် ရောက်မလာကြတော့တာလဲ"

"ငါတို့ဒီမှာရောက်နေတုန်း၊ ရွှေနဲ့စိန်တွေယူပြီး တစ်နေ...သွားကြပြီလား"

"ဒီလိုမဖြစ်နိုင်ဘူး၊ အဲဒီနေရာမှာရှိတဲ့ ရွှေနဲ့စိန်တွေက ...တတ်ထပ် ဆယ်နှစ်ထုတ်ယူလို့တောင် မကုန်နိုင်ဘူး၊ သူတို့ ...က်မလာကြတာ ဟိုမှာတစ်ခုခုဖြစ်နေလို့သာ ဖြစ်ရမယ်. . ...အခြေအနေသွားကြည့်သင့်တယ်"

ဟုပြောဆိုတိုင်ပင်ပြီး ထန်ဖုန်က စိတ်ချရသောလူအချို့ ...ခေါ်ပြီး သရဲတောင်ကြားသို့ တစ်ခေါက်လာကြည့်ကြလေ...သည်။

ထိုနေရာသို့ ရောက်သောအခါ မြင်ကွင်းက မကောင်း...ပေ၊ မာလုတို့ကို တစ်ယောက်မှမတွေ့ရတော့ဘဲ ဦးခေါင်း...များ၊ ခြေပြတ်လက်ပြတ်များနှင့် ရွှေမှုန့်များဖြင့် လူထား... အသားတုံးအပိုင်းအစများ ပြန့်ကျဲနေသည်ကို တွေ့ကြရ...သည်။

ထိုနေရာတစ်ဝိုက်မှာလည်း ငှက်များ၊ တောခွေးများ



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေအုပ်စုများနှင့် အသားစား သတ္တဝါများက အုပ်စုလိုက် ရောက်နေပြီး လိုက်လံတိုက်ခိုက်ကြသဖြင့် ဘေးလွတ်ကင်းရာ သို့ ထွက်ပြေးကြရလေသည်။

ရွှေနှင့်စိန်တုံးများရှာဖွေရန်ပင် နောက်ထပ်အခွင့်အရေး မရကြတော့ပေ။

ထန်ဖုန်အနေအထားကတော့ ယခုအခြေအနေတွင် သွားရောက်ရှာဖွေခြင်း မပြုနိုင်သေးသော်လည်း စိတ်မကုန်သေး ပေ။ နောက်ထပ်အခွင့်အရေးရပါက တစ်ခေါက်သွားလိုသော စိတ်ဆန္ဒက ရှိနေလေသည်။

သို့ကြောင့် ထိုနေရာနှင့်ပတ်သက်သော မြေပုံကြမ်း တစ်ခုကို ရေးဆွဲထားခဲ့လေသည်။

သူသည် တောထဲမှရခဲ့သော ရွှေနှင့်စိန်အချို့ကို ထုခွဲ ရောင်းချကာ အေးအေးလူလူ နေနိုင်ခဲ့သော်လည်း ထိုနေရာသို့ နောက်တစ်ခေါက်သွားရန်အတွက်ကတော့ အခွင့်အရေး မရ တော့ပါချေ။

အဘယ်ကြောင့်ဆိုသော်. . ဒုတိယကမ္ဘာစစ်မီးလျှံ များက နေရာအနှံ့ ပြန့်နှံ့နေပြီဖြစ်သောကြောင့် ဖြစ်သည်။

နောက်ပိုင်းမှာတော့ သရဲတောင်ကြားသို့ နောက်တစ် ခေါက်သွားလိုသောဆန္ဒကို စိတ်လျှော့လိုက်လေတော့သည်။

ထန်ဖုန်သည် ရောဂါတစ်ခုကြောင့် သေခါနီးအခြေ ရောက်သောအခါ ၎င်းတစ်သက်လုံးသိမ်းထားသော ရတနာ သိုက်မြေပုံအား ညီဖြစ်သူ 'ထန်ရှိန်'အား ပေးထားခဲ့လေသည်။





ထို့နောက် သေဆုံးသွားလေတော့သည်။

ထန်ရှိန်လည်း အစ်ကိုပေးထားခဲ့သော မြေပုံကိုကောင်း စွာအသုံးချရန် စိတ်ကူးထားပြီး ယုံကြည်စိတ်ချရသော လူအချို့ နှင့် တိုင်ပင်ထားကြလေသည်။

သို့သော်. . သူတို့သည် စစ်ဘေးစစ်ဒဏ်များရှိနေသေး သောကြောင့် သရဲတောင်ကြားရှိသောနေရာသို့ ချက်ချင်းသွား၍ မရသဖြင့် နှစ်အနည်းငယ်ကြာအောင် စောင့်ကြရလေသည်။

နောက်ပိုင်း မြန်မာတစ်ပြည်လုံး အင်္ဂလိပ်လက်အောက် ရောက်သွားတော့မှ၊ မြောက်ပိုင်းဒေသများမှာ စစ်ဘေးစစ်ဒဏ် များလျော့ပါးသွားသောအခါမှ ရတနာသိုက်ရှာပုံတော်လုပ်ငန်း ကို ပြန်စကြလေသည်။

သူတို့သည် လူ (၁၅)ယောက်ခန့်စုပြီး သေနတ်စသော လက်နက်များ ပြည့်စုံအောင်စုဆောင်းပြီးနောက် ထိုနေရာသို့ ဦးတည်သွားကြလေသည်။

ပစ္စည်းများကိုတော့ လားများပေါ်တင်ကာ သယ်ယူ သွားကြလေသည်။

သူတို့သည် မြေပုံအညွှန်း အတိုင်းသွားကြရာ ရက်အ နည်းငယ်ကြာသောအခါ သရဲတောင်ကြားသို့ ရောက်သွားကြ လေသည်။

ထိုနေရာရောက်တော့ မြင်ကွင်းများက တခြားစီဖြစ်နေ လေတော့သည်။

နှစ်အနည်းငယ် ကြာပြီဖြစ်သဖြင့် ပြောင်းလဲသွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်သော်လည်း သိသိသာသာကြီး ပြောင်းလဲနေခြင်း ဖြစ်ပေသည်။

သရဲတောင်ကြားတစ်ဝိုက်မှာ စိန်တွင်းများရှိသည်ဟု အမှတ်အသားပြုထားသော နေရာမှာ သစ်တောများ ဖြစ်နေပြီ။

ရွှေကြောကြီးများ တွေ့ခဲ့သည်ဟု အမှတ်အသားပြုထားသော နေရာများလည်း သစ်တောကြီးများ ဖြစ်နေလေတော့သည်။

ထိုသစ်တောကြီးများမှာ အခြားမဟုတ်ပေ။

ကသည်းလူရိုင်းများက ရွှေကြောနှင့် စိန်တွင်းများရှိသော နေရာအားလုံးကို ကျောက်တုံးများဖြင့် အရင်ဖို့ပြီးမြေသားများ ထပ်တင်ကာ သစ်ပင်များ စိုက်ခဲ့ကြသဖြင့် နှစ်အတော်ကြာသောအခါ မူလအခြေအနေများ ပျောက်ကွယ်သွားပြီးနောက် သစ်တောကြီးများ ဖြစ်နေခြင်းဖြစ်တော့သည်။

ထန်ရှိန်တို့မှာ ခဲလေသမျှ သဲရေကျဖြစ်ကြရပြီး ထိုနေရာတစ်ဝိုက်ကို လိုက်လံရှာဖွေကြသော်လည်း ရွှေကြောမဆိုထားနှင့် အစအနမျှပင် မတွေ့ရပေ။

သူတို့လူစုသည် သရဲတောင်ကြားတစ်ဝိုက်မှာ စခန်းချပြီးနောက် အချို့နေရာများကို တူးဆွရှာဖွေကြသေးသည်။

ထိုသို့စခန်းချနေစဉ်မှာ ညအချိန်ရောက်လာလျှင် သရဲတောင်ကြားဘက်မှ လူသံများကြားရသည်။ ကြောက်စရာကောင်းသော အော်ဟစ်သံများကို ကြားကြရလေသည်။





"မြေပုံအညွှန်းထဲမှာတော့ သရဲတောင်ကြားနဲ့ အနီးတစ်ဝိုက်မှာ လူသားစားတဲ့ လူရိုင်းတွေရှိတယ်လို့ပါတယ်၊ လူရိုင်းတွေ အော်တဲ့အသံတွေ ဖြစ်နိုင်တယ်"

"သူတို့က ဒီနေရာတစ်ဝိုက်မှာ အမြဲရှိနေကြတာဆိုတော့ရွှေကြောနဲ့ စိန်တွင်းတွေ ဘယ်နေရာမှာရှိတယ်ဆိုတာ သူတို့သိချင်သိနိုင်တယ်"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"သူတို့ခေါင်းဆောင်ကို ဖမ်းနိုင်ရင်ကောင်းမယ်၊ သူ့ကိုမေးရင် ငါတို့သိချင်တာ သိရနိုင်တယ်"

"ကောင်းပြီ နောက်တစ်နေ့တော့ သွားကြတာပေါ့"

ဟုပြောပြီး နောက်တစ်နေ့တွင် အသံကြားရသော သရဲတောင်ကြားသို့ သွားကြည့်ကြသည်။

သို့သော် သူတို့ရောက်သွားသော အချိန်မှာ လူတစ်ယောက်မှမတွေ့ရပဲ အရိုးကျနေပြီဖြစ်သော ဦးခေါင်းပြတ်များနှင့် လူအရိုးစုများကိုသာ တွေ့ကြရသည်။

သို့သော် ညအချိန်ရောက်လာပါက သရဲတောင်ကြားဘက်မှ မီးရောင်များမြင်ရပြီး၊ လူသံများ အော်သံများ ကြားကြပြန်သည်။

သို့ကြောင့်အချို့က သေနတ်များယူပြီး အသံကြားရာဘက်သို့ သွားကြည့်ကြသည်။

နောက်တစ်နေ့ အရုဏ်တက်ချိန်အထိ ပြန်ရောက်မလာကြသဖြင့် စခန်းမှလူစုပြီး လိုက်ကြည့်သောအခါ တောင်



www.burmeseclassic.com

www.burmeseclassic.com



ကြားတစ်နေရာမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေသော သူတို့လူသုံးယောက်ကို တွေ့ကြရသည်။

ဘာမှ မတတ်နိုင်တော့ပေ။

ထိုအလောင်းများကို မြှုပ်နှံရန်ပြင်သောအခါ သေဆုံးနေသူတစ်ဦး၏ လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ထားသော စိန်တုံးတစ်တုံးကို တွေ့ကြရလေသည်။

နောက်ပိုင်းမှာတော့ သရဲတောင်ကြားနှင့် ထိုနေရာတစ်ဝိုက်မှာ ကွယ်ပျောက်နေသော ရတနာသိုက်ကြီးအကြောင်းမှာ တစ်ဆင့်စကားတစ်ဆင့်ကြားပြီး စိတ်ဝင်စားကြလေသည်။

'သရဲတောင်ကြား ရတနာသိုက်' ဟူသော အမည်မှာလည်း ထင်ရှားကာ လူသိများလာလေသည်။

နောက်ပိုင်းမှာတော့ ထိုသတင်းကိုကြားသော မြန်မာပြည်ဘက်မှ ရတနာရှာဖွေသူများ လာရောက်ရှာဖွေကြသည်။ သို့သော် မအောင်မြင်ကြပေ။

တောတောင်ထူထပ်သည်က တစ်ကြောင်း၊ ရောဂါများသည်ကတစ်ကြောင်း၊ သားရဲတိရစ္ဆာန်များ ပေါများသည့်အပြင် လူသားစားသော ကသည်းလူရိုင်းများ လက်ချက်ကြောင့် အသေအပျောက် များကြလေသည်။

ရောက်လာသမျှ အသက်ရှင်လျက်နှင့် ပြန်သွားနိုင်သူ အတော်ပင်နည်းလေသည်။

သူတို့အလိုရှိသော ရွှေနှင့်စိန်များမရဘဲ အသက်ပေးခဲ့ကြရသည်က များလေသည်။





သရဲတောင်ကြားတစ်ဝိုက်တွင် အထက်ဖော်ပြသော အန္တရာယ်ဆိုးများအပြင် နောက်ထပ်ကြောက်စရာကောင်းသော အန္တရာယ်တစ်မျိုးကလည်း ရှိသေးသည်။

'သရဲတောင်ကြား' ဟူသောအမည်နှင့်လိုက်အောင် သရဲတစ္ဆေများ ဖမ်းစားသော အန္တရာယ်ပင် ဖြစ်ပေတော့သည်။

တစ်ခုတော့ရှိသည်။

ထူးခြားသည်ဟုလည်း ပြော၍ရသည်။

အခြားအန္တရာယ်များကြောင့် မဟုတ်ဘဲသရဲတစ္ဆေများ ဖမ်းစားသဖြင့် သေဆုံးသွားသူများလက်ထဲတွင် ရွှေတုံးသို့မဟုတ် စိန်တုံးရှိနေတတ်သည်။

ထိုအချက်ကြောင့်ပင် ထိုနေရာတစ်ဝိုက်တွင် လျှို့ဝှက်စွာဖြင့် ရတနာသိုက်ကြီးတစ်ခုရှိနေသည်ဆိုသော အချက်မှာ ပိုမိုခိုင်မာလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

# ချစ်ခြင်းမေတ္တာ၏ သင်္ကေတများ

တောင်မြင့်ကြီးများက အရှေ့အနောက်၊ တောင်မြောက် ဝဲယာတို့တွင် အုပ်မိုးဝန်းရံထားကြလေသည်။ ထိုနေရာတစ်ဝိုက် တွင် သစ်တောကြီးများက နေပြောက်မထိုးသာအောင် ရှိနေကြ လေသည်။ ကျောက်တောင်မြင့်များ၊ ကျောက်နံရံများအပေါ်မှ စီးကျနေသော ရေတံခွန်များလည်းရှိသည်။

နေရာအတော်များများမှာ စီးကျနေသောရေတံခွန်မှ



www.burmeseclassic.com

www.burmeseclassic.com



...အောင်ဘက်ရှိ ရေအိုင်အတွင်းသို့ကျနေပြီး ထိုမှတစ်... ချောင်းသဖွယ်ဖြစ်ရာ အောက်ဘက်သို့ စီးဆင်းသွား...သည်။ ထိုနေရာတစ်ဝိုက်သည် အေးချမ်းသာယာပြီး ...ငြိမ်သော နေရာတစ်ခုဖြစ်သည်။

သုံးပွင့်ဆိုင် ရေတံခွန်များ ဖြာကျနေသော နေရာနှင့် မနီးမဝေး အောက်ခြေတစ်နေရာတွင် ကျောက်ဖျာတစ်ချပ်ရှိသည်။

အရှေ့ဘက် တောင်မြင့်ကြီးပေါ်မှ ကျော်တက်လာသော နေရောင်ခြည်က ထိုကျောက်ဖြာချပ်ပေါ်သို့ဖြာကျနေရာ ဆလိုက်မီးရောင်ဖြင့် ထိုးထားသကဲ့သို့ရှိသည်။

ထိုကျောက်ဖျာချပ်ပေါ်မှာ လူရွယ်တစ်ယောက် ရှိနေလေသည်။ နီမောင်ပင်ဖြစ်သည်။

နီမောင်သည် ထမီးရွာမှာ နေထိုင်သူတစ်ဦးဖြစ်ပြီး အသက် (၂၅)နှစ်အရွယ်ခန့်ရှိ ကြံ့ခိုင်သန်မာသူတစ်ဦး ဖြစ်လေသည်။

လည်ကုပ်အထိ ဝဲကျနေသော ဆံပင်တို့ကို နဖူးမှသားရေပြားတစ်ချပ်ဖြင့် သိမ်းဆည်းထားသည်။

ကိုယ်ပေါ်မှာ အဝတ်ကြမ်းတစ်ထည်၊ ဒူးဆစ်လောက်သာရှိသော ဘောင်းဘီကြမ်းတစ်ထည်ကို ဝတ်ဆင်ထားသော်လည်း ကျစ်လစ်သန်မာသော ကိုယ်ခန္ဓာအစိတ်အပိုင်းများတအထင်းသားပေါ်နေလေ၏။

ခါးတွင် ခါးပတ်ကြိုးတစ်ချောင်း စည်းထားပြီး ခြေ





...ောက်နှစ်ဖက်မှာတော့ သားရေချပ်ဖြင့် ပြုလုပ်ထားသောခြေ...င်းဖိနပ်ကို စီးထားလေသည်။

သူသည် ကျောက်ဖျာချပ်ပေါ်မှာ တင်ပလ္လင်ခွေအနေအထားမျိုးဖြင့် ငြိမ်သက်စွာထိုင်နေရာ ကျောက်ရုပ်နှင့်ပင် တူနေတော့သည်။

နီမောင်သည် စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်ရင့်ကျက်မှု ရရှိဆရန် ယောဂကျင့်စဉ်တစ်ခုကို လေ့ကျင်နေခြင်းဖြစ်သည်။ ထို...ကျင့်စဉ်များက သူ၏အဘိုးတော်စပ်သူ ရှမ်းဆရာကြီးဦးစိုင်းလုံ...က သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ရင်းကျင့်နေသော ယောဂကျင့်စဉ်မှာ သုခါသနယောဂကျင့်စဉ်ပင်ဖြစ်သည်။

ထိုကျင့်စဉ်မှာ ခြေနှစ်ဖက်ယှက်ကာ တင်ပလ္လင်ခွေ ထိုင်ရသည်။ ညာခြေထောက်ကို ဒူးဆစ်နေရာမှ ကွေးထားလျက် ခြေဖဝါးကို ဘယ်ဘက်ပေါင်အောက်၌ ထားရသည်။

ဘယ်ခြေထောက်ကိုလည်း ကွေးလျက် ခြေဖဝါးကို ညာဘက်ပေါင်အောက်၌ သွင်းထားရသည်။

ထို့နောက် ကိုယ်ခန္ဓာအား ဖြောင့်မတ်သောအနေအထားမျိုးဖြင့် ထိုင်ကာ လက်ကောက်ဝတ်နှစ်ဖက်ကို ဒူးဆစ်ပေါ်၌ တင်ထားရသည်။

လက်ညှိုးထိပ်နှင့် လက်မထိပ်နှစ်ခုတို့ကို ထိထားပြီး ...နှန်လက်ချောင်းများကို ဆန့်ထုတ်ထားရသည်။

သုခါသနယောဂကျင့်စဉ်မှာ စိတ်တည်ငြိမ်မှုနှင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းအင်ကောင်းစေသော ကျင့်စဉ်ပင်ဖြစ်သည်။

ယောဂကျင့်စဉ်ကို စိတ်အာရုံနှင့် စိတ်စွမ်းအား ကောင်းစေရန်အတွက် ကျင့်ကြသည်။

အချို့ တရားရှုမှတ်ရာတွင် စိတ်စုစည်းမှုကောင်းစေရန် ယောဂကျင့်စဉ်ကို ကျင့်ကြသည်။

အချို့ကတော့ စိတ်စွမ်းအား၊ ကိုယ်စွမ်းအားကောင်းစေရန် ယောဂကျင့်စဉ်ကို ကျင့်ကြသည်။

တိဗက်များကတော့ ယောဂကျင့်စဉ်မှာ စိတ်နှင့်ခန္ဓာကိုအတင်းအကျပ် ထိန်းချုပ်သောလုပ်ရပ်တစ်ခုဟု ရှုမြင်ကြလေသည်။

ယောဂကျင့်စဉ်မှာ အိန္ဒိယတိုင်းသားများက ဘာသာရေးအတွက်သော်လည်းကောင်း၊ စိတ်စွမ်းအင်ကိစ္စများအတွက် အသုံးပြုရန်အတွက် ကျင့်ကြံအားထုတ်ကြသည်။

သို့ကြောင့် အိန္ဒိယနိုင်ငံအဝှမ်းတွင် ယောဂကျင့်စဉ်ကို အစဉ်တစိုက်ပြုလုပ်နေကြသော ယောဂီများနှင့် ဆာဒူးအများအပြားတို့ကို တွေ့ရခြင်းဖြစ်သည်။

တိဗက်တို့၏ အယူအဆကတော့ ယောဂကျင့်စဉ်များမှာ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနှင့် စိတ်စွမ်းအင်အလေ့အကျင့်ကောင်းများ ရစေနိုင်သည်မှလွဲပြီး တရားဘာဝနာပွားများသောကိစ္စနှင့် မသက်ဆိုင်ဟု ယူဆထားကြလေသည်။

ယောဂကျင့်စဉ်များတွင် အသုံးပြုကြသော မုဒြာများမှာ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့အား အလေ့အကျင့်နှင့် စွမ်းအားရ





စေသည်ကတော့ အမှန်ပင်ဖြစ်သည်။

အပူနှင့်အအေးသို့မဟုတ် နေနှင့်လတို့၏ စွမ်းအင်များကို ယောဂကျင့်စဉ်အချို့မှ ခံယူရနိုင်ပေသည်။

နေနှင့်လပေါင်းစည်းသောအခါ ဣဋ (Ida) ခန္ဓာကိုယ်၏ လက်ဝဲဘက်တွင် တည်နေသော စွမ်းအင်လမ်းကြောင်း (Left energy Channel of The human body ) နှင့် ပိင်္ဂလ (Pingala) ကိုယ်ခန္ဓာ၏လက်ယာဘက်တွင် တည်နေသည့် စွမ်းအင်လမ်းကြောင်း (Right, energy channel of The human body) တို့သည် အညီအမျှပေါင်းစပ်မှု၊ စီးဆင်းမှုရှိသောအခါ သံဒယ (Sandhya) သို့မဟုတ် သုသုံဏာ (Sushumna) ဟူသော စွမ်းအင်ကို ရစေနိုင်သည်။

ထိုကဲ့သို့ ကိုယ်ခန္ဓာမှ စွမ်းအင်များကို ထုတ်နုတ်အသုံးပြုရန်အတွက်ကတော့ ယောဂကျင့်စဉ်များက. . များစွာအထောက်အကူ ဖြစ်စေသည်။

နီမောင်သည် တိုက်ခိုက်ရေးသမား တစ်ယောက်တော့ မဟုတ်ပါချေ။ သို့သော် တိုက်ခိုက်မှုပညာကိုတော့ စိတ်ဝင်စားသူတစ်ဦးဖြစ်လေသည်။

ထိုကဲ့သို့ဝါသနာပါသဖြင့် အလုပ်နားသည်နှင့် ထိုပညာတို့ကို ရှမ်းဆရာကြီးဦးစိုင်းလုံထံမှာ သင်ကြားလေသည်။

ယခုလည်း စိတ်စွမ်းအား တည်ငြိမ်မှုကောင်းစေရန် ရေတံခွန်နားတွင် တစ်ယောက်တည်း ယောဂကျင့်စဉ်များ ကျင့်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် မမျှော်လင့်သော အန္တရာယ်တစ်ခုက ဝင်လာလေသည်။ သူထိုင်နေသော ကျောက်ဖျာအထက်နားမှာ ကမ်းပါးယံတစ်ခုရှိသည်။

ထိုကမ်းပါးယံက အပေါ်မှာမိုးထားသကဲ့သို့ဖြစ်ကာ သူ့အပေါ်ဘက်၌ ရှိနေလေသည်။

ပေ (၅၀)ခန့်မြင့်သော ကျောက်ကမ်းပါးယံကြားတွင် သူ့ကိုချောင်းမြောင်းနေသော သတ္တဝါတစ်ကောင် ရှိနေသည်။

ကျားသစ်နက်တစ်ကောင်ပင်ဖြစ်သည်။

ကျားသစ်နက်က ကမ်းပါးစွန်းနေရာအထိ တိုးလာသောကြောင့် . . အပေါ်မှ ကျောက်တုံးကျောက်ခဲအချို့ ပြုတ်ကျလာသည်။

ထိုအခြေအနေကြောင့် နီမောင်စိတ်ကို စုစည်းလိုက်သည်။ သူထိုင်နေသော နေရာနှင့် မနီးမဝေးနေရာတွင် ဓားတစ်လက်နှင့် လှံမတစ်ချောင်း ချထားသည်။

ရန်သူနှင့်တွေ့လျှင် အဆင်သင့် တိုက်ခိုက်နိုင်စေရန် လက်တစ်ကမ်းမှာ ချထားခြင်းဖြစ်သည်။

မရှေးမနှောင်းမှာပင် အပေါ်ဘက်မှ မာန်ဖီသံ ကြားလိုက်ရပြီး ကျားသစ်နက်က သူ့အပေါ် ခုန်အုပ်လိုက်သည်။

ထိုအခိုက်မှာပင် တောစပ်မှထွက်လာသော မြားတံတစ်ချောင်းက လေကိုဖြတ်ခွင်းလာပြီး လေထဲမှာပင်ရှိနေသေးသော ကျားသစ်နက်ကိုယ်ပေါ်သို့ ဝင်ရောက်ထိမှန်သွားလေတော့သည်။





"ဝေါင်း"

"ဝှစ်"

"ဒုတ်"

မာန်ဖီသံ၊ မြားဖြတ်လာသံနှင့် ထိသံတို့က စက္ကန့်ပိုင်းအတွင်း ဆင့်ကဲ ပဲ့တင်ထပ် သွားလေတော့သည်။

ထိုအသံများကြောင့် နီမောင်က ထိုင်နေရာမှဘေးသို့ခုန်ထွက်လိုက်ရာ သူအဆင်သင့်ချထားသော လက်နက်များရှိရာသို့ ရောက်သွားသဖြင့် ကောက်ယူကာ အခြေအနေ ကြည့်လိုက်သည်။

စောစောက သူထိုင်နေသည့် ကျောက်ဖျာပေါ်သို့ ကျားသစ်နက်ကြီးက 'ဘုန်း'ခနဲကျလာပြီး မြားထိထားသော ဒဏ်ရာကြောင့် လူးလဲထရန် ကြိုးစားနေစဉ် နီမောင်က ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ အနီးသို့ ခုန်ဝင်သွားပြီး လှံဖြင့် ထိုးစိုက်ချလိုက်သည်။

လှံချက်က ချက်ကောင်းထိသွားသဖြင့် 'တဂူးဂူး တဂဲဂဲ' အော်မြည်ရင်းနှင့်ပင် ခဏကြာတော့ ငြိမ်ကျသွားလေတော့သည်။ ထို့နောက်မှ အသေအချာကြည့်ရာ . . ကျားသစ်နက်ကိုယ်ပေါ်မှာ စိုက်ဝင်နေသည့် ငှက်မွေးအမြီးတပ် မြားတံတစ်ချောင်းကို တွေ့ရသည်။

မြားတံက အတော်ပင် စိုက်ဝင်နေသည်။

နီမောင်က ထိုနေရာတွင် သူ့အပြင် အခြားတစ်ယောက်ရှိနေသေးမှန်းသိသဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူနှင့်မနီးမဝေး ကျောက်တုံးကြားမှ ထွက်လာသော မိန်းမပျိုတစ်ယောက်ကို တွေ့မြင်ရသည်။

သူမလက်ထဲမှာ ကိုင်းတံရှည်လှသော လေးတစ်လက်နှင့် မြားတံတစ်ချောင်း ကိုင်ထားသည်။

အရပ်အမောင်းကောင်းပြီး ကိုယ်လုံးကိုယ်ထည် ဖွံ့ဖြိုးသော အိန္ဒိယသွေးပါသူတစ်ဦး ဖြစ်သည်။

ဆံပင်ရှည်များကို နောက်ဘက်မှာ တစ်ပတ်လျှိုထုံးထားပြီး နဖူးမှာ ကျားသစ်ရေဖြင့် စည်းထားသည်။

ကိုယ်ပေါ်မှာ ဖြစ်သလိုချုပ်ထားသော အဝတ်အစားများကို ဝတ်ဆင်ထားသော်လည်း အချို့နေရာများမှာ စုတ်ပြဲနေသောကြောင့် ဖြူဖွေးသောအသားများက တစ်စွန်းတစ်စပေါ်နေသည်။

သူမမျက်နှာပေါ်မှာ မျက်ခုံးထူထူ၊ တောက်ပသောမျက်လုံး၊ ပေါ်လွင်သောနှာတံနှင့် နီထွေးသောနှုတ်ခမ်းတို့တိုပိုင်ဆိုင်ထားလေရာ တောတောင်ထဲမှာ လှပသောပန်းတစ်ပွင့်ဟုပင် တင်စားပြောဆိုနိုင်ပေသည်။

ထို့ပြင် ခန္ဓာကိုယ်ကလည်း အရွယ်နှင့်မမျှအောင် ဖွံ့ထွားသူဖြစ်သည်။

မလုံတလုံ ဝတ်ထားသော အဝတ်အစားများဖြင့် မြင်ရသောသူမကိုယ်ခန္ဓာမှ ပင်ကိုအလှများကို တစ်စွန်းတစ်စဖော်ပြနေသည်နှင့်ပင် တူနေတော့သည်။

နီမောင်က ကျားသစ်ကိုယ်ပေါ်မှ လှံကို ဆွဲနုတ်ယူလိုက်သည်။





"ဒီကျားသစ်ကို နင်ပစ်လိုက်တာလား"

သူမက ခေါင်းတစ်ချက်ညိတ်ပြပြီး စိုက်ဝင်နေသော မြားတံကို နုတ်ယူပြီး မြားမှာစွန်းပေနေသော သွေးများကို အမွေးများဖြင့် သုတ်ပစ်နေသည်။

"နင်ပစ်တဲ့မြားချက်က အရင်ထိတာဆိုတော့ ဒီကျားသစ်ကို နင်ပဲပိုင်သင့်တယ်"

"ဘယ်ဟုတ်မလဲ ငါ့မြားချက်ထိတယ်ဆိုပေမယ့် နောက်ဆုံးအဆုံးသတ်ပေးတာက နင်ပဲ နင်လည်းဆိုင်သင့်တာပဲ ဒါက ငါတို့မုဆိုးတွေရဲ့ လိုက်နာရမယ့်စည်းကမ်းပဲ"

ထိုစကားကြောင့် နီမောင်က သဘောကျစွာတစ်ချက်ပြုံးလိုက်သည်။

"နင့်နာမည် ဘယ်သူလဲ"

နီမောင်က မေးလိုက်သည်။

"မုဒြာ"

သူမက တစ်ခွန်းပဲပြန်ဖြေသည်။

"နင်က နာမည်လှသလို လူလည်းလှတယ်၊ ဘယ်ရွာမှာနေတာလဲ"

တောများရှိသော နေရာဘက်သို့ လက်ညှိုးထိုးပြပြီး..

"ကျားနက်ရွာ"

ဟုပြောသည်။

"လူရိုင်းတွေနေတဲ့ရွာလား"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြန်မပြောပေ။

"ငါ့အသက်ကို ကယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ငါ့နာမည်က နီမောင်လို့ခေါ်တယ်၊ ငါက ထမီးရှာကပါ"

"နီ . . မောင်"

သူမက နီမောင်နာမည်ကို ရေရွတ်ကြည့်နေသည်။

"ဟုတ်တယ် ငါ့နာမည် နီမောင်ပါ၊ ငါ့ကိုကယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဟု ထပ်ပြောလိုက်သည်။

"ကျေးဇူးတင်စရာ မလိုပါဘူး၊ ငါမပစ်လည်း နင်လွတ်အောင်ရှောင်နိုင်တာပဲ နင်ဘာလုပ်နေတာလဲ"

"ယောဂကျင့်စဉ်ကျင့်နေတာ"

"ယောဂကျင့်စဉ်ဆိုတာ ဘာလဲ"

"စိတ်ငြိမ်အောင် လေ့ကျင့်တာပါ"

"ဘာဖြစ်လို့ ကျင့်တာလဲ"

"စိတ်ငြိမ်တော့ ရန်သူနဲ့တွေ့လည်း စိတ်တည်တည်ငြိမ်ငြိမ်နဲ့ တိုက်ခိုက်လို့ရတာပေါ့"

ထိုစကားကိုတော့ မုဒြာက သဘောကျသွားဟန်ရှိသည်။

"ဟုတ်တယ် နင့်ကြည့်ရတာ ကျားသစ်နက်ကြီးနဲ့ တွေ့နေတာတောင် ကြောက်တဲ့ပုံမပေါ်ဘူး"

"အန္တရာယ်နဲ့တွေ့လို့ ကြောက်နေရင် ကိုယ်ခံရမှာပေါ့ စိတ်အေးအေးထားမှ သူ့ကိုဘယ်လို အနိုင်တိုက်ခိုက်ရမယ်ဆို





တာ သိမှာပေါ့"

"ငါ သဘောကျတယ်"

"ငါ့ကို သဘောကျလာလား"

"အို မဟုတ်ပါဘူး၊ စောစောက နင်ပြောတာကိုပါ၊ ငါ့ကို သင့်ပေးမလား"

"နောက်တစ်ခါတွေ့ရင် သင်ပေးပါ့မယ်"

နီမောင်က ကျောက်ဖျာပေါ်မှ ဓါးကိုပြန်ကောက်ယူပြီး ဓါးမှာပြန်ချိတ်လိုက်သည်။

မုဒြာကတော့ နီမောင်ကို မျက်တောင်မခတ်ကြည့်နေလေသည်။ အသားအရေက သူမတွေ့မြင်ဖူးသောသူများနှင့်တော့ဘဲ ကြည့်ကောင်းနေပြီး ခန္ဓာကိုယ်အချိုးအစားကလည်း တောင့်တင်းကြံ့ခိုင်လေသည်။

"ငါသွားတော့မယ်"

"ဒီကျားသစ်ကို နင်ယူသွားမလား"

နီမောင်က ခေါင်းခါပြသည်။

"နင်ယူသွားပါ၊ ငါက အမဲပစ်ထွက်လာတာမှ မဟုတ်တာ"

"ငါက ဦးခေါင်းနဲ့ သားရေချပ်ကိုပဲ ယူသွားမှာပါ နင်အကူအညီ ပေးနိုင်မလား"

"သားရေချပ် ခွာပေးရမှာလား"

ခေါင်းညိတ်ပြသည်။

နီမောင်က အနည်းငယ်စဉ်းစားပြီးမှ၊



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ နင်ကငါ့ကို အကူအညီပေးခဲ့မှတော့ ငါကလည်း နင့်ကိုတစ်လှည့်ပြန်ပြီး အကူအညီပေး သင့်တာပေါ့"

ဟုပြောလိုက်ရာ သူမမျက်နှာလေးမှာ ပြုံးသွားလေသည်။

သူတို့ပတ်ဝန်းကျင်မှာ သဘာဝတောပန်းများ ဖူးပွင့်နေကြလေသည်။ ပန်းတိုင်းလှကြပေသည်။

သို့သော် သူမအပြုံးက ပိုမိုလှပနေချေသည်။ ပြုံးလိုက်တော့မှ သွားတက်ကလေးနှစ်ဖက် ပေါ်လာလေရာ ပို၍စွဲမက်ဖွယ်ရှိသည်ဟု စိတ်ထဲမှထင်မိလေသည်။

ထို့နောက် နှစ်ယောက်သား သေနေပြီဖြစ်သော ကျားသစ်နက်၏ ဦးခေါင်းကိုဖြတ်ကာ သားရေချပ်ကို ဓားဖြင့် ခွာယူကြသည်။

သားရေချပ်ကို ဓားချက်ထိပြီး အပေါက်အပြဲ မဖြစ်စေရန် သတိထားပြီး ခွာကြရခြင်းဖြစ်သည်။

သွေးတို့က ချင်းချင်းနီနေသည်။

နှစ်ယောက်စလုံးမှာလည်း ကျားသစ်သွေးတို့ဖြင့် နီရဲနေလေပြီ။

လုပ်ရင်းကိုင်ရင်းနှင့် လက်ချင်းထိမိသောအခါ မတိုင်ပင်ရပဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသည်။

ထိုအကြည့်များက မမျှော်လင့်ပဲ မျက်လုံးများမှတစ်ဆင့် ရင်ထဲအထိ ရောက်ကြလေသည်။ ထိုအခါ နှလုံးသွေးတို့ထ





ဆုဝေနိုးထလာသည်။ တစ်စုံတစ်ခုကို မသိကျိုး ကျွန်ပြုကာ ကျားသစ်ရေခွာသောအလုပ်ကို ပြီးအောင်လုပ်ကြလေသည်။

ပြီးသောအခါ ခွာပြီးသော ကျားသစ်နက်ရေကို ရေစပ်အထိဆွဲချလာကာ စွန်းပေနေသော သွေးများကို စင်ကြယ်အောင် ဆေးကြောကြသည်။

ကျားသစ်ရေက သန့်စင်သွားသော်လည်း နှစ်ယောက်စလုံး ကိုယ်ပေါ်မှာတော့ သွေးများကြောင့် နီရဲနေလေပြီ။

"ငါ ဟိုဘက်နားသွားပြီး ရေချိုးလိုက်ဦးမယ်၊ နင်လည်း ရေချိုးချင်ချိုး"

ဟုပြောပြီး နီမောင်က အနည်းငယ်ဝေးသော ကျောက်တုံးနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ ထိုအခါမှ မုဒြာလည်း ရေထဲဆင်းကာ ဆေးကြောရလေသည်။

ရေတံခွန်မှကျနေသော ရေများက ကြည်လင်လှသည်။ လူတစ်ရပ်လောက်အထိ အောက်ခြေကိုမြင်ရလေသည်။ မုဒြာ ရေချိုးနေရင်းနှင့် နီမောင်ရှိသောနေရာဘက်သို့ နားစွင့်ကြည့်သည်။

ပထမတော့ ရေချိုးနေသောအသံကို ကြားရသေးသည်။ အတန်ကြာတော့ အသံပျောက်သွားသည်။

သူမလည်း ရေချိုးပြီး အပေါ်ပြန်တက်လာပြီး နေရာမှာ တော်ကြာအောင် ရပ်စောင့်နေသေးသည်။

နီမောင်က ထွက်မလာတော့ပေ။

ထိုနေရာဘက်မှ အသံလည်း ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီမောင်"

ခေါ်ကြည့်တော့လည်း အသံမကြားရတော့ပေ။

စိတ်ထဲမှာ နည်းနည်းတော့ ထင့်သွားသည်။

သို့ကြောင့် လေးနှင့်မြားကိုယူပြီး ကျောက်တုံးနောက်သို့ သွားကြည့်လေသည်။

ကျောက်တုံးနောက်ဘက်တွင် နီမောင် မရှိတော့ပေ။

ဟိုဟိုဒီဒီ ကြည့်တော့လည်း မတွေ့ရသဖြင့် ခေါ်ကြည့်ပြန်သည်။

"နီမောင်. . နီမောင်"

ကျောက်တုံးများနောက်မှ ပဲ့တင်သံသာကြားရပြီး အခြားဘာမှ မကြားရတော့သဖြင့် ထိုနေရာသို့ ဆင်းကြည့်သည်။

နီမောင်ကိုတော့ အစအနမျှပင် မတွေ့ရသော်လည်း ရေစပ်သဲပြင်ပေါ်မှာတော့ နီမောင်တင်ထားခဲ့သော အရာနှစ်ခုကို တွေ့ရလေသည်။

ကျောက်တုံးကလေးများကို အသည်းနှလုံးပုံ ပြုလုပ်ထားပြီး အလယ်နေရာတွင် အသည်းပုံပြုလုပ်ထားသော သစ်ရွက်နှစ်ရွက်ကို ယှဉ်လျက်ချထားသည်ကို တွေ့ရလေသည်။

မုဒြာအနေနှင့် တောတွင်းမှာ မွေး၊ တောထဲမှာပင် ကြီးပြင်းခဲ့သူဖြစ်သော်လည်း အသည်းနှလုံးပါသော မိန်းမပျိုဖြစ်သည်။ အသည်းနှလုံးအတွက် ဘာသာစကားမလိုပေ။

စာတတ်ရန်လည်း မလိုပေ။

နားလည်နိုင်သော သင်္ကေတတစ်စုံတစ်ခုကို မြင်ရုံနှင့်





ဦးနှောက်မှတစ်ဆင့် အသည်းနှလုံးထံသို့ သတင်းပေးပို့နိုင်သည်။

အသည်းနှလုံးက ထိုအချက်ကိုလက်ခံပြီဆိုလျှင် 'အချစ်'နှင့်ပတ်သက်သော နိုးကြားမှုများသည် အလိုအလျောက်ပင် ရင်ထဲသို့ ဝင်ရောက်လာနိုင်ပေ၏။

မုဒြာက ထိုနေရာသို့ ဒူးထောက်ထိုင်ချလိုက်ပြီးနောက် ချထားသော အသည်းနှလုံးပုံ ပြုလုပ်ထားသော သစ်ရွက်နှစ်ရွက်ကို ကောက်ယူလိုက်သည်။ ပြီးနောက် ထိုနှစ်ရွက်ကို ရင်ဘတ်နေရာမှာ ကပ်ထားလိုက်သည်။

အတန်ကြာတော့မှ ထိုသစ်ရွက်နှစ်ရွက်တို့ ရင်ချင်းအပ်ကာ တုတ်ချွန်ဖြင့်ဖောက်တွဲကာ ထိုနေရာမှာပင် ပြန်စိုက်ချထားလိုက်သည်။

နီမောင်က သူ့သဘောကို သင်္ကေတဖြင့် ပြောသလို၊ သူမကလည်း တုံ့ပြန်လိုသောသဘောကို သင်္ကေတနှင့်ပင် ပြန်ပြောခဲ့ခြင်းဖြစ်ပေသည်။


ခဏကြာတော့ မုဒြာကထိုနေရာမှ ထွက်သွားလေသည်။ ထိုအခြေအနေကို တစ်နေရာမှ စောင့်ကြည့်နေသော နီမောင် မြင်သောအခါ များစွာကျေနပ်သွားကာ သက်ပြင်းတစ်ချက် ချလိုက်လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

# အန္တရာယ်များလှသောတောင်ကြား

တစ်နေ့သ၌ ထမီးရွာထဲသို့ လူတစ်စုရောက်လာကြသေးသည်။ ခေါင်းဆောင်လာသူမှာ မျက်နှာဖြူသုံးယောက်ဖြစ်ပြီး ၎င်းတို့မှ ဂေါ်ရခါးစစ်သားများနှင့် လမ်းပြအချို့ ပါလာလေသည်။ စုစုပေါင်း (၁၅)ယောက်ခန့်ရှိပြီး ပစ္စည်းများကို လားများဖြင့် တင်ဆောင်လာခြင်းဖြစ်၏။

၎င်းတို့အဖွဲ့ကို ခေါင်းဆောင်သူမှာ ခရစ်ယာန်ဘာသ



www.burmeseclassic.com

www.burmeseclassic.com



နာပြုဆရာ စတီဗင်ဆိုသူဖြစ်ပြီး အခြားနှစ်ယောက်ကတော့ ကာရစ်နှင့် ဂျက်ဆန်ဆိုသူတို့ဖြစ်သည်။

မိမိတို့အရပ်သို့ မျက်နှာဖြူများ လာရောက်လေ့မရှိသဖြင့် တစ်ရွာလုံးက ထိတ်လန့်ကြောက်ရွံ့နေကြလေသည်။ စကားပြန်နှင့် လမ်းပြများက ရွာလူကြီးအိမ်သို့ မေးမြန်းပြီးသွားကြရာ ရွာအစွန်ဘက်၌ရှိသော ရွာလူကြီး ဇမုန်းထန်နေအိမ်သို့ ရောက်လာကြသည်။

ခရီးသွားအဖွဲ့နှင့်ပါလာသော စကားပြန်များက ဒေသခံများ၏ စကားများကို ကောင်းစွာနားလည်သောကြောင့် ပြောဆိုရတာ မခက်ခဲလှပေ။

ဇမုန်းထန်ကလည်း ဧည့်သည်များအား နေရာထိုင်ခင်းများပေးပြီး လာရင်းကိစ္စကို မေးလေသည်။

"ဘာကိစ္စရှိလို့ ရောက်လာကြတာလဲ"

"ဒီနေရာတစ်ဝိုက်မှာ သရဲတောင်ကြားဆိုတဲ့နေရာ ရှိတယ်မဟုတ်လား"

ခေါင်းဆောင်က မေးသည်။

"ရှိပါတယ်"

"ငါတို့သွားချင်တယ် အဲဒီနေရာကိုလိုက်ပို့ပေးပါ"

"ဒီရွာကလူတွေက အဲဒီဘက်ကိုမသွားဝံ့ကြဘူး"

"ဘာဖြစ်လို့လဲ"

"လူကိုဖမ်းစားတဲ့ သရဲတွေ ဘီလူးတွေရှိတယ်"

"ဒါတွေက ကြောက်စရာမှ မဟုတ်တာ"





"နောက်ပြီး လူသားစားတဲ့ . လူတွေကို ယဇ်ပူဇော်တတ်တဲ့ ကသည်းလူရိုင်းတွေရှိတယ်"

"ဒါလည်း ကြောက်စရာမှ မဟုတ်တာ၊ ငါတို့မှာ သေနတ်တွေ အများကြီးပါတယ်၊ စစ်သားတွေပါတယ်၊ အဲဒီ နေရာကိုသိတဲ့ မင်းတို့ရွာက လမ်းပြနှစ်ယောက် လိုချင်တယ်"

ဇမုန်းထန်မှာ မတတ်သာတော့သဖြင့် မျက်နှာဖြူများကို ၎င်းနေအိမ်မှာထားပြီး ရွာထဲသို့ထွက်သွားလေသည်။ လမ်းပြထည့်ပေးရမည်ဆိုလျှင် တော်ရုံလူကို ထည့်ပေး၍မရမှန်း သူသိသည်။

တောကျွမ်းကျင်ပြီး လျင်မြန်ဖျတ်လတ်သူ ဖြစ်ရမည်။ ဘေးအန္တရာယ်နှင့်တွေ့ပါက ရင်ဆိုင်နိုင်သူမျိုး ရွေးရမည်ဖြစ်သဖြင့် နီမောင်တို့ရှိသောနေရာသို့ လာခဲ့ခြင်းဖြစ်သည်။

၎င်းတို့နေသော နေရာသို့ ရောက်သောအခါ နီမောင်သာမက ၎င်းနှင့် တွဲဖော်တွဲဖက်များ ဖြစ်ကြသည့် စောထီးနှင့် မောင်တို့နှစ်ယောက်ကိုပါ တွေ့ရသဖြင့် အဆင်ပြေသွားသည်။

နီမောင်တို့ကလည်း သူတို့ဆီသို့ ရွာလူကြီးရောက်လာသည်ကို မြင်သောအခါ အံ့ဩသွားကြလေသည်။

"ဆလိုင်း၊ ဘယ်ကလာတာလဲ"

"မင်းတို့ဆီ တမင်လာတာပဲ ပြောစရာရှိလို့"

ပြောပြောဆိုဆိုနှင့် ကွပ်ပျစ်ပေါ် ဝင်ထိုင်သဖြင့် သူတို့သုံးယောက်ကလည်း မနီးမဝေးမှာ ထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ဘူး မျက်နှာဖြူနဲ့ စစ်သားတွေ ရွာထဲရောက်လာကြတယ်"

"ဘယ်အတွက်ရောက်လာတာလဲ"

"သရဲတောင်ကြား သွားကြမလို့တဲ့၊ အဲဒါ လမ်းပြပေးဖို့ လူတောင်းနေတယ်၊ တခြားလူတွေထည့်ပေးရင်လည်း ဟန်မှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းတို့ဆီလာခဲ့တာပဲ"

ထိုသို့ပြောတော့မှ ရွာလူကြီးရောက်လာသော ရည်ရွယ်ချက်ကို သိကြရသည်။

"အမှန်ပြောရရင် ကျွန်တော်တို့က သူတို့နဲ့မပတ်သတ်ချင်ဘူး၊ သူတို့ကို သဘောမကျဘူး"

"ကိုယ့်ပြည်ကို မတရားသိမ်းပိုက်တဲ့လူတွေကို ငါလည်း သဘောမကျပါဘူး၊ ငါလာပြောတဲ့ရည်ရွယ်ချက်က သူတို့ကို အကူအညီပေးဖို့ မဟုတ်ဘူး၊ ငါတို့ကို ဒုက္ခပေးနေတဲ့တိုင်းတစ်ပါးသားတွေကို အခွင့်အရေးရတုန်း၊ ပြန်ပြီးဒုက္ခပေးလိုက်ရရင် မကောင်းဘူးလား"

ထိုစကားကြားတော့ နီမောင်တို့သုံးယောက်စလုံး စိတ်ဝင်စားသွားကြသဖြင့် ဇမုန်းထန်အနီးသို့ တိုးကပ်လာကြသည်။

"ဘယ်လိုလုပ်ရမလဲ"

"သေမင်းရှိတဲ့နေရာကို ခေါ်သွားရမှာပေါ့၊ သရဲတောင်ကြားတစ်ဝိုက်မှာ သူတို့ကိုဒုက္ခပေးမယ့် လူရိုင်းတွေရော သားရဲတိရစ္ဆာန်တွေရောရှိတယ်၊ မင်းတို့က သူတို့ကိုအဲဒီနေရာကို လိုက်ပို့ပေးလိုက်ကြရုံပဲ"





"ဒီအကြံကတော့ကောင်းတယ်၊ ဒါပေမယ့် ကျွန်တော်တို့အတွက်လည်း အန္တရာယ်ရှိနိုင်တာမို့ သတိတော့ထားရမယ်"

ဟု ငမဲအောင်က ပြောသဖြင့် စောထီးက. . .

"ငါတို့က ဒီနေရာမှာမွေး၊ ဒီနေရာမှာကြီးကြတဲ့သူတွေ ဒီနေရာအကြောင်းတွေ သိကြတာပေါ့၊ ကြောက်စရာ မလိုပါဘူးကွာ"

ဟုဝင်ပြောလိုက်သည်။

"ကောင်းပါပြီ၊ ဆလိုင်းပြောတဲ့အဓိပ္ပါယ်ကို ကျွန်တော်သဘောပေါက်ပါပြီ၊ ကိုယ်သတ်ရင် အပြစ်ကင်းမှာမဟုတ်ဘူး၊ ဒါတော့ သူတို့သွားချင်တဲ့သေမင်းဆီကို ပို့ပေးလိုက်ရင်လည်း ရိုတ်နဲ့သူ အေးမှာပဲ ကျွန်တော်တို့သုံးယောက်လိုက်ပို့ပေးမယ်"

ဟုနီမောင်ကပြောသောအခါ ဇမုန်းထန်လည်းကျေနပ်စွာ ပြန်သွားလေတော့သည်။

ဇမုန်းထန်ပြန်သွားတော့မှ ငမဲအောင်ကပြောသည်၊

"တလောက တောထဲမှာ မင်းနဲ့တွေ့ခဲ့ရတဲ့ ကောင်မလေးက ဘယ်ရွာကတဲ့လဲ"

"လူရိုင်းရွာက ဖြစ်မှာပေါ့"

"သရဲတောင်ကြားနဲ့ အနီးတစ်ဝိုက်မှာ လူရိုင်းတွေနေတဲ့ရွာရှိတယ်လို့တော့ ပြောသံကြားမိတယ်၊ ရွာနာမည်က ဘာတဲ့"

"ကျားနက်ရွာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ပါတယ်၊ သရဲတောင်ကြားရောက်ရင် တောင် ပြန်တွေ့နိုင်သေးတယ်၊ မင်းတွေ့ခဲ့တဲ့ကောင်မလေး အတော်လှသလား"

"အင်း . . လှတယ်"

"ကသည်းတွေက အိန္ဒိယသွေးနဲ့ နီးစပ်တော့ သူတွေများတယ်၊ သူတို့လည်း တောထဲမှာနေလို့သာ လူရိုင်း လို့ခေါ်ကြပေမယ့် ချောတဲ့သူတွေလည်းရှိမှာပဲ"

"ဒါထက် မင်းက သူ့ကို သဘောကျတဲ့အကြောင်း တော့ သူကဘယ်လိုပြန်ပြောသလဲ"

စောထီးက စိတ်ဝင်စားစွာမေးသည်။

"သူ့အမူအရာကြည့်ရတာတော့ ငါ့ကိုသဘောကျ ပဲ"

"ဒီလိုဆိုရင် နောက်တစ်ခါတွေ့ရင် သူတို့ရွာကို သွားကြည့်ပေါ့ကွ"

"မလုပ်ပါနဲ့ကွာ သူ့အချစ်ကိုမရပဲနဲ့ ခေါင်းဖြတ်ပြီး ပူဇော်ခံနေရပါဦးမယ်"

ဟုပြောရာ စောထီးနှင့်ဝမ်အောင်တို့က သဘော ရယ်ကြလေသည်။

နောက်တစ်နေ့ နံနက်စောစောမှာပင် ရွာလူကြီး သို့ သွားကြလေသည်။ နံနက်ပိုင်းအချိန် ဖြစ်သောကြောင့် များက မကွဲသေးပေ။

မည်သည့်နေရာ ကြည့်ကြည့် ဝေ့ဝေ့ဝါးဝါးရှိနေ





သူတို့ရောက်သွားတော့ အိမ်အောက်တွင် မီးလှုံနေကြသော မုဆိုးဖြူသုံးယောက်နှင့် ဂေါ်ရခါးစစ်သားများကို တွေ့ရသည်။

ဇမုန်းထန်က လမ်းပြပေးမည့်သူများ ရောက်လာပြီဖြစ် ကြောင်း ပြောလိုက်သောအခါ စကားပြန်လုပ်ပေးနေသူ 'ထွန်းခ' က နေရာမှထလာသည်။

ထွန်းခသည် ရခိုင်သွေးပါသူတစ်ဦးဖြစ်ပြီး အသက် (၃၀)ကျော်ခန့်ရှိသည်။

"လမ်းပြလိုက်မှာ မင်းတို့လား"

"ဟုတ်တယ်"

"သေမင်းတောင်ကြားဆိုတဲ့ နေရာကိုသိသလား . . ၊ ရောက်ဖူးသလား"

ခေါင်းညိတ်ပြသည်။

"အဲဒီနေရာအကြောင်းကို ဘာတွေသိသလဲ"

"ရောက်ဖူးတာပဲရှိတယ်၊ သိပ်မသိဘူး"

"အဲဒီနေရာမှ တစ္ဆေသရဲတွေရှိသလား"

"တစ္ဆေသရဲဆိုတာ နေရာတိုင်းမှာရှိကြတာပဲ"

"လူရိုင်းတွေရှိတယ်ဆိုတာရော အမှန်ပဲလား"

"တောတောင်တွေထဲမှာ လူရိုင်းတွေကတော့ရှိတာပဲ"

နီမောင်က ကျကျနနမဖြေချင်သဖြင့် သင့်သလောက် သာပြန်ပြောလေသည်၊

"ဒါထက် အဲဒီနေရာမှာ ရတနာသိုက်ကြီးတစ်ခုရှိတယ် ဆိုတာကိုရော သတင်းကြားမိသလား"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းခက သူသိချင်တာကို ဆက်မေးသည်။

"ကျုပ်တို့က ရတနာသိုက်ကို စိတ်မဝင်စားဘူး၊ ထမင်းမှန်မှန်စားရဖို့ပဲ စိတ်ဝင်စားတယ်၊ ဒီနေရာတွေမှာ ရွှေတုံးတွေရလည်း ဘာမှမသုံးမဝင်ဘူး၊ စိန်တစ်တုံးရလည်း စားလို့မရဘူး အဲဒါတွေထက် စိုက်ခင်းတစ်ခင်းအောင်မြင်သွားရင် ထမင်းစားလို့ရတယ်"

"မင်းကလည်း တောထဲမှာသာနေတယ် အလာကြီးပါလား"

ထွန်းခက မကျေမနပ်ဖြင့် ပြန်ပြောလေသည်။

ထို့နောက်မှာတော့ မြူနှင်းများကွဲသွားပြီဖြစ်သော ကြောင့် ခရီးထွက်ရန် ပြင်ဆင်ကြသည်။

ခရီးသွားအဖွဲ့က (၁၅)ယောက်၊ နီမောင်တို့က (၃) ယောက်၊ စုစုပေါင်း (၁၈) ယောက်ဖြစ်သည်။

အင်္ဂလိပ်များနှင့် ဂေါ်ရခါးစစ်သားများမှာ သေနတ်များ ဓားများပါကြသည်။

နီမောင်တို့သုံးယောက်မှာလည်း တောတက်ရာမှာ ယူဆောင်သွားလေ့ရှိသော လေးမြား၊ ဓား၊ လှံ တို့အပြင် ရေဘူး ရိက္ခာထည့်ထားသော ပလိုင်းနှင့် အိတ်များပါသည်။

ထို့နောက်မှာတော့ သရဲတောင်ကြားရှိသောနေရာဘက်သို့ ဦးတည်ပြီး ခရီးသွားကြလေသည်။

ထိုနေရာများမှာ တောတောင်ထူထပ်လှပြီး အသင့်ဖောက်ထားသော လမ်းမရှိသည်ကတစ်ကြောင်း၊ လူချည်း သက်





သက်မဟုတ်ပဲ ပစ္စည်းထုပ်များတင်သော လားများပါသည်က တစ်ကြောင်းကြောင့် လမ်းရှေ့ပြီး သွားနေရသောကြောင့် ခရီး ကြန့်ကြာလှသည်။

လမ်းတစ်လျှောက်လုံးမှာတော့ ဘေးအန္တရာယ်နှင့် အနှောင့်အယှက်များ မတွေ့ကြရပေ။

နေ့လယ်ပိုင်းအချိန်ရောက်တော့ နော်ကိုဗန်တောင်နှင့် ကယ်နယ်ဒီတောင်နှစ်လုံးကြားသို့ ရောက်သွားကြသည်။ ထိုနေရာရောက်တော့ ခရီးတစ်ထောက်နားပြီး စားသောက်ကြသည်။

"ငါတို့သွားရမယ့်နေရာက အတော်ဝေးသေးသလား"

"နောက်တစ်နေ့ ညနေပိုင်းလောက်ဆိုရင် သရဲတောင်ကြားကို ရောက်နိုင်တယ်"

ဟုပြောသဖြင့် ထွန်းခလည်း ထပ်မမေးတော့ပေ။

ထိုနေရာမှ ခရီးဆက်ကြပြီး ညနေစောင်းအချိန်ရောက်သောအခါ ထိုညအဖို့ စခန်းချရန် နေရာရှာဖွေကြသည်။

တောတောင်ထူထပ်သော နေရာဖြစ်သောကြောင့် ညနေပိုင်းအချိန်လောက်မှာပင် အမှောင်ရိပ်များက နေရာအနှံ့ ဖုံးလွှမ်းနေချေပြီ။

အအေးဓာတ်က ဝင်လာသည်နှင့် မြူနှင်းများကလည်း ဆဲ့ဆိုင်းလာပြီဖြစ်သောကြောင့် ဂူပေါက်တစ်ခုရှာပြီး စခန်းချကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ ကျောက်တောင်များ ပေါ်သလို ဂူပေါက်များကလည်း နေရာအနှံ့မှာ ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့စခန်းချသော ဂူပေါက်မှ အတော်ကျယ်ဝန်းသဖြင့် နေကွယ် နှင်းကွယ် နေနိုင်ကြသည်။

ဦးစွာ ထင်းခြောက်နှင့် သစ်တုံးများ ရှာဖွေစုဆောင်းကာ မီးဖိုကြီးရအောင် ဖိုကြသည်။

မီးအရှိန်ရတော့မှ ရေနွေးကျိုခြင်း၊ အစားအသောက်အတွက် စီမံမှုများ ပြုလုပ်ကြသည်။ နီမောင်တို့ကတော့ ၎င်းတို့မှာပါသော အစားအသောက်များကိုသာ စားသောက်ကြလေသည်။

ညအချိန်ရောက်တော့ သေနတ်ကိုင်ထားသော ဂေါ်ရခါး စစ်သားနှစ်ယောက်စီ အလှည့်ကျကင်းစောင့်ပြီး ကျန်လူများက မောမောနှင့် အိပ်ကြလေသည်။

အဖွဲ့ခေါင်းဆောင် စတီဗင်ကတော့ ဂူထဲမှာ မီးအိမ်တစ်လုံးထွန်းကာ ၎င်းမှာပါသော မြေပုံစာရွက်ကို ကြည့်ရှုနေလေသည်။ ထိုမြေပုံစာရွက်မှာ နှစ်ကြာနေသည်က တစ်ကြောင်း တစ်လက်မှတစ်လက် ပြောင်းလာခဲ့သောကြောင့် ဟောင်းနွမ်းလှပေပြီ။

မြေပုံပေါ်မှာတော့ သင်္ကေတအမှတ်အသားများ ရေးသားမှတ်ထားလေသည်။ ထိုအမှတ်အသားများမှာ သူ့နေရာနှင့်သူ အရုပ်သင်္ကေတများဖြင့် ရေးထားလေသည်။

ကာလကြာပြီဖြစ်သဖြင့် အချို့အမှတ်အသားများမှာ မှေးမှိန်ပျက်ပြယ်နေကြလေပြီ။ ထိုအမှတ်အသားများမှာ . . .

နေ အမှတ်အသား၊ လ အမှတ်အသား၊ မြင်းခွာ အမှတ်





အသား၊ အမျိုးသမီးရင်သား အမှတ်အသား၊ မြွေ အမှတ်အသား၊ [illegible] အမှတ်အသား၊ လေးကိုင်း အမှတ်အသား၊ ကြက်ခြေခတ် အမှတ်အသား၊ ရေဘူး အမှတ်အသား၊ ဓား အမှတ်အသား၊ သရဲတစ္ဆေပုံ အမှတ်အသား၊ လမ်းကြောင်းများ အမှတ်အသား၊ [illegible] အမှတ်အသား၊ ရွှေကြော အမှတ်အသား၊ လူရိုင်းတို့ အမှတ်အသားများအပြင် ကြောက်စရာပုံပန်းသဏ္ဌာန်ရှိသော ပုံသဏ္ဌာန်များကို သူ့နေရာနှင့်သူ ရေးထားလေသည်။

စတီဗင်က ထိုအမှတ်အသားများကို ကြည့်ပြီးအဓိပ္ပါယ်ဖော်ရန်ကြိုးစားနေသည်။

သို့သော် အချို့လောက်သာသိပြီး အချို့ကိုတော့ ဘာမှန်းမသိပေ။

ညဉ့်နက်ပိုင်း ရောက်လာသောအခါ အစောင့်ကျနေသည့် ဂေါ်ရခါးစစ်သားနှစ်ယောက်က ဆေးခြောက်ဖြင့် လိပ်ထားသော ဆေးပတ်လိပ်များကို မီးညှိကာ တစ်ယောက်တစ်လှည့်ဖွာနေကြရာ အတန်ကြာတော့ မူးပြီး အိပ်ပျော်သွားကြလေသည်။

သူတို့အိပ်ပျော်သွားသောအချိန်မှာ ဂူပေါက်ဝနှင့် မနီးမဝေးနေရာသို့ မည်းမည်းသဏ္ဌာန်များ ချဉ်းကပ်လာကြလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ အအေးဓါတ်ကလည်း ဖြည်းဖြည်း ပိုများလာသောကြောင့် ဂူထဲမှာရှိနေကြသူများ အိပ်ပျော်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့သုံးယောက်ပင် ဂူပေါက်ဝမှာ သေနတ်ကို ထားသော ဂေါ်ရခါးစစ်သားများ စောင့်နေသဖြင့် စိတ်ချလက်ချ ပင် အိပ်ကြလေသည်။

သို့သော် ထွန်းခတို့ကတော့ စိတ်ချလက်ချ မအိပ်ရ ပါလာသော လက်နက်များကို ကိုယ်နှင့်မကွာထားကာ သတိ အိပ်ကြလေသည်။

သန်းခေါင်ယံအချိန်ကျော်တော့ နှင်းများက ပိုကျလာ အအေးဓါတ်ကလည်း ပိုများလာသည်။

ပတ်ဝန်းကျင်မှာလည်း တိတ် ဆိတ်ငြိမ်သက်နေလေ

အစောင့်ကျသော ဂေါ်ရခါးနှစ်ယောက်မှာလည်း ခြောက်မူးပြီး အိပ်ပျော်သွားကြလေသည်။

ထိုအခိုက်မှာပင် တောထဲမှ ရောက်နေသော မည်းသဏ္ဍာန်အချို့က ဂူပေါက်ဝအနီးသို့ ချဉ်းကပ်လာ သည်။

ထိုသို့ ချဉ်းကပ်လာသည်ကိုတော့ ဂူအတွင်းမှ အိပ် နေသူများ မသိလိုက်ကြပေ။

နောက်တစ်နေ့ နံနက်ပိုင်း ရောက်တော့မှ နိုးလာ ကြည့်လိုက်တော့ အစောင့်ကျနေသည့် ဂေါ်ရခါးစစ်သား ယောက်ကို မတွေ့ကြရတော့ပေ။

ပထမတော့ တစ်နေရာသို့ အပေါ့အပါး သွားနေ ထင်သဖြင့် စောင့်နေကြသေးသည်။

တော်တော်နှင့် ရောက်မလာတော့မှ အချို့က ဂူ





ပြင်သို့ ထွက်ကြည့်ကြသည်။

ဂူအပြင်မှာလည်း နှင်းများပိတ်နေသေးသဖြင့် ဘာမှ မမြင်ရသေးပေ။

ခဏကြာတော့ ဝူးဝူးဝါးဝါး အော်သံများကြားရပြီး အ ပြင်ထွက်ရှာသော ထွန်းခတို့ ပြန်ပြေးလာကြသည်။

"ဘာဖြစ်တာလဲ"

"ဟို . . ဟိုနားမှာ . . ဂေါ်ရခါးနှစ်ယောက်"

ဟု အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောသဖြင့် သေနတ်များ ပြင်ဆင်ပြီး သွားကြည့်ကြသည်။

ဂူပေါက်ဝနှင့် မနီးမဝေးနေရာရောက်တော့ ဂေါ်ရခါး နှစ်ယောက်ကို တွေ့ကြရသည်။

ကိုယ်မရှိတော့ပဲ ဦးခေါင်းပြတ်နှစ်လုံးကို ဝါးချွန်ဖြင့် ထိုးကာ ထောင်ထားခဲ့ခြင်းဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာတော့ သွေးများအိုင်ထွန်းနေ သည်။ သွေးကွက်များက မခြောက်သေးသဖြင့် ယင်ကောင်၊ ပိုးကောင်များက ဝိုင်းအုံလျက်ရှိသည်။

နံနက်စောစော စိတ်မချမ်းမြေ့စရာ မြင်ကွင်းနှင့် စတင် မိတ်ဆက်ကြရခြင်း ဖြစ်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

# တောတိရစ္ဆာန်များမစားဝံ့သည့် လူ့ပြိတ္တာများ

သူတို့စခန်းနှင့် မနီးမဝေး တောစပ်တစ်နေရာတွင် ဂေါ်ရခါးနှစ်ယောက်တို့၏ ဦးခေါင်းဖြတ်ပြီး ဝါးချွန်ဖြင့်စိုက်ထောင်ထားသော မြင်ကွင်းမှ မကောင်းလှပေ။

ထိုမြင်ကွင်းကိုမြင်သောအခါ မျက်နှာဖြူသုံးယောက်တို့မှာ မျက်နှာပျက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့ကတော့ . သေနတ်ရှိသော ဂေါ်ရခါးနှစ်ယောက်စလုံးကို မည်သို့မည်ပုံ ခေါင်းဖြတ်သတ်သွားသည်ကို ငေး်းစားနေကြသည်။

ဦးခေါင်းသာတွေ့ရပြီး ခန္ဓာကိုယ်မတွေ့ရသဖြင့် ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြသော်လည်း မတွေ့ကြရပေ။

သွေးကွက်များနှင့် တရွတ်တိုက်ဆွဲယူသွားသော စွတ်ကြောင်းအချို့ကိုသာ တွေ့ကြရသည်။

နောက်ဆုံးမှာတော့ လက်လျှော့ပြီး ထိုနေရာမှ ခရီးဆက်ရန် ပြင်ကြလေသည်။

သရဲတောင်ကြားသို့ မရောက်မီမှာပင် လူနှစ်ယောက်သေဆုံးသွားခဲ့ရပြီ။

ထိုနေရာတစ်ဝိုက်မှာ အန္တရာယ်များရှိနေပြီကို သိကြရသဖြင့် ခါတိုင်းလို ပေါ့ပေါ့လျော့လျော့ မနေဝံ့ကြတော့ပဲ သတိဖြင့် နေကြရသည်။

နီမောင်တို့ပြောပြစဉ်က သူတို့မှာ လက်နက်အပြည့်အစုံပါသဖြင့် ဂရုမစိုက်ကြောင်း ပြောသည့်မျက်နှာဖြူများပင် မျက်စိမျက်နှာ ပျက်နေကြသည်။

ထိုနေရာမှ ထွက်ကာနီးတော့ မေးသည်။

"ဘယ်လိုရန်သူမျိုးလဲ၊ မင်းတို့ပြောတဲ့ တစ္ဆေသရဲတွေလာသတ်သွားတာလား"

"တစ္ဆေသရဲတွေက ခါးမကိုင်ဘူး၊ ဒါလူရိုင်းတွေလက်ချက် ဖြစ်နိုင်ပါတယ်၊ ဒီနေရာတစ်ဝိုက်မှာ လူရိုင်းတွေနေတဲ့နေရာတွေ ရှိတယ်"

"သူတို့ရှိတဲ့နေရာသွားပြီး တိုက်ခိုက်သုတ်သင်ပစ်ရင်ကောင်းဘူးလား"

"မကောင်းပါဘူး၊ သူတို့နေရာသွားရင် ကိုယ့်သေတွင်းကိုယ်တူးသလိုဖြစ်ပြီး အားလုံးသေနိုင်ပါတယ်"

"ငါကတော့ မကျေနပ်ဘူး၊ ငါ့လူတွေကို သတ်တဲ့အရိုင်းအစိုင်းတွေကို မတွေ့တွေ့အောင်ရှာဖွေပြီး သုတ်သင်ပစ်ရမယ်၊ ငါတို့လူမျိုးတွေက ဗမာပြည်ကိုတောင် ရအောင်သိမ်းနိုင်ကြသူတွေပဲ၊ ဒီအရိုင်းအစိုင်းတွေကို ကြောက်စရာမလိုဘူး၊ ကိစ္စတွေပြီးရင်တော့ အဲဒီနေရာတွေကိုသွားပြီး အားလုံးသတ်ပစ်ရမယ်"

ထိုကဲ့သို့ လက်သီးလက်မောင်းတန်းပြီး ပြောနေသော်လည်း နီမောင်တို့သုံးယောက်ကတော့ ထွေထွေထူးထူး ထပ်မပြောတော့ပေ။

သူတို့စိတ်ထဲမှာတော့ နောက်ထပ်အန္တရာယ်များဖြင့် တွေ့ပါက မည်သို့မည်ပုံ ရှောင်တိမ်းရမည်ကိုသာ တိုင်ပင်ထားကြသည်။

ထို့နောက်မှာတော့ ပစ္စည်းများကို လားများပေါ် သို့တင်ကာ ထိုနေရာမှ ထွက်လာကြလေသည်။

သူတို့ရောက်နေသောနေရာမှာ နော်ကိုဗန်တောင်နှင့် ကာယ်နယ်ဒီတောင်မြင့် ကြီးနှစ်လုံးကြားသို့ ရောက်နေပြီဖြစ်သဖြင့် သူတို့သွားမည့် သရဲတောင်ကြားရှိသောနေရာနှင့် မဝေးသတော့ပေ။







www.burmeseclassic.com

www.burmeseclassic.com



သို့သော် တောင်တက်တောင်ဆင်းများပြီး၊ တောကလည်း နက်သောကြောင့် ခရီးမတွင်လှပေ။

လူတို့ချည်းဆိုပါက မထောင်းတာသော်လည်း ဝန်တင်သောလားများပါနေသောကြောင့် လမ်းတွေ့တိုင်း သွားမရကြပေ။

တောင်ကြားနှင့် ချောက်များခံနေသော နေရာသို့ရောက်လျှင် ကွင်းရှောင်ပြီး သွားနေရသဖြင့် အချိန်ကြာလှသည် လှမ်းမြင်နေရသော နေရာရောက်ဖို့ပင် နေ့ဝက်ခရီးခန့်ကြာအောင် သွားကြရသည်။

အဖွဲ့ခေါင်းဆောင် စတီဗင်ကတော့ ထိုနေရာများသို့ ရောက်လာသည်နှင့် သူ့မှာပါလာသော မြေပုံစာရွက်ကို မကြာခဏ ထုတ်ကြည့်နေလေသည်။

သူသည် တောင်မြင့်ကြီးနှစ်လုံးကို အမှတ်အသားပြုပြီး သူသွားလိုသောနေရာအား မှန်းဆကြည့်နေဟန်ရှိသည်။

နောက်ဆုံးမှာတော့ သူတို့သွားလိုသော တောင်ကြားသို့ ရောက်လာကြသည်။ အချိန်ကလည်း ညနေပိုင်းဖြစ်နေချေပြီ။

"ဒါ သရဲတောင်ကြားလို့ခေါ်တယ်"

နီမောင်က ပြောလိုက်သည်။

စတီဗင်က မြေပုံကိုကြည့်ပြီး. . ။

"မြေပုံအညွှန်းအရဆိုရင် တောင်ကြားရဲ့နေရာလေးမှာ ဂူပေါက်ကြီးတစ်ပေါက်ရှိတယ်၊ အဲဒီဂူပေါက်ရှိတဲ့နေရာ





ရောက်အောင် သွားကြရမယ်"

ဟုပြောသည်။

"အချိန်မရှိတော့ဘူး၊ တောင်ကြားထဲမှာ မှောင်နေပြီ သွားလို့ဖြစ်ပါ့မလား"

"ဟုတ်တယ်၊ တစ်နေရာမှာ စခန်းချပြီး နောက်တစ်နေ့ မိုးလင်းတော့မှသွားရင် ပိုမကောင်းဘူးလား"

အတူပါလာသော ကာရစ်နှင့်ဂျက်ဆန်တို့နှစ်ယောက်က ဝင်ပြောသော်လည်း စတီဗင်က လက်မခံပေ။

"တောင်ကြားထဲရောက်နေမှတော့ ငါတို့သွားချင်တဲ့ နေရာ ရောက်အောင်သွားပြီး စခန်းချကြတာ ပိုမကောင်းဘူးသား"

ထိုသို့ပြောသဖြင့် ကျန်နှစ်ယောက်က ဘာမှထပ်မပြောကြတော့ပေ။

ထို့နောက်မှာတော့ အမှောင်ရိပ်သမ်းစ ပြုနေပြီဖြစ်သော တောင်ကြားလမ်းအတိုင်း ခရီးဆက်ခဲ့ကြသည်။

တစ်နေရာရောက်တော့ အော်သံကြားရလေသည်။

"ကယ်ကြပါ. . ကယ်ကြပါ၊ ဒီမှာ ငါရှာထားတဲ့ ရွှေနဲ့စိန်တွေကိုအတင်းယူပြီး၊ ငါ့ကိုသတ်ဖို့ လုပ်နေကြတယ်၊ ကယ်ကြပါ. . "

ထိုအော်သံကြားသောအခါ ရွှေနှင့်စိန်များဟူသော စကားလုံးကြောင့် စိတ်ဝင်စားသွားကြသည်။

"ရွှေနဲ့စိန်တွေကို လုယူနေတယ်လို့ အသံကြားတယ်



www.burmeseclassic.com

www.burmeseclassic.com



အမြန်သွားကြည့်ကြစမ်း”

ဟုစေခိုင်းသဖြင့် ကာရစ်၊ စကားပြန်ထွန်းခနှင့် ဂေါ်ရခါးစစ်သားသုံးယောက်တို့ အသံကြားရာဘက်သို့ ခပ်သုတ်သုတ်တက်လာကြသည်။

အသံကြားရသောနေရာမှာ သူတို့ရောက်နေသော နေရာနှင့် မဝေးလှသော တောစပ်မှဖြစ်သည်။

ကျောက်တုံးကြီးများကွယ်နေသဖြင့် မမြင်ရသော်လည်း မဝေးလှပေ။

ထိုနေရာရောက်တော့ မြင်ကွင်းက မကောင်းလှပေ။ အထုပ်တစ်ထုပ်ပွေ့ပိုက်ထားသော လူတစ်ယောက်ကို ဓားလှံများကိုင်ထားသော လူရိုင်းသုံးယောက်က ဝိုင်းဝန်းကာ ထိုးခုတ်သတ်ဖြတ်နေကြခြင်း ဖြစ်သည်။

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ သေနတ်များဖြင့် ပစ်သတ်လိုက်ကြခြင်းဖြစ်သည်။

“ဒိုင်း. . ဒိုင်း. . ဒိုင်း. . ”

သေနတ်သံများက တောင်ကမ်းပါးယံတစ်လျှောက်လုံး ပဲ့တင်ထပ်သွားလေတော့သည်။

ထိုသို့ပစ်ပြီး အခြေအနေကြည့်လိုက်တော့. . လေးယောက်စလုံး မြေပေါ်မှာ လဲကျသေဆုံးနေကြလေသည်။

“သေကုန်ကြပြီ ဟိုလူပိုက်ထားတဲ့ အထုပ်ကို သွားယူခဲ့ကြ”

ဟုပြောသဖြင့် ထွန်းခက အနားသို့သွားပြီး သေဆုံးနေ





သောလူ ပွေ့ပိုက်ထားသော အထုပ်ကို ဆွဲယူလိုက်ရာ မရပေ။

သေနေသူက ကျစ်ကျစ်ပါအောင် ဖက်တွယ်ထားသဖြင့် ဘယ်လိုမှ ဆွဲယူ၍မရပဲ ရှိနေသည်။

“သူ့ပစ္စည်းတွေကို အတော်ကလေး မက်မောပုံရတယ်၊ ... သောက်ရှိလှတာ”

ဟုကြိမ်းမောင်းပြီး ထိုသူဆွဲထားသောလက်ကို ဓားဖြင့် ... ဖြတ်ချလိုက်လေသည်။

“ဒုတ်”

ပြတ်သွားသောလက်က အထုပ်ကိုင်လျက်သား ပါလာ ... သည်။ အထုပ်ရသည်နှင့် ထိုနေရာမှ ပြန်လာကြသည်။

“အခြေအနေ ဘယ်လိုလဲဟေ့”

စတီဗင်က အားတက်သရောမေးလိုက်ရာ ထွန်းခက ... ယူလာသောအထုပ်ကို လှမ်းပြပေးလိုက်သည်။

ထိုအထုပ်မှာ လက်ပြတ်ကြီးက ကိုင်လျက်သားနှင့်ပင် ... လန်းပါလာလေတော့သည်။

“ဟင် လက်ပြတ်ကြီးပါလား”

“ဟုတ်တယ် ဆွဲယူလို့မရတာနဲ့ လက်ဖြတ်ယူလာတာ”

ဟုပြောသဖြင့် ထိုလက်ပြတ်ကြီးကို ဖယ်ပစ်လိုက်သည်၊ ... ပြတ်ကြီးမရှိတော့မှ အထုပ်ကို ကပျာကယာဖြေကြည့်လိုက် ... ည်။

အထုပ်ထဲမှာတော့ သူတို့ထင်သလို. . ရွှေနှင့်စိန်များ ... ရပဲ အပိုင်းပိုင်းဖြတ်တောက်ထားသော အရိုးများကိုသာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရသည်။

"ရွှေလည်း မတွေ့ရပါလား"

ထိုသို့ပြောနေစဉ် ကျောက်တုံးကြားမှ လူလေးယော[...] ထွက်လာပြီး ရပ်နေလေသည်။

ထိုလေးယောက်တွင် တစ်ယောက်က လက်ပြတ်[...] သည်။

"စောစောကလူတွေ မဟုတ်လား၊ သေနတ်နဲ့ပစ်[...] တောင် မသေသေးပါလား"

"ငါ့ လက်တစ်ဖက်ပြန်ပေး"

လက်ပြတ်နေသော သူကလှမ်းတောင်းနေသည်။

"ဒီလောက်ရှိလှတာ သိရောပေါ့"

ဟုကြိမ်းမောင်းပြီး ထွန်းခက သေနတ်နဲ့ပစ်ရန်[...] သည်။

"လက်ပြတ်တော့ မရဘူး၊ ကျည်ဆံပဲရမယ်"

သေနတ်ဖြင့် ထိုးချိန်လိုက်ရာ နီမောင်က ဝင်တား[...] သည်။

"ထပ်ပစ်လည်း ကျည်ဆံကုန်ရုံပဲရှိမယ်၊ ဘယ်လော[...] ပစ်ပစ် သူတို့က သေမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"အခုမြင်နေတာ လူတွေမှ မဟုတ်တာ. . ၊ ပရလော[...] သားတွေက လူယောင်ဆောင်ပြီး ခြောက်လှန့်နေတာ"

"မင်းက ဘယ်လိုသိတာလဲ"





"မယုံရင် ဒီမှာကြည့်နေ"

နီမောင်က ပြောပြောဆိုဆိုနှင့် အောက်မှာကျနေသည့် လက်ပြတ်ကိုကောက်ယူပြီး လှမ်းပစ်ပေးလိုက်သည်။

ထို့နောက် အရိုးအပိုင်းအစများ ထည့်ထားသော အိတ်ထုပ်ကို ပြန်ထုပ်ပြီး လှမ်းပစ်ပေးလိုက်သည်။

"ရော့ဟေ့ မင်းတို့ပစ္စည်းတွေ"

ပစ္စည်းများရသောအခါ ကျောက်တုံးနောက်နားမှာ ရပ်နေသော လူလေးယောက်လည်း ပျောက်သွားလေတော့သည်။ ထိုအခါမှ စတီဗင်တို့က နီမောင်ကို တအံ့တဩနှင့် ကြည့်ကြလေသည်။

တဖြည်းဖြည်းနှင့် အချိန်ကလည်း နေဝင်ချိန် ရောက်လာလေသည်။

တောင်ကြားတစ်ဝိုက်မှာ အမှောင်ရိပ်များ ယှက်သမ်းစပြုလာလေပြီ။

သူတို့သည် မြေပုံအညွှန်းအတိုင်း သွားကြရာ ဂူပေါက်ဝတစ်ခုသို့ ရောက်သွားကြသည်။

ဂူပေါက်ဝမှာတော့ လူအချို့ရှိနေကြသည်။ ကိုယ်ပေါ်မှာ အဝတ်အစားမရှိဘဲ မြေပေါ်မှာ တောင့်တောင့်ကြီး ရပ်နေကြခြင်းဖြစ်သည်။

ကိုယ်ပေါ်မှာ အဝတ်အစား မရှိသော်လည်း ဆံပင်ရှည်များကတော့ မျက်နှာသာမက ကိုယ်ပေါ်အထိပင် ရောက်နေကြသည်။ ၎င်းတို့မှာ ဂူပေါက်ဝနားမှာ ရပ်နေသဖြင့် အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်မရပေ။

ရှင်းလူများကို မြင်သောအခါ ပစ္စည်းများတင်ထားသော လားများက ကြောက်လန့်တကြားနှင့် ဂနာမငြိမ်ဖြစ်လာကြလေသည်။

ဂေါ်ရခါးများက ဂူပေါက်ဝမှာရပ်နေသူများကို သေနတ်များဖြင့် ချိန်လိုက်သည်။ နီမောင်က အခြေအနေ လှမ်းကြည့်လိုက်သောအခါ ထိုလူများနှင့် မနီးမဝေးနေရာတွင် လူအရိုးစုများကို တွေ့ရသဖြင့် သဘောပေါက်သွားလေသည်။

"ခင်ဗျားတို့ဘယ်သူတွေလဲ"

"လူပြိတ္တာတွေပါ"

"ဘယ်လို လူပြိတ္တာလဲ"

"အသက်မသေသေးပဲနဲ့ ပြိတ္တာဘဝရောက်နေတာပါ ငါတို့ကို ကယ်ပေးပါ"

"ဘယ်လိုကယ်ရမှာလဲ"

"သေအောင်သတ်ပြီး၊ ဒီဘဝကကျွတ်အောင် လုပ်ပေးခဲ့ပါ"

ထိုစကားကြောင့် အားလုံးအံ့သြသွားကြသည်။

"လူတွေကို အကြောင်းမဲ့ မသတ်ချင်ဘူး၊ ဖယ်ပေးပါ"

"ငါတို့မှာ ခြေလက်တွေရှိပေမယ့် လှုပ်လို့မရဘူး။ ဒီတော့ ငါတို့ကိုသာ သတ်ပေးပါ"

"ဒီလောက် သေချင်နေမှတော့ သတ်ပေးရမှာပေါ့"

ဟုပြောဆိုကာ ရှိသမျှလူများကို သေနတ်ဖြင့်ပစ်ကြ





သေတော့သည်။

သေနတ်သံများက ဆူညံစွာ ပေါ်ထွက်လာပြီးနောက် အတန်ကြာသည်အထိ ပဲ့တင်သံများ ထပ်သွားလေသည်၊

သေနတ်ကျည်ဆံ ထိမှန်သောနေရာများမှာ ဟောင်းလောင်းပေါက်ကြီးများ ဖြစ်သွားသော်လည်း သွေးမထွက်ပေ။

တစ်ယောက်မှ မလဲဘဲ မူလအတိုင်းနေရာမှာပင် ရှိနေကြသည်။

ထိုအခြေအနေကို မြင်တော့ စတီဗင်တို့မှာ သေနတ်ကြီးများ ကိုင်လျက်သားနှင့် မျက်လုံးပြူးသွားကြသည်။

"ဘယ်လိုကြောင့် မသေတာလဲ"

"လူဆိုပေမယ့် ဝဋ်ကြွေးမကုန်မချင်း ခံရမှာဆိုတော့ ဘယ်လိုသတ်လို့မှ မသေဘူး၊ ဝဋ်ကြွေးကုန်မှပဲ သူ့အလိုလို သေသွားကြမှာ"

နီမောင်က ဝင်ပြောပြသည်။

"ဘယ်လိုလုပ်မလဲ"

"တစ်နေရာမှ စခန်းချပြီး နောက်တစ်နေ့ နေရောင်ထာတဲ့အထိ စောင့်ရမယ်၊ ညခံရမယ့် ပြိတ္တာဆိုရင် နေ့မှာပျောက်သွားမယ်၊ နေ့ခံရမယ့် ပြိတ္တာဆိုရင် ညအချိန်ရောက်တဲ့အခါ ပျောက်သွားပါလိမ့်မယ်"

ဟုပြောပြသည်။

စတီဗင်တို့က ထိုအကြောင်းများကို နားမလည်ကြသော်လည်း မျက်မြင်တွေ့နေရပြီဖြစ်သောကြောင့် နီမောင်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြသည်ကိုလက်ခံကာ ထိုနေရာနှင့် မနီးမဝေးနေရာမှာပင် စခန်းချရန် ပြင်ကြရလေသည်။

သူတို့စခန်းချသော နေရာမှာ လူပြိတ္တာများရှိသောဂူနှင့် မျက်စောင်းထိုးအနေအထားဖြစ်ပြီး ထိုနေရာမှ လှမ်းကြည့်လျှင် လူပြိတ္တာများ ရပ်နေကြသော ဂူပေါက်ဝရှိရာသို့ လှမ်းမြင်ကြရသည်၊

စတီဗင်၊ ကာရစ်နှင့် ဂျက်ဆန်တို့သုံးယောက်ကတော့ စိတ်ဝင်စားကြသဖြင့် မှန်ပြောင်းများဖြင့် လှမ်းကြည့်နေကြလေသည်။

မနေ့ညက ဂေါ်ရခါးနှစ်ယောက်အသတ်ခံလိုက်ရသောကြောင့် ယခုညမှာတော့ မည်သူမှ မအိပ်ပဲ စောင့်ကြရန် တိုင်ပင်ထားကြသည်။

အရေးအကြောင်းရှိပါက အသုံးပြုနိုင်ရန် သေနတ်များကိုလည်း အဆင်သင့် ပြင်ထားကြသည်။

ညအချိန်ရောက်သောအခါ တောင်ကြားလမ်းတစ်ဝိုက်မှာ အမှောင်ထုများ ဖုံးအုပ်လာသည်။

မြူနှင်းများက တဖွဲဖွဲ ကျဆင်းလာသည်။

အမှောင်ရိပ်ကြောင့် ဝေးသောနေရာများကို မမြင်ကြရသော်လည်း လူပြိတ္တာများရှိနေသော နေရာကိုတော့ လှမ်းမြင်နေရသည်။

လူပြိတ္တာများမှာ အမှောင်ရိပ်ဖုံးလာသည့်တိုင် ပျောက်မသွားကြဘဲ ထိုနေရာမှာပင် ရှိမြဲရှိနေကြသည်။





'ကယ်ပါ. . ယူပါ' နှင့် အော်ဟစ်နေသော စိတ်မချမ်းမြေ့စရာအသံများကိုတော့ သူတို့ရှိနေသောနေရာမှ အတိုင်းသားကြားနေကြရသည်။

နီမောင်မှာ သရဲတောင်ကြားတစ်ဝိုက်တွင် လူပြိတ္တာများရှိနေသည်ဟု ကြားမိသော်လည်း တစ်ခါမှမကြုံဖူးသေးပေ။ မကြားစဉ်က လူပြိတ္တာများရှိသည်ကိုပင် မယုံကြည်ခဲ့ပေ။ အကြောင်းကို ပြောပြသူမှာ သူ့ကိုပညာသင်ပေးနေသော ဆရာကြီး ဦးစိုင်းလုံဖြစ်သည်။

"ဆရာကြီး သရဲတောင်ကြားမှာ လူပြိတ္တာတွေရှိတယ်လို့ ပြောကြတယ်၊ ဟုတ်ပါ့မလား"

"ဟုတ်တာပေါ့"

"ကျွန်တော်ကြားဖူးသလောက်ကတော့ သေပြီးမှသာ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ပရလောကဘုံတွေကို ရောက်ကြတယ်လို့ ကြားဖူးတယ်၊ မသေခင်က ဘယ်လိုပြိတ္တာဖြစ်နေတာလဲ"

"အကုသိုလ်ကြီးရင် သေတဲ့အထိ မစောင့်တော့ဘဲ ချက်ချင်းခံရတာမျိုးပေါ့၊ ဒါကြောင့်. . လူ့ဘဝ မသေခင်က သရဲသဘက်ဘဝရောက်ကြ၊ ဘီလူးဘဝရောက်ကြ၊ မသေခင်အရှင်လတ်လတ် မြေမျိုပြီး ငရဲအိုးရောက်ကြ ဆိုတာတွေ ရှိတာပေါ့"

"ပြိတ္တာတွေကရော ဒီလိုပဲ လူတွေကို ပြောနိုင်ဆိုနိုင်ကြသလား"

"ရှိတာပေါ့၊ တချို့ နေ့စံ ညခံ ပြိတ္တာတွေဆိုရင်တော့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နေ့ဘက်မှာ နတ်သမီး နတ်သားတွေလို စံစားကြရပြီး ညအချိ
ရောက်မှ ငရဲခွေးအစားခံရတာမျိုးတွေ ရှိတယ်၊ ဘချို့ပြိတ္တာ
က ကောင်းမှုပြုခဲ့တာလေးတွေလည်းရှိတော့ စံတဲ့အခါစံ၊ ခံ
အခါ ခံကြရတာပေါ့”

ဟုပြောဖူးသည်။

ယခုမျက်စိနှင့်တွေ့ရသောအခါ သူတို့အတွက် သနား
သလို မကောင်းမှုပြုလုပ်ရမည်ကိုပါ ကြောက်ရွံ့လာမိသလို ခံစား
ရလေသည်။

ညဦးပိုင်းရောက်လာတော့ လူပြိတ္တာများကို သဲ
ကွဲကွဲ မမြင်ရတော့သော်လည်း ၎င်းတို့ရှိသော နေရာဘက်မှ
သနားစဖွယ် အော်ဟစ်ညည်းညူနေသော အသံအချို့ကိုတော့
ကြားနေရသည်။

၎င်းတို့အော်သံများက တောင်ကြားတစ်ဝိုက်မှာ ပဲ့တင်
ထပ်နေသောကြောင့် ပိုပြီး ကျယ်ကျယ်လောင်လောင် ကြားကြ
ရသည်၊ ထိုအခိုက်မှာပင် ၎င်းတို့အော်သံများအပြင် တောခွေး
များအူသံ၊ ကျားဟိန်းသံ၊ ကျားသစ်ဟိန်းသံများ ကြားကြရသည်။

၎င်းတို့က ဂူပေါက်ဝမှာ မီးပုံဖိုထားပြီး သေနတ်များကို
အဆင်သင့်ကိုင်ကာ အတွင်းမှာပင် ထိုင်စောင့်ကြသည်။ အတန်
ကြာတော့ များလှသော တောခွေးအုပ်တစ်အုပ် တောင်ကြား
အတွင်းသို့ ဝင်လာသည်။

၎င်းတို့ ဂူပေါက်ဝရောက်တော့ လှည့်ကြည့်ပြီး အခြေ
အနေမဟန်မှန်းသိတော့ လူပြိတ္တာများရှိသော နေရာဘက်သို့





အုပ်စုလိုက် ဆက်သွားကြသည်။

တောထဲတွင် တောခွေးအုပ်များမှာ ကြောက်စရာ
ကောင်းလှသည်။ ၎င်းတို့နှင့် တွေ့ပါက ဆင်နှင့်ကျားသတ္တဝါများ
ပင် မခံနိုင်ကြပေ။

၎င်းတို့ ကျင်ငယ်ရေနှင့်ထိလျှင် မျက်စိကန်းစေတတ်
သောကြောင့် မည်သည့်တိရစ္ဆာန်မှ မခံနိုင်ပဲ အဝေးမှပင် ရှောင်
ပြေးကြရပေသည်။

ယခုလည်း အကောင်အရေအတွက်များသော တော
ခွေးများက လူပြိတ္တာများရှိရာသို့ သွားကြလေပြီ။

၎င်းတို့အနီး ရောက်လာသောအခါ လူပြိတ္တာများက
အော်ကြသည်။

“တောခွေးတွေ လာကြ . . လာကြ၊ ငါတို့အသားကို စား
ကြ၊ ငါတို့အသွေးကို သောက်ကြ၊ အရိုးတွေကို ထင်းချောင်းတွေ
လို တစ်စစီဖြစ်အောင် ကိုက်ဖြတ်ကြ”

“ငါတို့ကို ဒီဝဋ်ကလွတ်အောင် ငါတို့ကိုအမြန်စားကြ
ပါတော့”

ဟု အော်ဟစ်ပြောဆိုကြလေသည်။

တောခွေးများကလည်း မတ်တတ်ရပ်နေသည့် လူများ
ကို တွေ့သောအခါ တဂီးဂီး၊ တဂဲဂဲမာန်ဖီရင်းနှင့် ရှေ့သို့တိုးသွား
ကြသည်။

လူပြိတ္တာများကလည်း ၎င်းတို့ကို အမြန်စားသောက်
ရန် အော်ဟစ်ပြောဆိုနေကြလေသည်။ ထိုသို့သာပြောနေသော်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လည်း ခြေလက်များကတော့ တစ်ချက်ကလေးမှ မလှုပ်နိုင်ဘဲ ငြိမ်သက်စွာ ရှိနေကြသည်။

တောခွေးအုပ်ကြီးက လူပြိတ္တာများအနီးသို့ ကပ်ကာ နှာခေါင်းဖြင့် အနံ့ခံကြည့်သည်။

ထိုသို့အနံ့ခံကြည့်ပြီးနောက် တအီအီနှင့် ညည်းညူကာ ပြန်ထွက်ပြေးကြလေတော့သည်။

တစ်ကောင်ပြီးတစ်ကောင် ထွက်ပြေးကြရာ နောက်ဆုံး တစ်ကောင်မှ မကျန်ခဲ့တော့ပေ။ မှန်ပြောင်းဖြင့် စောင့်ကြည့်နေကြသော မျက်နှာဖြူသုံးယောက်တို့မှာ များစွာအံ့သြနေကြလေသည်။

ညဦးနက်ပိုင်းရောက်တော့ တောကောင်ကြီးတစ်ကောင် ရောက်လာသော်လည်း နမ်းကြည့်ရုံသာ နမ်းကြည့်ပြီး ပြန်ထွက်ပြေးသွားပြန်သည်။

နောက်ပိုင်းမှရောက်လာသော ကျားသစ်၊ ဝက်ဝံစသော သတ္တဝါများလည်း ထိုနည်းအတိုင်းပင်၊ ၊ အနီးသို့ပင်မလာဝံ့ဘဲ ပြန်ပြေးကြလေသည်။ တစ်ညလုံးလာသမျှ သတ္တဝါများမစား ဝံ့သော လူပြိတ္တာများမှာ နောက်တစ်နေ့ နေရောင်ခြည်ရောက် လာတော့မှ အလိုလို ပျောက်ကွယ်သွားကြလေတော့သည်။





# အခန်း(၉)

## သရဲတောင်ကြားအကျဉ်းသား

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ ဂူပေါက်ဝတွင် ဘာမှ မရှိတော့ပေ။ ညနေစောင်းအချိန်က ရှိနေသော လူပြိတ္တာများ သည်း မတွေ့ရတော့ပေ။

သို့ကြောင့် ဂူအတွင်းသို့ ဝင်ကြလေသည်။

ဂူအတွင်းပိုင်းမှာ အတော်ကျယ်ဝန်းလေသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေသော နေရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဂူအမိုးမှာရှိနေသော ထုံးကျောက်များက ပုံသဏ္ဍာန်အမျိုးမျိုး ဖြစ်နေကြသည်။

အများအားဖြင့်တော့ ဆင်ဦးခေါင်းပုံသဏ္ဍာန်များပြီး အချို့ကတော့ ဓါးလှံ၊ သန်လျက်ပုံသဏ္ဍာန်များ ဖြစ်နေကြသည်။ အချို့တွဲလောင်းကျနေသော ကျောက်မောင်းကြီးများမှာ တစ်စုံတစ်ခုနှင့် ထိမိပါက ကြေးသံ၊ မောင်းသံများ ထွက်နေလေသည်။

ထိုဂူအတွင်းအပြင်တစ်ဝိုက်မှာ ရွှေကြောကြီးများနှင့် စိန်ရိုင်းတွင်းများရှိသည်။

ထိုရွှေကြောနှင့် စိန်ရိုင်းတွင်းများကို ဦးစွာရှာဖွေတွေ့ကြသူနှစ်ယောက်မှာ မာလုနှင့် ထန်ဖုန်တို့ဖြစ်ကြသည်။ ၎င်းတို့သည် မဏိပူရဘက်မှဖြစ်ပြီး ရွှေများကိုထုတ်ယူရန် ကြိုးစားနေကြစဉ်မှာပင်. . မာလုနှင့် အလုပ်သမားများအားလုံး အသတ်ခံလိုက်ရသည်။

ထန်ဖုန်ကျန်ခဲ့သော်လည်း ထိုအန္တရာယ်များကြောင့် နောက်ထပ်မလာဝံ့တော့ပေ။

သို့သော်လည်း ရွှေကြောနှင့် စိန်တွင်းများရှိသောနေရာကိုတော့ မြေပုံကြမ်းတစ်ခု ရေးထားခဲ့ပေသည်။

ထိုမြေပုံမှာ သူရေးတတ်သလို မှတ်မိသလို ရေးထားခြင်းဖြစ်သောကြောင့် တိကျသော မြေပုံတစ်ခုတော့မဟုတ်ပေ။ နေရာအမှတ်အသားများကိုလည်း သင်္ကေတအမှတ်အသားများဖြင့် ရေးမှတ်ထားခြင်းဖြစ်၏။

နောက်ပိုင်း ထိုမြေပုံကိုရသဖြင့် ရွှေနှင့်စိန်တုံးများ လာ





ရောက်ရှာဖွေသူကြသူများ ရှိသည်။

သို့သော် မာလုတို့ သေဆုံးသွားခဲ့ပြီး နောက်ပိုင်းတွင် ရွှေကြောနှင့် စိန်တွင်းများကို လူရိုင်းများက ဖုံးကွယ်ဖျောက်ဖျက်လိုက်ကြသဖြင့် ရှာမတွေ့ကြတော့ပေ။

ရွှေနှင့်စိန် အနည်းငယ်သာရပြီး လူရိုင်းများလက်ချက်ဖြင့် အသက်သေကြရသည်က များသည်။

ရွှေကြောများရှိသောနေရာမှာ သစ်တောကြီးများဖြစ်နေပြီး စိန်တွင်းများရှိသောနေရာမှာတော့ တောင်ကုန်းများ၊ ကျောက်တောင်များ ဖြစ်နေချေပြီ။ သို့သော် ထိုနေရာတစ်ဝိုက်မှ စီးဆင်းသွားသော ချောင်းများ၊ စမ်းချောင်းများမှ ရေများစီးဆင်းသွားသောအခါ တိုက်စားမှုကြောင့် အချို့နေရာများမှာ ရွှေနှင့်စိန်များ ပေါ်လာတတ်သည်။

သို့သော်လည်း လူရိုင်းများနှင့် တွေ့မည်စိုးသောကြောင့် အကူးတက မည်သူမျှလာပြီး မရှာဝံ့ကြပေ။

ယခု စတီဗင်တို့မှာ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းလာသော ထိုမြေပုံကို ရရှိခဲ့ခြင်းဖြစ်သည်။

စတီဗင်မှာ မြန်မာနိုင်ငံမြောက်ဖျားဒေသများတွင် ခရစ်ယာန်သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေသူဖြစ်သည်။

တစ်နေ့မှာတော့ သူရှိသောနေရာသို့ ဒဏ်ရာများဖြင့် လူတစ်ယောက်ရောက်လာသဖြင့် ဆေးကုပေးခဲ့လေသည်။ ထိုသူမှာ ဒဏ်ရာဒဏ်ချက်များပြီး အဆိပ်သင့်လာသဖြင့် အသက်ရှင်ရန် အခွင့်အလန်း မရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သေခါနီးတွင် စတီဗင်အား ၎င်းထံမှပါလာသော မြေပုံ တစ်ချပ် ပေးထားခဲ့သည်။

"ဒီမြေပုံအတိုင်း ရောက်အောင်သွားနိုင်ရင် ရွှေကြော တွေနဲ့ စိန်တွင်းတွေရှိတဲ့ ရတနာသိုက်ကြီးရှိတဲ့နေရာကို ရောက် နိုင်တယ်၊ ဒါပေမယ့် တစ်ခုတော့သတိထားပါ၊ အဲဒီနေရာမှာ အန္တရာယ်တွေရှိပါတယ်"

ဟုမြေပုံစာရွက်ကို စတီဗင်အား ပေးထားခဲ့ပြီး သေဆုံး သွားလေသည်။

စတီဗင်မှာ မြေပုံစာရွက်ရထားသော်လည်း ယုံကြည်မှု မရှိသဖြင့် သိမ်းထားလိုက်လေသည်။

ဤသို့ဖြင့် လအနည်းငယ်ကြာသောအခါ ၎င်းထံသို့ ကာရစ်နှင့် ဂျက်ဆန်တို့နှစ်ယောက် ရောက်လာကြသဖြင့် ထိုအ ကြောင်းကို ပြောပြလိုက်သည်။

ရတနာသိုက်မြေပုံနှင့် ပတ်သက်ပြီး လက်ရှိရထားသော စတီဗင်က စိတ်မဝင်စားသော်လည်း နောက်မှရောက်လာသူ နှစ်ဦးကတော့ စိတ်ဝင်စားကြသည်။

"အဲဒီဘက်မှာ ရွှေကြောတွေ စိန်တွင်းတွေရှိတယ်ဆိုတဲ့ သတင်းတော့ကြားဖူးတယ်၊ အခုလို မြေပုံရတော့ ပိုကောင်းတာ ပေါ့"

"ဟုတ်တယ်. . စတီဗင်ရဲ့ ဒီအခွင့်အရေးမျိုးက လက် လွှတ်ပေးလို့မရဘူး၊ အစီအစဉ်တွေလုပ်ပြီး ငါတို့သုံးယောက် သွားရင် မကောင်းဘူးလား"





"တကယ်လို့သာ အဲဒီရတာနသိုက်ကြီးကို ရှာတွေ့ခဲ့ရင် ငါတို့ တစ်သက်လုံး ချမ်းချမ်းသာသာနေရမှာ"

ထိုသို့ပြောသဖြင့် စတီဗင်လည်း စိတ်ဝင်စားသဖြင့် သုံး ယောက်တိုင်ပင်ပြီး ခရီးထွက်ရန် ပြင်ဆင်ပြီးနောက် ယခုလို သရဲတောင်ကြားသို့ ရောက်လာကြခြင်းဖြစ်သည်။

မြေပုံစာရွက်ကိုရစဉ်က စတီဗင်မှာ ယုံကြည်မှုမရှိသဖြင့် စိတ်ဝင်စားမှုလည်း မရှိပေ။

ယခု ခရီးထွက်လာပြီး လက်ရှိသုံးကြည့်တော့မှ ထိုမြေပုံ မှာ အစစ်အမှန်ဖြစ်ပြီး အတော်ကလေး မှန်ကန်မှုရှိကြောင်း တွေ့ရလေသည်။

သို့ကြောင့်လည်း ယခုကဲ့သို့ မြေပုံအညွှန်းမှာပါသော သရဲတောင်ကြားမှ ဂူရှိရာသို့ ရောက်ခဲ့ကြခြင်း ဖြစ်ပေသည်။

ယခုတော့ စတီဗင်တို့မှာ ဂူအတွင်းသို့ ရောက်ကြချေ ပြီ။

ခရီးထွက်လာစဉ်က ၎င်းတို့က (၁၅)ယောက်အပြင် နီ မောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ပါ ပါလာသောအခါ (၁၈) ယောက်ဖြစ်သွားသည်။

သရဲတောင်ကြားရောက်စက ဂေါ်ရခါးနှစ်ယောက် သေဆုံးသွားလေရာ (၁၆)ယောက်သာ ကျန်တော့သည်။

သူတို့သည် ဝန်တင်လားများနှင့် ဂေါ်ရခါးအချို့ကို ဂူ ပေါက်ဝမှာထားခဲ့ပြီး အတွင်းသို့ ဝင်ကြည့်ကြခြင်းဖြစ်သည်။ ဂူအတွင်းမှာ မှောင်နေသောကြောင့် မီးအိမ်များကို ထွန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုရလေသည်။

တစ်နေရာရောက်တော့ ဂူအတွင်းမှာ ဖြတ်စီးနေသော ရေစီးကြောင်းများကို တွေ့ကြရသည်၊

ထိုရေစီးကြောင်း တစ်ဝိုက်မှာ ရွှေမှုန်များ၊ ရွှေတုံးရွှေခဲ အချို့နှင့် စိန်ရိုင်းတုံးကလေးများကို တွေ့ကြရသည်။ စတီဗင်တို့က ရသမျှစုဆောင်းပြီး အိတ်တစ်လုံးနှင့် ထည့်ထားလေသည်။

ချောင်းရိုးတစ်လျှောက် လိုက်လံရှာဖွေကြရာ အတွင်းပိုင်းသို့ရောက်သောအခါ ရေစီးကြောင်းအတွင်းမှာ တစ်ပိုင်းတစ်စပေါ်နေသော ရွှေကြောတစ်ခုကို စတင်တွေ့ကြရလေသည်။

ထိုရွှေကြောမှာ အပေါ်ဘက်တွင် ဖုံးကွယ်ထားသောကြောင့် ပျောက်ကွယ်နေသော ရွှေကြောဖြစ်ပြီး ဂူအတွင်း ရေစီးကြောင်းများ တိုက်စားမှုကြောင့် တစ်ပိုင်းတစ်စ ပေါ်နေခြင်းဖြစ်သည်။

မမျှော်လင့်ပဲ ရွှေကြောတွေ့ကြရပြီ ဖြစ်သဖြင့် ဝမ်းသာ၍မှမဆုံးခင် ဂူအပြင်ဘက်မှ သေနတ်သံများ ပေါ်ထွက်လာလေတော့သည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း . ."

ထိုသေနတ်သံများကြောင့် ဝမ်းသာစိတ်ပျောက်သွားကာ လက်နက်များကို ပြင်ကြရလေသည်။

စတီဗင်တို့က သေနတ်များကိုကိုင်ကာ ဂူပေါက်ဝဘက်သို့ ကသုတ်ကရုတ် ထွက်သွားကြသော်လည်း နီမောင်တို့သုံး





ယောက်ကတော့ သူတို့နှင့်လိုက်မသွားဘဲ ဂူအတွင်းမှာပင် နေခဲ့ကြသည်။

"လူရိုင်းတွေ ရောက်လာကြပြီထင်တယ်"

"ဟုတ်မယ်ထင်တယ်၊ ဒါပေမယ့် ငါတို့လိုက်သွားလို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"လူရိုင်းတွေက ငါတို့ရန်သူမှ မဟုတ်တာ၊ နောက်ပြီး သူတို့က ရွှေရှာတဲ့သူတွေကို ရန်သူလို့သဘောထားတာဆိုတော့ ငါတို့နဲ့မဆိုင်ဘူး"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ဂူထဲမှာပဲ ပုန်းနေရတာကောင်းမယ်"

"ဒါပေမယ့် လူရိုင်းတွေက ဒီဂူထဲဝင်လာလို့ တွေ့သွားရင် ဘယ်လိုလုပ်မလဲ"

"ဒီတော့လည်း မီးစင်ကြည့်ကရတာပေါ့"

ဟုပြောဆိုတိုင်ပင်ပြီး သုံးယောက်သား ကျောက်တုံးများနောက်ဘက်၌ ဝင်ပုန်းနေကြလေသည်။ အပြင်ဘက်မှာတော့ သေနတ်သံများ၊ အော်သံဟစ်သံများ ဆူညံနေသည်။

အတန်ကြာတော့ တဖြည်းဖြည်းနှင့် သေနတ်သံများ ပျောက်သွားလေသည်။

နီမောင်တို့က ကျောက်တုံးများနောက်မှ နားစွင့်နေကြစဉ် အပြင်ဘက်မှ စတီဗင်နှင့် ဂေါ်ရခါးတစ်ယောက် ပြေးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နောက်မှ ကသည်းလူရိုင်းအချို့ ပါလာပြီး မြာ

ပစ်ခတ်ရာ ထိမှန်ပြီး နေရာမှာတင် လဲကျသွားကြသည်။ ထို

နောက်မှလိုက်လာသော လူရိုင်းများက ခေါင်းဖြတ်သတ်

လိုက်ရာ တိုက်ပွဲကပြီးသွားသောကြောင့် ဂူထဲမှာ တိတ်ဆိတ်

လေသည်။

လူရိုင်းများရောက်နေသောနေရာမှာ နီမောင်တို့

ယောက်ပုန်းနေသော နေရာနှင့်မဝေးလှသောကြောင့် လူ

သံများကို ကြားနေရသဖြင့် အသက်ပင်ပြင်းပြင်း မရှူဝံ့

အနီးတစ်ဝိုက်မှာ သွားလာလှုပ်ရှားနေသည် အသံ

ကိုပင် ကြားနေရသည်။

အတန်ကြာတော့ အသံတစ်သံ ပေါ်ထွက်လာ

"နီမောင်၊ နီမောင် နင်တို့ ဒီဂူထဲမှာရှိတယ်မဟုတ်

အပြင်ထွက်ခဲ့ကြပါ"

ထိုအသံကြောင့် မျက်လုံးပြူးသွားကြသည်။

အံ့ဩစိတ်ဖြင့် တစ်ယောက်မျက်နှာတစ်ယောက်

လိုက်ကြသည်။

ကြားရသောအသံက အမျိုးသမီးတစ်ယောက်

ဖြစ်၏။ သူကြားဖူးသော အသံလည်းဖြစ်သည်။

"နီမောင်၊ နီမောင် နင်တို့ရှိရင် အပြင်ထွက်ခဲ့

နောက်တစ်ကြိမ် ခေါ်သံကြားသောအခါ မထူး

အပြင်သို့ ထွက်သွားကြသည်။

သူတို့နှင့် မနီးမဝေးမှာ လေးနှင့်မြားကို အဆ





ိုင်ထားသော လူရိုင်းသုံးယောက် ရှိနေသည်။

ဂူထဲမှာ မှောင်နေသဖြင့် သဲသဲကွဲကွဲ မမြင်ရသော်လည်း

လယ်မှာရပ်နေသူက အမျိုးသမီးတစ်ယောက်မှန်းတော့ ခန့်

န်းမိသည်။ သူတို့ကိုမြင်တော့ အမျိုးသမီးနံဘေးမှာ ရပ်နေ

သည့် လူရိုင်းနှစ်ယောက်က မြားဖြင့်ပစ်ရန်ပြင်သည်။

"မပစ်နဲ့"

အမျိုးသမီးက မြားတံများကို ရိုက်ဖယ်ပစ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"သူတို့ကို ငါသိတယ်၊ သူတို့က ငါတို့ရန်သူမဟုတ်ဘူး"

"နင်နဲ့ဘယ်တုန်းက သိတာလဲ၊ ဒီနေရာမှာ ငါတို့မိတ်

ွေမရှိဘူး၊ ဘယ်သူမဆို သတ်ရမှာပဲ"

"နင် သူတို့ကိုသတ်ရင် ငါနဲ့ ရန်သူဖြစ်သွားလိမ့်မယ်၊

ကားနားထောင်ပါ"

ဟုလေသံ ခပ်မာမာဖြင့်ပြောလိုက်တော့ နံဘေးမှာရပ်

သူက ငြိမ်ကျသွားသည်။

သို့သော် ကျေနပ်ပုံတော့ မရပေ။

"ဒါပေမယ့် သူတို့ကို ထားခဲ့လို့မရဘူး၊ ငါတို့နေတဲ့နေရာ

မ်းခေါ်သွားရမယ်၊ ဟိုရောက်တော့မှ ကျားနက် ခေါင်း

င်က ဆုံးဖြတ်ပေးလိမ့်မယ်"

ဟုပြောသဖြင့် ထိုအမျိုးသမီးက သဘောတူလေသည်၊

နောက် လူရိုင်းနှစ်ယောက်က နီမောင်တို့ထံမှ လက်နက်များ

သိမ်းပြီး အပြင်ဘက်သို့ ခေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်ဝနှင့် ဂူအပြင်ဘက်မှာတော့ မြင်ကွင်းက ကောင်းလှပေ။ ဂေါ်ရခါးများနှင့် မျက်နှာဖြူနှစ်ယောက်တို့မှာ သေဆုံးနေကြလေသည်။

သေဆုံးနေသူများအား လူရိုင်းများက ခေါင်းဖြတ်ထား သဖြင့် ခေါင်းနှင့်ကိုယ်နှင့် တွဲလျက်သား မရှိတော့ပေ။

ထို့ပြင် သေနတ်ဒဏ်ရာဖြင့်သေဆုံးနေကြသော လူရိုင်း အလောင်းများကိုလည်း တွေ့ကြရသည်။

သေဆုံးနေသူများမှာ (၁၀)ယောက်ခန့်ရှိပြီး ယခုထော လောဆယ် အသက်ရှင်လျက်နှင့် ကျန်ရစ်သူများမှာ လူ(၂၀)ခန့် ကျန်နေသေးသည်။

ကုလားများနှင့် ရုပ်ရည်ဆင်တူပြီး အသားမည်းမည်းနှင့် ကိုယ်ခန္ဓာ ကြံ့ခိုင်ကြသည်။

ကိုယ်ခန္ဓာအထက်ပိုင်းမှာ အဝတ်မဝတ်ဘဲ အောက်ပိုင်း မှာ သားရေချပ်များကို ကြိုးဖြင့်ချည်ကာ ပတ်ထားသည်။

ခါးတွင် သားရေဖြင့်ပြုလုပ်ထားသော ခါးပတ်များရှိ ဓားကောက်ထည့်သော အိတ်အပါအဝင် အိတ်အချို့ကိုလည်း သိုင်းချည်ထားကြသည်။

အချို့က ဦးခေါင်းတွင် သားရေပြားပတ်ကာ ငှက်မွေး တောင်ရောင်စုံများ စိုက်ထားသည်။

၎င်းတို့အသုံးပြုသော လက်နက်တို့မှာ ကိုင်းတံရှည် သော လေး၊ မြား၊ ဓားကောက်၊ လှံရှည်များဖြစ်ကြလေသည်။

လူသူအရောက်အပေါက်နည်းသော တောနက်ထဲမှ





သည်းလူရိုင်းများကို တွေ့ရလျှင် ကျောက်ခေတ်လူသားများ ပင် ထင်စရာရှိပေသည်။

အပြင်ဘက်ရောက်တော့မှ နီမောင်က သူတို့ကိုခေါ် သော အမျိုးသမီးကို ကြည့်လိုက်သည်။

"ဟင်"

အခြားသူ မဟုတ်ပါချေ။

သူနှင့် တစ်ကြိမ်တွေ့ဖူးခဲ့သည့် မုဒြာဆိုသော အမျိုး သမီးပင် ဖြစ်လေသည်။

မုဒြာက အနက်ရောင် ကျားသစ်ရေဖြင့် ချုပ်ထားသော င်တိုင်းအင်္ကျီကို ဝတ်ထားသည်။

သူမဝတ်ထားသော အင်္ကျီမှာကိုယ်ဖြင့် တိုင်းချုပ်ထားသ ကဲ့သို့ တင်းကျပ်နေလေရာ ခန္ဓာကိုယ်အလှများက ပေါ်လွင် လျက်ရှိသည်။

သူမသည် နဖူးတွင် ငှက်မွေးတောင်များ စိုက်ထားသည့် သားရေပြားတစ်ချပ်ကို စည်းထားပြီး လက်ထဲမှာ လေးနှင့်မြားကို ကိုင်ထားလေသည်။

သူမနံဘေးမှာတော့ ဘီလူးတစ်ကောင်ကဲ့သို့ ကိုယ်ခန္ဓာ တ်ခိုင်ကြီးမားသော လူရိုင်းတစ်ယောက် ရှိနေသည်။ သူ့အရပ် သာမန်လူတို့ထက် ဦးခေါင်းတစ်လုံး ပိုမြင့်ပြီး မျက်နှာက ည်း ခက်ထန်ကြမ်းတမ်းလှသည်။ လက်တစ်ဖက်တွင် လှံရှည် စ်လက်ကို ကိုင်ထားပြီး ကျန်လက်ထဲမှာ သွေးစွန်းနေသော ားကောက်တစ်လက်ကို ကိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်မှာ 'မောင်တိန်း' ဖြစ်သည်။

မောင်တိန်းက အသက်(၃၀) အရွယ်ခန့်ရှိပြီး လူရိုင်း ခေါင်းဆောင် ကျားနက်ကြီး၏ လက်ရုံးဖြစ်သည်။

ကျားနက်ကြီး၏ သမီးဖြစ်သူ မုဒြာနှင့် မောင်တိန်းတို့က ကျားနက်ကြီးအားကိုးရသော လက်ရုံးနှစ်ယောက်ပင်ဖြစ် သည်ဆိုက မမှားပါချေ။

မောင်တိန်းက မုဒြာကိုလိုချင်သဖြင့် ပိုးပန်းနေသော် လည်း မုဒြာက လက်မခံသေးပေ။

ထိုသို့လက်မခံသော်လည်း တစ်နေ့ကျလျှင် ကျားနက် ကြီး၏အစီအမံဖြင့် မုဒြာမှာ သူလက်ထဲရောက်ရမည်ဟုလည်း တထစ်ချ မျှော်လင့်ထားလေသည်။

အဘယ့်ကြောင့်ဆိုသော် လူရိုင်းများနေသော ကျားနက် ရွာတွင် သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်ဝံ့သူ တစ်ယောက်မှ မရှိသော ကြောင့်ဖြစ်သည်။

သို့ကြောင့်လည်း မောင်တိန်းက တစ်နေ့ကျလျှင် မုဒြာ ကို သိမ်းပိုက်ပြီး လူရိုင်းခေါင်းဆောင် လုပ်မည်ဟုပင် စိတ်ကူး ထားသူဖြစ်သည်။

ယခုမုဒြာက အခြားအရပ်တစ်ပါးမှလာသော သူစိမ်း ယောကျာ်းလေးတစ်ယောက်ကို သူနှင့်သိပြီး မိတ်ဆွေဖြစ်ခဲ့ သည်ဟု ပြောသဖြင့် မကျေမနပ်ဖြစ်ကာ နီမောင်တို့သုံးယော ကို မကျေမနပ်ဖြင့် ကြည့်နေလေသည်။

မုဒြာက အနီးသို့လျှောက်လာပြီး သူ့ကိုပြုံးပြသည်။





"ငါ့အသက်ကိုကယ်တာ နှစ်ခါရှိပြီ၊ နင့်ကို ကျေးဇူး တင်ပါတယ်"

ဟု နီမောင်က ပြောလိုက်သည်။

"ကျေးဇူးတင်စရာမလိုပါဘူး၊ ဒါပေမယ့် လောလော လယ်တော့ နင်တို့ပြန်သွားလို့ မရသေးဘူးနီမောင်၊ ငါတို့နေရာ ကို လိုက်ခဲ့ရမယ်"

"ငါတို့ကို ဖမ်းတာလား၊ ဟိုရောက်တော့မှ အရှင်လတ် လတ် ယဇ်ပူဇော်မယ်ထင်ပါရဲ့"

"ငါရှိနေသမျှ နင်တို့အဲဒီလို ဒုက္ခမျိုးနဲ့ မတွေ့စေရပါဘူး လို့ ကတိပေးပါတယ်"

"ကောင်းပါပြီ လိုက်ခဲ့ပါ့မယ်၊ ဒါထက် ဂူထဲမှာ ငါတို့ရှိ နေတာကို နင်ဘယ်လိုသိတာလဲ"

"သိတာပေါ့ . . နင်တို့ဒီနေရာ တစ်ဝိုက်ရောက်လာက တည်းက စောင့်ကြည့်နေခဲ့တာ၊ ဒါကြောင့် နင်ပါလာမှန်းသိတာ ပေါ့၊ နောက်တစ်ချက်က ငါတို့ကိုမတိုက်ဘဲ ပုန်းနေတာဆိုတော့ ငါတို့ရန်သူမဟုတ်မှန်းသိလို့ အခုလိုဝင်ခေါ်တာပါ"

ထို့နောက်မှာတော့ မုဒြာခေါင်းဆောင်သော လူရိုင်းများ က သူတို့သုံးယောက်ကို ကြိုးဖြင့်တွဲချည်လျက် ခေါ်သွားကြလေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

## ကသည်းစီညာဉ်ရိုက်ဂူ

ကျားနက်ရွာဟု အမည်ပေးထားသောနေရာမှာ ရွာတစ်ရွာတော့ မဟုတ်ပါချေ။

ကသည်းလူရိုင်းများ စုဝေးနေထိုင်ကြသည့် နေရာတစ်နေရာပင်ဖြစ်သည်။

၎င်းတို့နေသောနေရာမှာ အခြားနေရာ၊ အခြားရွာများကဲ့သို့ အမိုးအကာများဖြင့် ဆောက်လုပ်ထားသည့် နေအိမ်များမ



www.burmeseclassic.com

www.burmeseclassic.com



ရှိ သဘာဝကျောက်ဂူများအတွင်းမှာ နေထိုင်ကြခြင်းဖြစ်သည်။

ဎင်းတို့နေသော ဂူပေါက်များထဲမှာ ရေအတွက် ချောင်းရေများရှိသည်။

မီးဖိုများကြောင့် အနွေးဓါတ်ရသည်။

အမဲလိုက်၍ရလာသော သတ္တဝါများကို မီးဖိုပေါ်မှာတင်ထားပြီး ၊ အသားမှအနံ့ထွက်လာသည်နှင့် လှီးဖြတ်စားသောက်ကြသည်။

အချို့လည်း ကျောက်အိုးများထဲထည့်ပြီး ပြုတ်စားကြသည်။ ကျောက်အိုးဆိုသည်မှာ ရေထည့်ရန် ခွက်ပါသော ၊ ကျောက်တုံးတစ်တုံးထဲမှာ ရေအပြည့်ထည့်ထားပြီး နံဘေးနားမှာမီးပုံကြီး ဖိုပေးထားသည်။

မီးအပူရှိန်ကြောင့် ကျောက်တုံးကပူလာပြီး ထည့်ထားသောရေက တဖြည်းဖြည်း ဆူလာသည်။

ဆူပွက်နေသော ထိုရေထဲသို့ အသားများထည့်ပါက ခဏချင်းပင် ကျက်သွားစေနိုင်သည်။

အခြားနေရာမှ လူများဖမ်းမိလာပါက ယဇ်ပူဇော်သောနေရာသို့ ခေါ်သွားကာ ခေါင်းဖြတ်ပြီး ယဇ်ပူဇော်ကြသည်။

ပြီးလျှင် ချက်ပြုတ်စားသောက်ကြသည်။

စခန်းတွင် စုစုပေါင်း မိန်းမယောကျ်ား(၅၀)ကျော်ခန့်ရှိပြီး ခေါင်းဆောင်မှာ ကျားနက်ကြီးဖြစ်သည်။

ကျားနက်ကြီးက မုဒြာ၏ဖခင်ဖြစ်ပြီး နတ်ဆရာတစ်ဦးလည်းဖြစ်သည်။

☺ အောင်မြင်စာပေ ☺



သူသည် အသက်(၄၀)ကျော် အရွယ်ခန့်ရှိပြီး ကြမ်းတမ်းခက်ထန်သူဖြစ်သည်။

သို့ပြင် ၊ မှော်ပညာတတ်ကျွမ်းသူ ဖြစ်သောကြောင့်လည်း အခြားလူရိုင်းများက သူ့ကိုကြောက်ရွံ့ကြသည်။

ဝိဉာဉ်များကိုခေါ်ပြီး စေခိုင်းနိုင်သဖြင့်လည်း ဎင်းအားမည်သူကမှ အန်မတုဝံ့ကြပေ။

မုဒြာနှင့်မောင်းတိန်းတို့ ခေါင်းဆောင်သော လူရိုင်းများပြန်ရောက်လာသောအခါ ကျားနက်ကြီးကိုယ်တိုင် ဂူပေါက်ဝမှထွက်ကြည့်နေသည်။

ရန်သူများထံမှ ယူလာသော ဝန်တင်လားများအပြင် သူ့ရွယ်သုံးယောက်ပါ ပါလာသဖြင့် သဘောကျသွားလေသည်။

ထိုညအတွက် ယဇ်ပူဇော်ပြီး အောင်ပွဲခံရမည်ဟုလည်းတွေးနေမိသည်။

"ရန်သူသုံးယောက်ကို အသက်ရှင်လျက်နဲ့ ဖမ်းလာတာကောင်းတယ်၊ ညရောက်ရင် ယဇ်ပူဇော်ပြီး အောင်ပွဲခံကြရမယ်"

"သူတို့ကို သတ်လို့မရပါဘူး"

"ဘာကြောင့်လဲ"

"ဒါ ၊ ငါရဲ့မိတ်ဆွေတွေပဲ၊ တစ်ခါက ငါရဲ့အသက်ကိုကယ်ပေးခဲ့ဖူးတယ်၊ ဒီကျားသစ်နက်သားရေက သူ့ကြောင့်ရခဲ့တာပဲ"

မုဒြာစကားကြောင့် ဖခင်ဖြစ်သူကျားနက်ကြီးက တအံ့တသြဖြစ်သွားလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မောင်းတိန်းက ဝင်ပြောသည်။

"ငါတို့နေရာမှာ သူစိမ်းတွေ ဖမ်းမိလာရင် တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို ယဇ်ပူဇော်ရတာ ထုံးစံပဲ၊ ဒီလိုမှ မပူဇော်ပဲထားရင် နတ်တွေစိတ်ဆိုးလိမ့်မယ်၊ ငါတို့ကို ဒုက္ခပေးလိမ့်မည်"

မုဒြာက မသတ်ရန်ပြောသလို မောင်းတိန်းကလည်း ချက်ချင်း သတ်ပစ်ရန်ပြောနေသဖြင့် ကျားနက်ကြီးမှာ ဆုံးဖြတ်ရခက်နေလေသည်။

ထို့နောက် အတန်ကြာအောင်စဉ်းစားနေပြီးမှ ပြောလေသည်။

"သူတို့သုံးယောက်ကို ကျောက်ဂူထဲမှာ ထည့်ထားလိုက်၊ ဒီကိစ္စကို နတ်ဆရာကြီးနဲ့ တိုင်ပင်ရမယ်၊ ပြီးတော့မှ တစ်ခုခုဆုံးဖြတ်မယ်"

ဟုပြောသဖြင့် . မောင်းတိန်းလည်း ဘာမှမပြောသာတော့ပဲ မကျေမနပ် ထွက်သွားလေတော့သည်။

ထိုအခါမှပင် နီမောင်တို့သုံးယောက်လည်း သက်ပြင်းချနိုင်တော့သည်။

ထို့နောက် မုဒြာကိုယ်တိုင် ကျောက်ဂူတစ်ဂူသို့ လိုက်ပို့ပေးသည်။

ထိုနေရာမှာ လူရိုင်းများနေသောနေရာ၏ အတွင်းဘက်တွင်ဖြစ်သည်။

ညဥ့်အချိန်ရောက်တော့ ဖမ်းမိလာသော လားတစ်





ကောင်ဖြင့် ယဇ်ပူဇော်ကာ အောင်ပွဲကျင်းပကြလေသည်။ ထိုနေရာတစ်ဝိုက်မှာ မီးတိုင်များထွန်းပြီး အော်ဟစ်ကခုန်ကြလေသည်။

ညဥ့်ဦးပိုင်းအချိန်လောက်၌သာ မုဒြာတစ်ယောက် ထိုနေရာမှာရှိနေပြီး ညဥ့်နက်တော့ ပျောက်သွားလေသည်။

သူသည် မည်သူမှမတွေ့အောင် ဂူအတွင်းသို့ တစ်ခေါက်ပြန်ဝင်လာပြီး နီမောင်တို့ ရှိသောနေရာသို့ သွားလေသည်။

ထိုနေရာရောက်တော့ နီမောင်ကို အပြင်ခေါ်ထုတ်လာသည်။ ညအချိန်ပင် ဖြစ်သော်လည်း ဂူအတွင်းပိုင်းရှိ အချို့နေရာများမှာ အလင်းရောင်ရနေလေသည်။

နောက်မှသိရသည်မှာ ဂူအတွင်းပိုင်း နံရံများတွင် အချို့နေရာများ၌ စိန်၊ ပတ္တမြား၊ ကျောက်စိမ်းစသော အဖိုးတန်ကျောက်တုံးကျောက်ပွင့်များ၊ နေ့အချိန် အလင်းရောင်စုပ်ယူထားပြီး ညမှောင်တော့မှ အလင်းရောင်ပေးတတ်သော သလင်းကျောက်ကဲ့သို့ ကျောက်များရှိနေသောကြောင့် အလင်းရောင်များရနေလေသည်။

တစ်နေရာရောက်တော့ ဂူအတွင်းမှ ဖြတ်စီးနေသော စမ်းချောင်းတစ်ခုကို တွေ့သဖြင့် ရေသောက်ရင်းနှင့် ကိုယ်လက်သန့်စင်လေသည်။

ထိုနေရာတွင် လရောင်ထိုးကျနေသကဲ့သို့ အလင်းရောင်ရှိနေသောကြောင့် ကောင်းစွာမြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုဒြာက သူ့ကို တစ်နေရာသို့ ခေါ်ပြသည်။

ကျောက်ချပ်နှစ်ခုကြားမှ စိမ့်ကျနေသော ကျောက်သွေးရေများပင်ဖြစ်၏။

ကျောက်သွေးရေများကို လက်ဖြင့်ခံသောက်လိုက်ရာ ရင်ထဲမှာ အေးသွားသည်။ ခဏချင်းအားများ ပြည့်လာပြီး လန်းဆန်းလာလေသည်။

နီမောင်က မုဒြာကိုကြည့်ရင်း . .

"ကျေးဇူးတင်ပါတယ်ဟာ"

ဟုပြောလိုက်သည်။

"ခဏ . . ခဏ . . ကျေးဇူးတင်နေရသလား၊ မလိုပါဘူးဟာ"

"နင်ဝတ်ထားတာ ဟိုတလောကရတဲ့ ကျားသစ်နတ်သားရေမဟုတ်လား"

"ဟုတ်တယ်လေ ဒီမှာကြည့်ပါလား"

မုဒြာကပြသဖြင့် သူမပြသောနေရာသို့ ကြည့်လိုက်သောအခါ သည်းနှလုံးပုံသဏ္ဌာန်ပြုလုပ်ထားသော သားရေပြားနှစ်ချပ်ကို ထပ်ချပ်ထားသည်ကို တွေ့မြင်ရသည်။

ထိုနေရာမှာ အသည်းနှလုံးရှိသော ရင်ညွန့်နေရာပင်ဖြစ်၏။

ထိုသင်္ကေတကိုမြင်တော့ နီမောင်လည်း သဘောပေါက်သွားလေတော့သည်။

"နင် ငါပြောတာကို သဘောပေါက်တယ်ပေါ့နော်"





သူမက ခေါင်းညိတ်ပြသည်။

"ဒါဖြင့် စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ"

"ဒီမှာကြည့်ပါလား"

ရင်ဘတ်မှာ ထိုးထားသော အသည်းနှလုံးပုံသဏ္ဌာန်နှစ်ခုကို လက်ဖြင့်ပုတ်ပြသည်။

"ငါက သစ်ရွက်ကလေးနှစ်ချပ်ကို အသည်းနှလုံးပုံသဏ္ဌာန်လုပ်ပြထားခဲ့တဲ့ အဓိပ္ပါယ်က နင့်ကိုချစ်နေတယ်လို့ပြောတာ၊ ဒီလိုဆိုတော့ နင်ကလည်းငါ့ကို ချစ်တာပေါ့နော်"

နီမောင်က မေးလိုက်တော့ ခေါင်းငုံ့ထားရင်းမှ ခေါင်းညိတ်ပြသည်။

"ဝမ်းသာပါတယ် မုဒြာရယ်"

ဟုပြောပြီး သူမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားသောအခါ သူမကလည်း ပြန်ဆုပ်ထားလေသည်။

"ငါ့ကိုချစ်တယ်ဆိုရင် ငါနဲ့လိုက်ခဲ့မလား"

"အဖေ့ကို ပြောရဦးမယ်၊ နောက်ပြီး နင်ပြန်လို့မရသေးဘူး၊ ဒီနေရာရောက်ရင် ဘယ်သူ့ကိုမှ ပြန်လွှတ်မပေးဘူး"

"ငါတို့ကိုလည်း သတ်ပစ်မှာလား"

"ဒါပေမယ့် အခွင့်အရေးတစ်ခုတော့ ရှိပါတယ်၊ နင် . . ငါ့ကိုလိုချင်ရင် မောင်းတိန်းနဲ့ သတ်ရမယ်၊ ဒီမှာတော့သူနဲ့ယှဉ်သတ်တဲ့လူတိုင်း သေတာပဲ"

"ငါက သူ့ကိုသတ်နိုင်ရင်၊ ဘယ်လိုအခွင့်အရေးရမလဲ"

"သူ့ကိုသတ်နိုင်ရင် အဖေ့ဆီမှာခွင့်တောင်းပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ခေါ်သွားနိုင်တယ်၊ နင် သူ့ကိုသတ်နိုင်ပ့ါမလားဟင်”

“ဘယ်လိုသတ်ရမှာလဲ”

“ကသည်း ဝိညာဉ်ဂူထဲမှာ နှစ်ယောက်တည်းဝင်ပြီး သတ်ရမှာ”

မုဒြာက ကသည်းဝိညာဉ်ဂူအကြောင်းကို ပြောပြလေသည်။ ကသည်းဝိညာဉ်ဂူမှာ ယဇ်ပူဇော်သောနေရာနှင့် မနီးမဝေးမှာ ရှိလေသည်။

ထိုဂူမှာ ကသည်းလူရိုင်းများ အလေးထားသော ဂူတစ်ဂူ ဖြစ်လေသည်။

လူနှစ်ယောက် ယှဉ်ပြိုင်သတ်ပုတ်သော အချိန်မှလွဲပြီး အခြားအချိန်တွင် မည်သူ့ကိုမှ ဝင်ခွင့်မပေးပဲ ကျောက်တံခါးချပ်ဖြင့် ပိတ်ထားလေသည်။

ရန်ငြိုးရန်စရှိ၍သော်လည်းကောင်း. . .

မိန်းမတစ်ယောက်ကို သူရထိုက်သည်၊ ငါရထိုက်သည် အငြင်းအခုန်ဖြစ်ကြလျှင်သော်လည်းကောင်း. . .။

အခြား ခေါင်းဆောင်အတွက် နေရာလုရလျှင်သော်လည်းကောင်း အဆုံးအဖြတ်ပေါ်စေရန်အတွက် နှစ်ယောက်တည်း ထိုဂူထဲသို့ဝင်ကာ သတ်ဖြတ်ရသည်။

တစ်ယောက်သေမှ အနိုင်ရသူက ဂူအပြင်သို့ ပြန်ထွက်ခွင့်ရှိလေသည်။

ဂူအတွင်းသို့ အသက်လုရန်အတွက် ဝင်သွားသူနှစ်ယောက်တို့မှာ အခြားလက်နက်ယူဆောင်ခွင့်မရှိပဲ အသွားထက်





သော ဓားမြှောင်တစ်လက်စီသာ ပေးလိုက်လေသည်။

ထိုကဲ့သို့ ဓားချင်းယှဉ်ပြီး အသက်လုပွဲ ပြုလုပ်တော့မည်ဆိုလျှင် နတ်ဆရာများ၊ ခေါင်းဆောင်များအားလုံး လာပြီး အရှုံးအနိုင်အဖြေကို အသိအမှတ်ပြုပေးရသည်။

အနိုင်ရသူက ဂူအတွင်းမှပြန်ထွက်လျှင် အပြင်ရောက်သည်နှင့် ခေါင်းဆောင်နေရာအတွက်ဆိုလျှင် သူ့အတွက်နေရာသတ်မှတ်ပေးရသည်။ မိန်းမအတွက်ဆိုလျှင် ထိုမိန်းမကို ချက်ချင်းပေးရသည်။

ကသည်းလူရိုင်းများက ထိုကဲ့သို့ အသက်လုပွဲနွှဲပြီးမှ ရသောမိန်းမကို ပိုပြီးချစ်ကြသည်။

အသက်ဖြင့်လဲယူရသော မိန်းမဖြစ်သောကြောင့်ပင်၊ အခြားကိစ္စများအတွက် ဖြေရှင်းရလျှင်လည်း တစ်ယောက်သေသွားလျှင် ထိုပြဿနာက ပြီးသွားတော့သည်။

သေသူဘက်မှ သက်ဆိုင်သူများကလည်း အနိုင်ရသူအပေါ် ရန်ငြိုးရန်စ အာဃာတ မထားကြပေ. . ။ နောင်တစ်ချိန်အခွင့်သာပါက နှစ်ယောက်ချင်း သတ်ပွဲပြုလုပ်လိုက ပြုလုပ်နိုင်ပေသည်။

အသက်လုပွဲ ဆင်နွှဲကြသော ကသည်းဝိညာဉ်ဂူမှာ ဝင်ပေါက်တစ်ပေါက်သာရှိပြီး အခြားဝင်ပေါက်ထွက်ပေါက်နှင့် အလင်းရောင်ဝင်သော အပေါက်မရှိပေ။

ဝင်ပေါက်နေရာတွင် ကျောက်တံခါးတစ်ချပ်ရှိပြီး၊ ဖွင့်ထားသောအချိန်တွင် အတွင်းသို့ဝင်ရပြီး တံခါးပိတ်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမမြင်ရဘဲ မှောင်မည်းနေလေသည်။

ဂူအတွင်း အနေအထားမှာ လေးထောင့်ပုံသဏ္ဍာန်ရှိပြီး နံရံများက အဖုအထစ်မရှိပဲ ချောနေလေသည်။

အောက်ခြေမှာလည်း ကျောက်တုံးကျောက်ခဲများ လုံးဝမရှိပဲ ခြေထောက်ဖြင့်နင်းလျှင် အသံမကြားရစေရန်အတွက် နူးညံ့သော သဲမှုန်ကလေးများ ခင်းထားသည်။

ထို့ပြင် ထိုဂူထဲမှာ လူနှင့်ထိလျှင် ခြေထောက်ကို ဆွဲပတ်သော မြွေလက်ပတ်တစ်ကောင်နှင့် အဆိပ်ပြင်းသော မြွေပွေးတစ်ကောင်လည်း ထည့်ထားသေးသည်။

အမှောင်ထဲမှာ အသက်လုရမည့် သူနှစ်ယောက်တို့မှာ မိမိတို့ရန်သူ၏ မားချက်အပြင် မြွေများနှင့်မထိမိစေရန် ဂရုစိုက်ကြရသည်။

အချို့ မားချက်ကြောင့် မသေဘဲ မြွေဆိပ်သင့်ပြီး သေကြရသူများလည်းရှိသည်။

ယှဉ်ပြိုင်မည့်နေ့ရောက်လျှင် နတ်ဆရာနှင့် ခေါင်းဆောင်တို့က ထိုသူနှစ်ဦးကို မားမြှောင်တစ်လက်စီပေးပြီး ဂူထဲသို့ လိုက်ပို့ပေးကြသည်။

ဂူထဲသို့ရောက်လျှင် မြွေများနှင့်လွတ်ကင်းရာ ထောင့်တစ်ထောင့်စီတွင် နေရာချပေးပြီး လူကြီးများက ပြန်ထွက်ကာ ကျောက်တံခါးကို ပိတ်လိုက်ကြသည်။

တံခါးပိတ်လိုက်ပြီး မှောင်သွားလျှင်တော့ နှစ်ယောက်စလုံး စတင်တိုက်ခိုက်နိုင်ကြပြီ ဖြစ်သည်။

☺ အောင်မြင်စာပေ ☺



ပိတ်ထားသောတံခါးမှာ အပြင်မှဖွင့်လျှင်လည်းရ၊ အ
တွန်းဖွင့်ပါကလည်း ဖွင့်နိုင်လေသည်။

ထိုတံခါးအနီးတွင် အသံမြည်စေရန် ဝါးခလောက်ကြီး
ကို ချိတ်ဆွဲထားသည်။

အကယ်၍ တစ်စုံတစ်ယောက်က ထိုတံခါးကိုဖွင့်လိုက်
း ဝါးခမောက်ကြီးများ လှုပ်ခါသွားသောကြောင့်‌ ထိုဝါးခ
က်သံကို အဝေးမှကြားကြရသည်။

အတွင်းမှာ တိုက်ခိုက်သူတို့မှာ တစ်ခါတစ်ရံလည်း ခဏ
ာပင် အနိုင်အရှုံး အဖြေထွက်သည်လည်းရှိသည်။ တစ်ခါ
ရံလည်း တစ်ရက်၊ နှစ်ရက်ကြာသည်မျိုး ရှိသည်။

သို့ကြောင့် မည်သူမှထိုင်စောင့်မနေကြဘဲ ပြန်သွားကာ
အလုပ်ကိုယ် လုပ်ကြလေသည်။

ဂူရှိရာဘက်မှ ဝါးခလောက်သံကြားတော့မှ ထိုနေရာသို့
ွားကြသည်။

ခလောက်သံ ကြားရလျှင် အနိုင်ရသူက တံခါးဖွင့်ကာ
ရောက်နေပြီ ဖြစ်၏။

ဂူထဲဝင်ကြည့်လျှင်တော့ ပြိုင်ဘက်မှာ ဒဏ်ရာရပြီး
င်တော့၍သော်လည်းကောင်း၊ အသက်သေဆုံးနေ၍
လည်းကောင်း တွေ့ရသည်။ သေနေလျှင်တော့ ချောက်
ချလိုက်သည်။

ဒဏ်ရာရပြီး အသက်ရှင်နေသေးလျှင်တော့ အပြင်
ပြီး နတ်ဆရာက ဆေးကုပေးသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ အကယ်၍ အသက်ပြန်ရှင်လာလျှင်သော်
အားလုံးက 'သေလူ'အဖြစ် သတ်မှတ်ကာ နောက်ထပ်မည်သည့်
ယှဉ်ပြိုင်မှုများမှ မပြုလုပ်ရတော့ပေ။

အကယ်၍ဂူထဲရောက်နေသူနှစ်ယောက် သုံးရက်ပြ
သည်အထိ ပြန်ထွက်မလာပါက နတ်ဆရာနှင့် ခေါင်းဆော
လုပ်သူက တံခါးဖွင့်ပြီး ဝင်ကြည့်ကြသည်။

ထိုအခါ နှစ်ယောက်စလုံး ဒဏ်ရာရပြီး မထနိုင်၍သော်
လည်းကောင်း၊ မြွေဆိပ်သင့်နေ၍လည်းကောင်း၊ သို့မဟုတ် အ
သက်သေဆုံးနေ၍သော်လည်းကောင်း တွေ့ကြရတတ်သည်။

ထိုအခါ သေဆုံးနေလျှင် အလောင်းများကို စွန့်ပစ်
ပြီး ဒဏ်ရာရနေလျှင်တော့ ဆေးကုပေးသည်။

ထိုနှစ်ယောက်ကိုတော့ အနိုင်အရှုံး မသတ်မှတ်
နောက်တစ်ကြိမ် စိတ်မကျေပွဲ နွှဲလိုက နွှဲခွင့်ပေးသည်။

တစ်ခါတစ်ရံလည်း တံခါးဖွင့်သံကြားသဖြင့် လူကြီး
က သွားကြည့်သောအခါ နိုင်သူထွက်လာခြင်းမဟုတ်ဘဲ အ
ရောက်မှ ကြောက်လန့်ပြီး ထွက်ပြေးလာသူမျိုးလည်းရှိသည်။

ထိုလူမျိုးကိုလည်း စာရင်းမသွင်းတော့ပေ။

အများအားဖြင့်တော့ တစ်ယောက်နှင့်တစ်ယော
အကြောင်းတစ်ခုခုကြောင့် စိန်ခေါ်ပြီး ဂူထဲဝင်သွားကြသူတို့
ပြန်ထွက်ပြေးလာသောလူ မရှိသလောက်ရှားသည်။

တစ်ယောက်ယောက်က ဒဏ်ရာဖြင့်မထနိုင်တော့လျှ
သော်လည်းကောင်း၊ အသက်သေမှသော်လည်းကောင်း ရှုံး





ည်ဟု သတ်မှတ်ကာ အနိုင်ရသူက ပြန်ထွက်သွားလေ့ရှိကြ
ည်။

နှစ်ဦးသဘောတူ ဂူထဲဝင်ပြီး ယှဉ်ပြိုင်တိုက်ခိုက်သူ နှစ်
ောက်အတွက် မိမိရန်သူ၏ ဓားချက်အပြင် အဆိပ်ပြင်းသော
နှင့် မတွေ့စေရန်လည်း သတိကြီးစွာထားရသည်။

ထို့ထက်ပိုပြီး ကြောက်စရာကောင်းသော အခြားအန္တ
ယ်တစ်မျိုးလည်း ရှိသေးသည်။

အခြားမဟုတ်ပေ။

ဂူထဲတွင် သေဆုံးခဲ့ပြီးသူတို့၏ ဝိညာဉ်များရှိနေခြင်း
ဖြစ်၏။

၎င်းတို့၏ နှောင့်ယှက်မှုများ၊ လှည့်စားမှုများကိုလည်း
ရသည်။

တစ်ခါတစ်ရံ မိမိနံဘေးသို့ လူတစ်ယောက်ရောက်လာ
ရန်သူထင်သဖြင့် ဓားဖြင့်လှည့်ထိုးရာ လေကိုသာထိုးမိတော့
သူမဟုတ်ပဲ ဝိညာဉ်ဖြစ်နေသည်ကို သိရတော့သည်။

တစ်ခါတစ်ရံလည်း တစ်ဖက်ရန်သူ၏ ဓားချက်ကို
ကြောက်ဘဲ တစ္ဆေသရဲများကို ကြောက်လန့်သဖြင့် ထွက်ပြေး
သူများပင် ရှိကြသည်။

တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်သတ်ဖြတ်ရာတွင် လောကြီး
ရပေ။

အမှောင်ထဲမှာ ဖြစ်သောကြောင့် အခွင့်အရေးကို စိတ်
ည်လက်ရှည် စောင့်တတ်သူက တစ်ပန်းသာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဘာမှမမြင်ရသော အမှောင်ထုထဲမှာ ရော
သောကြောင့် မည်သည့်အချိန်တွင် ရန်သူ၏ဓားချက်က
ကိုယ်ထဲသို့ ရောက်လာပြီး အသက်ကို နှုတ်ယူသွားမည်ကို
ရသဖြင့် တထင့်ထင့်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရသော နည်း
မလွယ်လှပေ။

စိတ်လောကြီးသူ၊ ကမူးရှူးထိုးပြုလုပ်သူတို့မှာ အ
သေဆုံးမှုများ ရှိလေသည်။

အမှောင်ထုထဲမှာ ယှဉ်ပြိုင်တိုက်ခိုက်ရခြင်းဖြစ်
ကြောင့် သည်းခံခြင်း၊ စိတ်အေးအေးထားခြင်း၊ သတိကြီးစွာ
ခြင်းစသော အချက်များနှင့် ပြည့်စုံရန်လည်း လိုအပ်လှ
မိမိက အခြားသူအသက်ကို နည်းအမျိုးမျိုးဖြင့်
ဖြတ်ရန် ကြိုးစားနေစဉ်မှာ လျှပ်တစ်ပြက် အချိန်တိုအတွင်း
မိမိအသက် ပေးလိုက်ရသည်လည်း ရှိသည်။

အမှောင်ထဲမှာ နာရီအတော်ကြာအောင် နေရပြီး
သေကိုယ်သေ တိုက်ခိုက်ရသောအခါ အချိန်ကြာလာသည်
မဝင်ခင်က စိတ်တစ်မျိုး၊ အထဲရောက်မှ စိတ်တစ်မျိုးပြောင်း
သည်လည်း ရှိသည်။

လေကောင်းလေသန့် မရခြင်း၊ ရေငတ်ခြင်း၊ အ
ထု၏ (ဝိညာဉ်များ၏ ခြောက်လှန့်မှုအပါအဝင်) ခြောက်
ခြင်းများကြောင့် ကယောင်ချောက်ချား ဖြစ်ရသည်မျိုးလည်း
သည်။

တစ်ခါတစ်ရံ ညည်းညူသံ အော်သံများ အမှတ်





ထွက်သွားတတ်ရာ အခွင့်အရေးစောင့်နေသည့် တစ်ဖက်ရန်သူကို လမ်းပြပေးလိုက်သကဲ့သို့၊ မိမိရှိနေသော နေရာကို ပြောလိုက်သကဲ့သို့ ရှိသဖြင့် ချက်ချင်းရောက်လာပြီး သတ်ဖြတ်နိုင်သည်မျိုးလည်း ဖြစ်သည်။

သို့ကြောင့် အမှောင်ထဲမှာ ယှဉ်ပြိုင်တိုက်ခိုက်ရခြင်းမှာ စိတ်ထိန်းချုပ်နိုင်ခြင်းနှင့် တည်ငြိမ်မှုရှိစေရန် များစွာအရေးကြီးလှပေသည်။

အမှောင်ဖုံးနေသော ကျောက်ဂူထဲမှာ အဆိပ်ပြင်းသော မြွေပွေးနှင့် မြွေလက်ပတ်နှစ်ကောင် ထည့်ထားခြင်းမှာ ယှဉ်ပြိုင်သူနှစ်ဦးအတွက် ညီမျှသော အခွင့်အရေးရရှိစေရန် အတွက်ဖြစ်သည်။

အချို့လည်း မြွေမရှိပါက ဘယ်လိုပဲဖြစ်ဖြစ် သူသေကိုယ်သေ တိုက်ခိုက်ဝံ့ပါသော်လည်း အဆိပ်ပြင်းသော မြွေနှင့် ထိပါက ချက်ချင်းသေစေနိုင်သည်ကို ကြောက်သဖြင့် ဆက်မတိုက်တော့ပဲ နှစ်ဦးသဘောတူ ကျေအေးခြင်း၊ အပေးအယူလုပ်ပြီး ပြန်ထွက်လာသူများလည်း ရှိကြလေသည်။

အချို့ကျတော့လည်း မြွေကိုက်၍ပဲသေသေ၊ ဓားချက်ထိ၍ပဲသေသေ ပမာနမထားပဲ သူသေကိုယ်သေ တိုက်ခိုက်ကြသူများလည်း ရှိကြသည်။

အထက်ပါအကြောင်းအရာအချို့မှာ မုဒြာပြောပြသည့် "ကသည်းဝိညာဉ်ဂူ" အကြောင်းများပင် ဖြစ်၏။

နီမောင်က ထိုအကြောင်းများကို နားထောင်ပြီး အတန်



www.burmeseclassic.com

www.burmeseclassic.com



ကြာအောင် လေးလေးနက်နက် စဉ်းစားနေသည်။

သူ့အနေနှင့် 'သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး' လမ်းနှစ်သွယ်မျိုးကို ရွေးချယ်ရတော့မည်ဖြစ်သည်။

"တိုက်ခိုက်တာကတော့ တိုက်ဝံ့ပါတယ်၊ ဒါပေမယ့် ဘာကြောင့်သူနဲ့ တိုက်ခိုက်ရတာလဲ"

"မောင်းတိန်းက ဒီနေရာမှာ အတိုက်အခိုက်အတော်ဆုံးပဲ၊ ကသည်းဝိညာဉ်ဂူထဲမှာ သူနဲ့ယှဉ်ပြိုင်တဲ့သူမှန်သမျှ သေတာချည်းပဲ၊ နောက်ပြီး အခုလောလောဆယ် ဒုတိယခေါင်းဆောင်ဖြစ်ပြီး၊ ငါ့ကိုယူဖို့ ကြိုးစားနေတယ်၊ ဒါကြောင့်နင် ငါ့ကိုတကယ်ချစ်လို့ ယူချင်ရင် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်၊ သူ့ကို အနိုင်သတ်နိုင်မှဖြစ်မယ်"

မုဒြာက နီမောင်မျက်နှာကို အားကိုးတကြီးနှင့် မော့ကြည့်ကာ ပြောနေလေသည်။

နီမောင်က သူမကိုယ်လေးကို တင်းတင်းဖက်ထားလိုက်လေရာ၊ သူမကမရုန်းမဖယ်ဘဲ အလိုက်သင့်ပင် တိုးဝင်လာသေသည်။

"ငါ နင့်ကိုတကယ်ချစ်တာပါ၊ ငါချစ်တဲ့သူကို ဘယ်သူ့လက်ထဲမှာ မရောက်စေရပါဘူး၊ ငါ သူ့ကို အနိုင်တိုက်မှာပါ"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ၊ ငါကလည်း ငါ့ဘဝကို ဒီလိုဘီလူးလိုလူမျိုးရဲ့ ရင်ခွင်ထဲမှာ မနေချင်ပါဘူး သူနဲ့တိုက်ခိုက်ခါနီးရင် နတ်ဆရာကြီးနဲ့ အဘိုးကြီးတစ်ယောက်ကိုပါ နင်နဲ့တွေ့ပေးပါမယ်၊ သူတို့က အတွေ့အကြုံများတဲ့သူတွေ





ဆိုတော့ ပြောပြကြပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်"

"လာပြန်ပြီလား ဒီကျေးဇူးစကား အခုထိငါ့ကို သူစိမ်းတစ်ယောက်လို ပြောချင်နေတုန်းပဲလား"

"နင် မကြိုက်ရင် နောက်တော့မပြောတော့ပါဘူး"


ဟုပြောဆိုကာ နှစ်ယောက်သား ဂူအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။

ညဉ့်နက်ပိုင်း အချိန်ရောက်နေပြီဖြစ်သော်လည်း ယဇ်ပူဇော်ပွဲကျင်းပနေသော နေရာဘက်မှ အော်ဟစ်ဆူညံနေသော အသံများကို ကြားနေရဆဲပင် ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

## နှလုံးသားမှ သောကဆူးတစ်ချောင်း

မောင်းတိန်းသည် ကသည်းလူမျိုးများထဲတွင် အရပ်အမောင်းကောင်းပြီး ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းမှုမှာ. . နှစ်ယောက်မရှိသူဖြစ်သည်။

သူသည် လက်နက်မျိုးစုံတို့ကို အသုံးပြုတိုက်ခိုက်နိုင်ပြီး ကပ်ပါးနှင့်ဓားမြှောင် အသုံးပြုရာမှာတော့ သူမတူအောင် ကျွမ်းကျင်သူဖြစ်လေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အမှောင်ထဲတွင် တောကြောင်ကဲ့သို့ မြင်နိုင်စွမ်းရှိသူမို့ အမှောင်ထဲတွင် တိုက်ခိုက်သည့်အခါ တစ်ပန်းသာလေသည်။

သို့ကြောင့် ကသည်းဝိဉာဉ်ဂူထဲမှာ သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်သူမှန်သမျှ အသက်သေကြရသည်။

ယှဉ်ပြိုင်တိုက်ခိုက်သူတို့ကို အကြိမ်များစွာ သတ်ဖြတ်ပစ်နိုင်ခဲ့သဖြင့်. . ကျောက်တံခါးမှာ တပ်ဆင်ထားသော ဝါးခလောက်များကိုလည်း ကြိမ်ဖန်များစွာ တီးခေါက်ခဲ့ဖူးပြီး ဖြစ်သည်။

မောင်းတိန်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်သောပွဲတိုင်း ဝါးခလောက်သံကြားပါက. . မောင်းတိန်းလက်ချက်ဖြင့် လူတစ်ယောက်တော့ သေပြန်လေပြီဟုသာ ယူဆကြသည်။

သွားကြည့်လျှင်လည်း တံခါးပေါက်မှာ ရပ်နေသူမှာ မောင်းတိန်းသာဖြစ်ပြီး အခြားတစ်ယောက်ကတော့ ဂူအတွင်းမှာ အသက်ပျောက်နေပြီဖြစ်၏။

ရန်သူများနှင့် အကြိမ်များစွာ တိုက်ခိုက်ခဲ့ဖူးသော်လည်း သူ့ကိုယ်ပေါ်မှာတော့ ဒဏ်ရာတစ်ချက်ပင် မရခဲ့ဖူးသေးပေ။ သို့ပြင် အခြားသူများ ထိုဂူထဲဝင်ပြီး တိုက်ခိုက်ကြလျှင် အချိန်အတော်ကြာမှ အရှုံးအနိုင် အဖြေပေါ်ကြသည်။

အချို့ဆိုလျှင် တစ်ရက်နှစ်ရက်အထိ အချိန်ကြာပြီးမှ အဖြေပေါ်ကြသော်လည်း မောင်းတိန်းနှင့် တိုက်ကြပြီဆိုလျှင်တော့ နာရီပိုင်းလောက်သာ ကြာတတ်ပြီး ထိုအချိန်အတောအ





တွင်းမှာပင် အဖြေပေါ်တတ်သည်။

ထို့ကြောင့် အမှောင်ဂူထဲမှာ တိုက်ခိုက်မှု အလျှင်မြန်ဆုံးဘွဲ့ကို ပိုင်ဆိုင်ထားသူဖြစ်သည်။

ဒိုင်အဖြစ် ဆောင်ရွက်ပေးကြသော နတ်ဆရာများ၊ ရွာလူကြီးများ၊ လူရိုင်းခေါင်းဆောင်တို့သည် အခြားပွဲများဆိုပါက လူနှစ်ယောက်ကို ဂူထဲထည့်ကာ တံခါးပိတ်၊ ခလောက်ချိတ်ထားခဲ့ပြီး မိမိတို့နေရာသို့ ပြန်သွားလေ့ရှိကြသည်။

ခလောက်သံကြားတော့မှ တစ်ခေါက်ပြန်လာလေ့ရှိကြသည်။ မောင်းတိန်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်သောပွဲဆိုလျှင်တော့ ထိုသို့မဟုတ်ပေ. . ။

အနိုင်အရှုံးအဖြေသိရအောင် တစ်ထိုင်တည်း စောင့်ပြီးမှ ပြန်လေ့ရှိကြသည်။

ထိုအခါ မောင်းတိန်းနှင့်ယှဉ်ပြိုင်ဝံ့သူမရှိသလောက်ဖြစ်ကာ တစ်ဗိုလ်တစ်မင်း ဖြစ်နေတော့သည်။

မောင်းတိန်းအနေဖြင့်လည်း ယှဉ်ပြိုင်ဘက်မရှိသောကြောင့် ဓားစွမ်းမပြရသည်မှာလည်း အတော်ကြာပေပြီ။

ယခုတော့ မမျှော်လင့်ပဲ ပြိုင်ဘက်တစ်ယောက် ရောက်လာချေပြီ။

မူဒြာက သူနှင့် မိတ်ဆွေပါဟု ပြောထားသော 'နီမောင်'ပင်ဖြစ်သည်။

နီမောင်မှာ 'ကသည်း'တစ်ယောက်မဟုတ်သော်လည်း ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်ပြီး လျင်မြန်ဖျတ်လတ်သူ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်လေသည်။

မြွေမြွေချင်း ခြေမြင်ဆိုသလို နီမောင်မှာ မည်သည့်အရာမှ ကြောက်ရွံ့မှုမရှိဘဲ တိုက်ခိုက်ဝံ့သူဖြစ်ကြောင်း တွေ့မြင်စမှကတည်းက အကဲခတ်မိလေသည်။

သို့သော်. . . အမှောင်တိုက်ပွဲမှာတော့ မည်သူ့ကိုမှ ကြောက်စရာမလိုဟု တွေးထားလေသည်။

နောက်ပိုင်းရက်တွင် နီမောင်တို့ သုံးယောက်စလုံးကို ဂူထဲမှာ လှောင်မထားဘဲ အပြင်ဘက်မှ လွတ်လပ်စွာ နေခွင့်ပေးထားသည်။

မုဒြာက တာဝန်ယူသည်ဟု ဖခင်ကိုပြောထားသောကြောင့် ထိုကဲ့သို့ လွတ်လပ်ခွင့်ပေးထားခြင်းဖြစ်၏။

နီမောင်ကတော့ မောင်းတိန်းနှင့် တိုက်ခိုက်ရန် ဆုံးဖြတ်ထားသောကြောင့် ညအချိန်ရောက်လာလျှင် တစ်ယောက်တည်း စိတ်စွမ်းအား ကောင်းလာစေရန် ဆရာကြီးဦးစိုင်းလုံ လေ့ကျင့်ပေးထားသော ယောဂကျင့်စဉ်များကို ပြန်လည်လေ့ကျင့်နေသည်။

ထိုသို့လေ့ကျင့်ရင်းနှင့် ဆရာကြီးပြောသောစကားများကို ပြန်လည်ကြားယောင်မိလေသည်။

"မျက်စိဆိုတာ အခါအားလျော်စွာ အသုံးပြုလို့မရဘူး။ အမှောင်ထဲမှာဆိုရင် မျက်စိကိုအသုံးချလို့ မရတော့ဘူး၊ ဒီအခါ နှာခေါင်းနဲ့၊ နားကိုအသုံးချရမယ်၊ စိတ်စုစည်းမှုကောင်းရင် နားနဲ့အသံကြားရတာဟာ မျက်စိနဲ့မြင်သလို အသုံးပြုနိုင်တယ်၊





က်တစ်ချက်က အနံ့ပဲ၊ အမှောင်ထဲမှာ ရန်သူရဲ့ ကိုယ်နံ့က ယ်နေရာမှာ ရှိနေတယ်ဆိုတာကို သိနိုင်တယ်"

ဆရာကြီး သင်ပေးခဲ့သော ပညာများကို ယခုအခါ ပြန် ည်အသုံးချရပေတော့မည်။

စောထီးနှင့် ငမဲအောင်တို့ကတော့ နီမောင်၏ စွမ်းရည် သိကြသော်လည်း-အခြေအနေပြောင်းပြီး တိုက်ခိုက်ရမည် သောကြောင့် စိတ်မချဖြစ်နေကြသည်။

"နီမောင် မင်းနဲ့တိုက်ခိုက်မယ့်သူက လူတစ်ယောက် ဆိုပေမယ့် ဘီလူးတစ်ကောင်နဲ့ အတော်တူတယ်၊ နောက်ပြီး အဲဒီဂူထဲမှာ တိုက်ခိုက်နေကြဆိုတော့ လွယ်ပါမလား"

"စိတ်မပူပါနဲ့ကွာ. . သူတို့စီစဉ်ထားတဲ့ တိုက်ခိုက်မှုက မှုရှိပါတယ်"

"လွယ်တော့ မလွယ်ဘူးကွ. . ရန်သူကို ဂရုစိုက်ရမယ့် မြွေနှစ်ကောင်ကလည်း ရှိနေသေးတယ်"

"သတိထားရမှာပေါ့၊ ငါ့အတွက် စိတ်မပူပါနဲ့"

ဟု ပြန်ပြောလိုက်သည်။

နောက်တစ်နေ့ မုဒြာနှင့် နှစ်ယောက်ချင်းတွေ့သောအ ကလည်း စိုးရိမ်မကင်းသော အမူအရာဖြင့် ပြောလေ

"ငါ အဖေ့ကိုတော့ အားလုံးပြောပြီးပြီ၊ အဖေကတော့ အနိုင်ရတဲ့သူကို ငါနဲ့တစ်ခါတည်း ပေးစားမယ်လို့ ပြော ယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ ငါအနိုင်တိုက်မှာပါ"

"တကယ်လို့သာ နင်ရှုံးသွားရင် သူ့လိုလူမျိုးနဲ့တော့ မထူးဘူး၊ ဒီနေရာကနေ တစ်ခါတည်း ထွက်ပြေးဖို့တောင် စိတ်ကူးထားတယ်"

"ဒီလောက်စိတ်ပူစရာမလိုပါဘူး မုဒြာရယ်. . ငါသူ့ကို အနိုင်တိုက်ပြီး နင့်ကိုယူမှာပါ"

ထိုသို့ပြောလိုက်တော့မှ မုဒြာမှာ အတန်အသင့် စိတ်သက်သာရာ ရသွားလေတော့သည်။

ထိုအခိုက်မှာပင် သူတို့နှစ်ယောက် ရပ်နေသောနေရာသို့ မောင်းတိန်းရောက်လာလေသည်။

သူသည် ခါးတွင်ဓားမြောင်တစ်လက်နှင့် အသွားထက်လှသော ကပ်ပါ (ရဲတင်းအကြီးစား) တစ်လက်ကို ချိတ်ဆွဲထားသည်။ မောင်းတိန်းက မုဒြာနှင့်နီမောင်တို့ အတူတကွရှိနေသည်ကို သဘောမကျသော အမူအရာဖြင့် အနီးလျှောက်လာသည်။

သူ့လက်ထဲမှာ ဝါးဆစ်ပိုင်းတစ်ခု ကိုင်လာလေသည်။ ဝါးဆစ်ပိုင်းကလေးမှာ နှစ်ဖက်ပိတ်ဖြစ်ပြီး ပုလင်းသဖွယ် ပြုလုပ်ထားခြင်းဖြစ်သည်။

အနားရောက်လာတော့ ထိုဝါးဆစ်ဘူးကို မုဒြာကို ထိုးပေးလိုက်သည်။

"ရော့. ."

"ဘာလဲ"





"ငါတောထဲက နံ့သာအဆီရလာလို့ နင့်ကိုပေးဖို့ ယူလာတာ"

"ငါမလိုချင်ဘူး"

"နင်က ငါနဲ့မကြာခင် ယူတော့မယ့် မိန်းမပဲ ငါက ချစ်လို့ပေးတာ ယူရမှာပေါ့"

"မယူပါဘူး နင်ကချစ်ပေမယ့် ငါကနင့်ကို လုံးဝမချစ်နိုင်ဘူး"

ထိုစကားကြောင့် မောင်းတိန်း မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်းဆိုသလို အရှက်ပြေသဘောမျိုးဖြင့် ရယ်မောလိုက်သည်။

"ဟား. . ဟား. . ဟား. . ဟား. . နင်သဘောမကျလည်း အရေးမကြီးဘူး၊ ချစ်တာမချစ်တာတွေလည်း မလိုဘူး၊ ဘာပဲဖြစ်ဖြစ် နင်က မကြာခင် ငါ့လက်ထဲရောက်လာတော့မှာပဲ"

နီမောင်ကတော့ ဘာမှမပြောဘဲ နံဘေးမှသာ အခြေအနေကြည့်နေသည်။

ထို့နောက် မောင်းတိန်းက သူယူလာသော ဝါးဆစ်ဘူးကို မုဒြာအား အတင်းပေးနေပြန်ရာ မုဒြာက ယူပြီး မနီးမဝေးတွင်ရှိသော ချုံများရှိရာသို့ ပစ်ချလိုက်သည်။

ထိုအခါ မောင်းတိန်းက နီမောင်ဘက်သို့ လှည့်မေးသည်။

"မင်းကဘယ်သူလဲ"

"ငါ့နာမည်က နီမောင်၊ ငါက သူ့ရဲ့ချစ်သူပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ဟား. . ဟား. . ဟား. . မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့ကွာ၊ ချစ်သူပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် မင်းသူ့ကို ယူလို့မရပါဘူး၊ ဒီနေရာမှာ ထုံးစံတစ်ခုရှိတယ် သူ့ကိုလိုချင်တဲ့သူ နှစ်ယောက်ရှိနေရင် ကသည်းဝိညာဉ်ဂူထဲဝင်ပြီး ဖြေရှင်းရတယ် ရှုံးတဲ့သူက သေသွားပြီး နိုင်တဲ့သူမှသာ သူ့ကိုယူခွင့်ရမယ်၊ မင်း ငါနဲ့ သတ်ဝံ့ပါ့မလား"

နီမောင်က အေးအေးဆေးဆေး အမူအရာဖြင့် ခေါင်း ညိတ်ပြလိုက်သည်။

"သတ်ဝံ့ပါတယ်၊ မင်းမှာလည်း ခြေနှစ်ဖက်၊ လက်နှစ် ဖက်ပဲရှိတာ ဘာကြောင့် မသတ်ဝံ့ရမှာလဲ"

"မင်းကြည့်ရတာ ငယ်ပါသေးတယ်၊ မလောက်လေး မလောက်စားနဲ့ သတ်ရမှာ စိတ်ပျက်စရာပဲ၊ ဒါပေမယ့် မင်းကိုယ် တိုင်က တောင်းဆိုနေမှတော့ သတ်ပေးရမှာပေါ့လေ. ."

"လူကောင်ကြီးလို့ပဲဖြစ်ဖြစ် သေးလို့ပဲဖြစ်ဖြစ် ဓား ထိုးရင် တစ်ချက်ထက် ပိုမထိုးရပါဘူး၊ ခြင်္သေ့ဆိုတာ ချေ ကောင်ကိုဖမ်းရင်ပဲဖြစ်ဖြစ် တောကျွဲတစ်ကောင်ကို ဖမ်းတဲ့နေ ရာမှာပဲ ဖြစ်ဖြစ် အားထုတ်မှုကို အလျှော့အတင်း လုပ်လေ့မရှိ ပါဘူး၊ ငါရဲ့ပြိုင်ဘက်ဟာ အကောင်ကြီးလို့ပဲဖြစ်ဖြစ်၊ အကောင် သေးလို့ပဲဖြစ်ဖြစ် တစ်ချက်ထက်ပိုပြီး အားမစိုက်ရပါဘူး"

ထိုသို့ပြောလိုက်သောအခါ မောင်းတိန်းမှာ ဆွေ့ဆွေ့ ခုန်မျှ ဒေါသဖြစ်သွားသဖြင့် ခါးမှာချိတ်ထားသော ကပ်ပါးရိုးဓား သို့ လက်တင်လိုက်သည်။





နီမောင်က အခြေအနေကို မျက်ခြည်မပြတ် ကြည့်နေ သည်။ မုဒြာကတော့ စိုးရိမ်သော အမူအရာဖြင့် ကြည့်နေလေ သည်။ ခဏကြာတော့ မောင်းတိန်းကစိတ်ကို ပြန်လျှော့လိုက် ဟန်ဖြင့် သက်ပြင်းချလိုက်သည်။

"အခု မသတ်သေးပါဘူးလေ၊ အခုနေသတ်ရင်. . . တရားအနိုင်ယူပြီး သတ်တယ်ထင်နေပါဦးမယ်၊ နောက်တစ် နေ့ ဂူထဲရောက်တော့မှပဲ အေးအေးဆေးဆေး သတ်ပါတော့ မယ်"

ထိုသို့ပြောပြီး သူတို့အနားမှ ပြန်ထွက်သွားလေသည်။

"သူတော့ အတော်ဒေါသဖြစ်သွားပုံရတယ်"

"ကိုယ်နဲ့သတ်မယ့်သူက ဒီထက်ဒေါသဖြစ်လေ ကိုယ့် အတွက် အခွင့်အရေးပိုရလေပဲ၊ ဒါကြောင့် ငါတမင်ပြောလိုက် တာ. . ."

ထို့နောက်မှာတော့ မုဒြာက နတ်ဆရာနေသော နေရာ သို့ လိုက်ပို့လေသည်။

နတ်ဆရာနေသောနေရာမှာ ကျောက်ဂူ၏ အခြားတစ် နေရာ၌ ဖြစ်လေသည်။

ထိုနေရာသို့ ရောက်သောအခါ မုဒြာက ဂူထဲဝင်သွားပြီး အတန်ကြာတော့မှ ပြန်ထွက်လာသည်။

"ငါပြောခဲ့ပြီးပြီ နီမောင် နင်ဂူထဲဝင်သွားပေတော့ ဂူထဲ မှာ သူတို့ရှိတယ်"

ထိုသို့ပြောပြီး ပြန်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုဒြာက နီမောင်ကိုထားခဲ့ပြီး စောစောကနေရာသို့ တစ်ခေါက်ပြန်သွားကာ သူမပစ်ချထားခဲ့သည့် နှံ့သာနီထည့် ထားသော ဝါးဘူးကို ပြန်ရှာယူလေသည်။

ဝါးဘူးလေးက သူမပစ်ချခဲ့သည့်အတိုင်း ချုံများအနီး ရှိနေသည်။

ပစ်ချခဲ့စဉ်က စောင်းသွားခဲ့ရာ ပိတ်ထားသောအပေါက် နေရာမှ နှံ့သာနီများ စိမ့်ထွက်နေသည်။

ထိုအဆီများမှာ လက်ဖြင့်ထိမိသောအခါ မွှေးကြိုင်သင်း ပျံ့သွားလေသည်။

ထိုဘူးကိုကိုင်လျက် ပြန်လာစဉ် သူမတို့နေသော ဂူ ပေါက်ဝသို့ ပြန်ရောက်သောအခါ မောင်းတိန်းနှင့်တွေ့ရသည်။ မောင်းတိန်းက ဂူထဲမှ ပြန်ထွက်လာခြင်းဖြစ်သည်။

သူက မုဒြာလက်ထဲမှာ ကိုင်လာသော ဝါးဆစ်ပိုင်းဘူး ကို မြင်သောအခါ တစ်မျိုးသဘောပေါက်သွားကာ ပြုံးရွှင်လာ သည်။

"ဒါ ငါပေးခဲ့တဲ့ ဘူးမဟုတ်လား စောစောက ဘာဖြစ် လို့လွှတ်ပစ်လိုက်တာလဲ"

"သူ့ရှေ့မှာမို့ပါ"

"ဘာပဲဖြစ်ဖြစ် ငါပေးတာကို နင်သဘောကျတယ်ဆို တာသိရလို့ ငါကျေနပ်ပါတယ်"

မုဒြာက ဘာမှပြန်မပြောပေ။

ထိုအခါ မောင်းတိန်းက ရှေ့တိုးလာပြီး လေသံတိုးတိုး





ဖြင့် မေးသည်။

"နင် ငါ့ကိုလက်ခံမယ်မဟုတ်လား"

"ငါအနေနဲ့ ဘာမှရွေးချယ်ပိုင်ခွင့်မရှိဘူး၊ မနက်ဖြန် ဘသည်းဝိညာဉ်ဂူထဲက ပြန်ထွက်လာနိုင်တဲ့သူကိုပဲ ရွေးရမှာပဲ"

"ဒါဆိုရင် နင်ရွေးချယ်ရမယ့်သူဟာ ငါကလွဲပြီး တခြား ဘယ်သူမှ မဖြစ်နိုင်တော့ဘူး"

"ကိုယ့်ကိုယ်ကိုယ် သိပ်လည်းအထင်ကြီးမနေစမ်းပါနဲ့ ဘာ၊ အနိုင်အရှုံးအဖြေဆိုတာ ဝါးခလောက်သံကြားတော့မှသာ သိကြရတာပါ"

"နင်ကဘယ်နေရာက ရောက်လာမှန်းမသိတဲ့ လူတစ် ယောက်ကို အတော်ကလေး အထင်ကြီးနေပုံရတယ် မနက်ဖြန် တော့ ဒီနေရာမှာ ဘယ်သူစွမ်းသလဲဆိုတာ သိရတော့မှာပေါ့"

ဟုပြောကာ မောင်းတိန်းက ပျော်ရွှင်တက်ကြွသော အမူအရာဖြင့် ထိုနေရာမှ ထွက်သွားလေသည်။

မုဒြာလည်း နံ့သာနီဘူးကိုကိုင်ကာ ဂူထဲသို့ ဝင်လာလေ တော့သည်။

ဂူအတွင်းရောက်သောအခါ ဖခင်ဖြစ်သူ ကျားနက်ကြီး က မေးသည်။

"ငါ နင့်ကိုမေးစရာရှိတယ် အခုမှတွေ့တဲ့ငါတို့နဲ့ အမျိုး တူတဲ့လူကို သဘောကျတယ်ဆိုတာ အမှန်ပဲလား"

မုဒြာက ခေါင်းညိတ်ပြလိုက်သည်။

"ဘာကြောင့် သူ့ကို သဘောကျရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အသက်ကိုကယ်ပေးခဲ့ဖူးလို့ပါ"

"မောင်းတိန်းက အားကိုးရတယ်၊ နင်နဲ့ အထိုက်တန်ဆုံး လူတစ်ယောက်ပဲ"

"ဒါပေမယ့် ငါသူ့ကို သဘောမကျဘူး၊ သူက ဘီလူးနဲ့တူတယ်"

"ငါတို့နေရတဲ့ သဘာဝက ချောမောလှပစရာမလိုဘူး အတိုက်အခိုက် အသတ်အပုတ်ကောင်းဖို့ပဲလိုတယ်"

"ငါရွေးတဲ့လူလည်း အားကိုးလောက်ပါတယ်"

"အေးလေ ဒါက ပါးစပ်ကပြောလို့မရဘူး၊ လက်တွေ့မှပဲ သိရတော့မှာပဲ ဟုတ်မဟုတ် နောက်ရက်မှာ သိကြရမှာပဲ"

ဟုပြောရာ မုဒြာလည်း ထွေထွေထူးထူး နောက်ထပ်ဘာမှ မပြောတော့ပေ။

သူမရင်ထဲမှာတော့ စိုးရိမ်မှု ဆူးတစ်ချောင်းက နှလုံးသားတစ်ဝိုက်မှာ စူးဝင်နေသကဲ့သို့ ခံစားနေရပေသည်။





# အခန်း(၁၂)

## ထမင်းနှင့်သူ၏ လျှို့ဝှက်ချက်များ

နီမောင်ကတော့ မုဒြာပို့ပေးခဲ့သော ဂူပေါက်ဝမှာ အတန်ကြာအောင် ရပ်နေပြီးမှ ဂူအတွင်းသို့ ဝင်သွားလေသည်။ ဂူမှာ အတော်ကျယ်ဝန်းပြီး အတွင်း၌ မီးတိုင်တစ်တိုင် ထွန်ထားသောကြောင့် အတန်အသင့် အလင်းရောင်ရနေလေသည်။

ဂူအတွင်း တစ်နေရာမှာ မီးပုံတစ်ခုဖိုထားပြီး ထိုနေရာတွင် အသက်အရွယ်ကြီးလှပြီဖြစ်သော လူကြီးနှစ်ယောက် ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေကြလေသည်။ တစ်ဦးက နတ်ဆရာဇာဂရုဖြစ်ပြီး အသက် (၆၀)ကျော်အရွယ်ခန့် ရှိနေပေပြီ။

သူသည် အမွေးပွ သားရေချပ်ကြီး တစ်ချပ်ကို အင်္ကျီ သဖွယ်ဝတ်ဆင်ထားပြီး ဦးခေါင်းမှာ သားရေပြားတစ်ချပ်ပတ် ကာ ငှက်မွေးနှင့် တိရစ္ဆာန်အစွယ်များ တပ်ဆင်ထားသည်။ ကျန် တစ်ယောက်ကလည်း အသက်အရွယ်ကြီးလှပြီး (၆၀)ကျော်ခန့် ပင်ရှိနေလေပြီ. . ။

သူ့အမည်က ထမန်းဖြစ်သည်။ ထမန်းဆိုသော အဘိုး ကြီးမျက်နှာပေါ်မှာ ကန့်လန့်ဖြတ်ဒဏ်ရာကြီးတစ်ခုရှိပြီး မျက်လုံး တစ်ဖက်ပါ မရှိတော့ပေ။

ဒဏ်ရာကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့်အပြင် မျက်လုံးတစ်ဖက်ပါ ဟောက်ပက်ကြီးထွက်နေသောကြောင့် အ ကျည်းတန်လှပေသည်။

သို့သော် ငယ်ရွယ်စဉ်က ထမန်းသည် တိုက်ခိုက်ရေး သမားဖြစ်ခဲ့ပြီး ကသည်းဝိဇ္ဇာဉ်ဂူ၏ အမှောင်ထဲတွင် တိုက်ခိုက် ရာတွင် သူမတူအောင် ကျွမ်းကျင်လှသူဖြစ်သည်။

သူ့မျက်နှာပေါ်မှ ဒဏ်ရာကြီးမှာ အမှောင်ဂူထဲမှာ တိုက် ခိုက်ရင်းနှင့် တစ်ဖက်လူ ဓားချက်ကြောင့် ရခဲ့သော ဒဏ်ရာပင် ဖြစ်၏။

ထမန်းတစ်ယောက် ယခုအချိန်ထိ အသက်ရှင်နေသည် ကို ကြည့်ရုံနှင့်. . ငယ်ရွယ်စဉ်က သူ၏ပြိုင်ဘက်များမှာ သူ့ထက် အသက်ရှသေအောင်မသတ်နိုင်ကြပဲ ပြိုင်ဘက်များသာ သူ့လက်





ချက်ဖြင့် သေခဲ့ကြရကြောင်း သိနိုင်ပေသည်။

ယခုတော့ အသက်ကြီးလာသည်ကတစ်ကြောင်း၊ မျက် လုံးတစ်ဖက်ကပါ မကောင်းတော့သဖြင့် တိုက်ခိုက်ခြင်းများမှ အနားယူခဲ့သော်လည်း တစ်ရွာလုံးကတော့ သူ့ကို တိုက်ခိုက်ရေး သမားကောင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုထားကြလေ သည်။

နီမောင်ဝင်သွားတော့ နှစ်ယောက်စလုံးက လှမ်းကြည့် ကြသည်။ နီမောင်က မီးပုံရှိသောနေရာသို့ လျှောက်သွားပြီး ဝင်ထိုင်လေသည်။

နှစ်ယောက်စလုံးကသူ့ကို အတန်ကြာအောင် ကြည့်နေ ကြသည်။ အကဲခတ်နေသည်ဆိုက ပိုပြီးမှန်ပေမည်။

နီမောင်က တင်ပလ္လင်ခွေထိုင်ကာ ဒူးပေါ်သို့လက်နှစ် ဖက်တင်ထားသည်။

အတန်ကြာတော့မှ နတ်ဆရာကမေးသည်။

"မင်းက မုဒြာကိုယူဖို့ မောင်းတိန်းနဲ့ တိုက်ခိုက်မယ့် သူလား"

"ဟုတ်ပါတယ်"

"သူကို အနိုင်တိုက်နိုင်တဲ့သူ မရှိသေးဘူး"

"ငါတိုက်မှာပါ"

ထိုအခါ နတ်ဆရာက ဘာမှမပြောပဲ ထမန်းကဝင်ပြော သည်။ ထမန်းက နီမောင်ကို ဝင်လာကတည်းက တစ်ချိန်လုံး အကဲခတ်ကြည့်နေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကြည့်ရတာ တိုက်ခိုက်ရေးသမားကောင်း တစ်ယောက်ရဲ့ပုံစံမျိုးတွေ့ရတယ်၊ သူလုပ်နိုင်မယ်ထင်တယ်"

"ကောင်မလေးကတော့ သူ့ကို သဘောကျနေပုံပဲ"

"ဘာပဲဖြစ်ဖြစ် မောင်းတိန်းထက်စာရင်တော့ ငါက သူ့ကိုသဘောကျတယ်၊ မောင်းတိန်းက အခုမှ တိုက်ခိုက်ရေး ကောင်းလာပေမယ့် စိတ်ထားမကောင်းဘူး၊ သူက မကြာခင် စခန်းတစ်ခုလုံးကို သိမ်းပိုက်ဖို့ ကြံစည်နေတဲ့သူဆိုတော့ သူ့ကို အကူအညီပေးရမယ်"

နတ်ဆရာ ဇာဂရူပါ သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ထမန်းက မီးဖိုးနံဘေးမှ ပြာမှုန်များကို မျက်နှာပြင်ညီအောင် ညှိပြီး တုတ်တစ်ချောင်းနှင့် ဂူတစ်ဂူ၏ ပုံသဏ္ဍာန်မျိုးရေးပြသည်။

"မင်းတို့ယှဉ်ပြိုင်တိုက်ခိုက်ရမယ့်ဂူက ကသည်းဝိညာဉ်လိုဏ်ဂူလို့ခေါ်တယ်၊ ဒီဂူအကြောင်းကို မုဒြာက ပြောပြထားသလား"

ခေါင်းညိတ်ပြလိုက်သည်။

"ဂူထဲမှ အလင်းရောင်မရှိဘူး၊ ကိုယ့်အသက်ကို အချိန်မရွေးသတ်နိုင်တဲ့ သေမင်းတွေပဲရှိတယ်၊ တံခါးမပိတ်သေးခင် အလင်းရောင်ရှိနေသေးတဲ့အချိန်မှာ ဘာမှမလှုပ်ရှားပဲ ငြိမ်နေရမယ်၊ အလင်းရောင်ရှိနေတဲ့အချိန်မှာ မျက်လုံးကိုပိတ်ထားပြီး တံခါးပိတ်လိုက်လို့ အလင်းရောင်းပျောက်သွားတော့မှ မျက်လုံး





ကို ချက်ချင်းပြန်ဖွင့်လိုက်ရမယ်၊ လူအတော်များများက အလင်းရောင်ရှိတဲ့အချိန်မှာ မျက်စိဖွင့်ထားတော့ မှောင်လည်းသွားရော မျက်လုံးက ပြာဝေသွားတတ်တယ်"

"ဟုတ်ပါတယ်"

"အမှောင်ထဲမှာ တိုက်ခိုက်ကြတဲ့အခါ ရန်သူရဲ့စိတ်ကို လှည့်စားတတ်ဖို့အရေးကြီးတယ်၊ မှောင်သွားလို့ တိုက်ပွဲစပြီဆိုတာနဲ့ လက်ရှိရပ်နေတဲ့ နေရာမှာ မရပ်ဘဲ၊ နည်းနည်း နေရာရွှေ့ပေးရတယ်"

"ဟုတ်ပါပြီ"

"ငါသိရသလောက်တော့ မင်းနဲ့တိုက်ခိုက်မယ့် မောင်းတိန်းက ကမ္ဘူးရှုးထိုး အတင်းဝင်တိုက်တဲ့လူမျိုးမဟုတ်ဘူး၊ သူက နံရံကိုကပ်ပြီး ခြေလှမ်းရေတွက်ပြီးလာလေ့ရှိတယ်၊ ဂူထဲမှာ ထောင့်တစ်ထောင့်နဲ့ တစ်ထောင့်က ခြေလှမ်းတစ်ဆယ့်ငါးလှမ်းစာရှိတယ်၊ သူက ခြေလှမ်းကိုရေတွက်ပြီးတော့ အသံမကြားအောင်လာပြီး အနားရောက်တော့မှ ဖြုန်းခနဲ သတ်လေ့ရှိတယ်"

နီမောင်က တစ်နေရာနှင့်တစ်နေရာ အကွာအဝေး ခြေလှမ်း တစ်ဆယ့်ငါးလှမ်းစာရှိသည်ကို မှတ်သားထားလိုက်လေသည်။

"ဒီတော့ ဂူထဲမှာ မှောင်သွားပြီဆိုတာနဲ့ စိတ်ထဲကနေ ခြေလှမ်း (၁၅) လှမ်းစာစပြီး ရေတွက်ပေတော့၊ (၁၅) လှမ်းပြည့်သွားတာနဲ့ မြေပေါ်ကိုဆောင့်ကြောင့်ထိုင်ချလိုက်ပေတော့. . ၊ အဲ့ဒီအခါမှာ မင်းခေါင်းပေါ်က ဓားဖြတ်သွားတဲ့ လေသံတိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ကြားရလိမ့်မယ်၊ ဒီတော့ ရုတ်တရက်ထပြီး အသံကြားတဲ့နေရာကို မှန်းပြီးထိုးချလိုက်ပေတော့"

ထမန်းက သူအသုံးပြုခဲ့သော တိုက်ခိုက်နည်းများ၏ လျှို့ဝှက်ချက်ကို ပြောပြလေသည်။

ထိုအခါ နတ်ဆရာ ဇာဂရုကပါ ဝင်ပြောသည်။

"တစ်ခု သတိထားရမှာက အလင်းရောင် မပျောက်ခင်မှာ မြွေနှစ်ကောင် ဘယ်နေရာမှာ ချထားတယ်ဆိုတာကို ကြည့်ထား၊ မောင်းတိန်း နံရံက ကပ်လာခဲ့ရင် မြွေရှိတဲ့နံရံက လာမှာမဟုတ်ဘူး၊ နောက်ပြီး. . . နံရံမှာကျောကပ်နေတာ တစ်ဖက်လုံခြုံတာပေါ့"

"ဒီလိုမဖြစ်သေးဘူး နတ်ဆရာရဲ့ မြွေဆိုတဲ့ သတ္တဝါမျိုးက မှောင်သွားတာနဲ့ ထွက်ပေါက်ရှာကြတယ်၊ ထွက်ပေါက်ကို နံရံတစ်လျှောက် လိုက်စမ်းကြတာမို့ နံရံမှာကပ်နေရင် မြွေနဲ့ မုချတွေ့လိမ့်မယ်"

"ဒီတော့ ဘယ်လိုနေရမလဲ"

"မြွေလက်ပတ်ဆိုတာ အမှောင်ထဲမှာ မျက်စိမမြင်ရပေမယ့် သူက လူခန္ဓာကိုယ်ကထွက်တဲ့ ကိုယ်နံ့နဲ့ အပူငွေ့ကိုသိတယ်၊ ဒါကြောင့် မှောင်ကျသွားတာနဲ့ လူရှိတဲ့နေရာကို လာလေ့ရှိတယ်၊ မြွေလက်ပတ်က လူကိုပတ်တော့မယ်ဆိုရင် အမြီးရိုက်သံတစ်ချက်ပေးလေ့ရှိတယ်၊ မြွေပွေးက ပေါက်တော့မယ်ဆိုရင် နှာမှုတ်သံပေးတယ်၊ အဲ့ဒီအသံတွေကို သတိနဲ့ နားစွင့်ထားရမယ်"





"ကောင်းပါပြီ. . ."

"ဂူထဲမှာထည့်ထားတဲ့ မြွေနှစ်ကောင်က ဆန့်ကျင်ဘက်ပဲ မြွေပွေးက သူ့ဘာသာငြိမ်နေပြီး လူ အနားရောက်လာပြီးမှ ရန်မူလေ့ရှိတယ်၊ မြွေလက်ပတ်ကတော့ ဒီလိုမဟုတ်ဘူး၊ ဂူထဲမှာမှောင်သွားတာနဲ့ လူကိုပတ်ဖို့အတွက် အနံ့ခံပြီး လူရှိတဲ့နေရာကို လာလေ့ရှိတယ် ဒီနှစ်ချက်ကို သိထားရမယ်"

"ကောင်းပါပြီ . . ဒါထက် မြွေလက်ပတ် အနားရောက်လာနိုင်အောင် ဘယ်လိုလုပ်ရမလဲ"

နီမောင်ကမေးသောအခါ ထမန်းက ပြုလုပ်ရမည့်အချက်ကို ပြောပြလေသည်။

"ဂူထဲမှာ မှောင်ကျသွားတာနဲ့ ဂူနံရံကို ခြေထောက်နဲ့ထိထားပြီး သဲပြင်ပေါ် ကိုလှဲချလိုက်ပေ့၊ ဂူနံရံကို ခြေထောက်နဲ့ထိထားတာက ကိုယ်ရှိနေတဲ့နေရာကို မှတ်မိအောင်လို့ပဲ ပြီးတာနဲ့ ဦးခေါင်းနေရာကလွဲပြီး တစ်ကိုယ်လုံးကို သဲတွေနဲ့ ဖုံးထားလိုက်ရမယ်"

"ဒီလို ဘာကြောင့်လုပ်တာလဲ"

နတ်ဆရာက ဝင်မေးလိုက်သည်။

"လူမှာကိုယ်နံ့အများဆုံးထွက်တဲ့နေရာက ရင်ဘတ်နေရာတစ်ဝိုက်ပဲ အများဆုံးကချိုင်းနေရာပေါ့၊ ပက်လက်လှန်ပြီး တစ်ကိုယ်လုံး သဲနဲ့ဖုံးထားလိုက်တော့ ကိုယ်နံ့မရတော့ဘူး၊ ကိုယ်နံ့ထွက်တော့ မြွေလက်ပတ်က မင်းရှိတဲ့နေရာ မလာတော့ဘူး၊ ရှိတယ်လို့ အနားရောက်လာရင်တောင်မှ မပတ်နိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သဘောပေါက်ပါပြီ"

"အဲဒီအချိန်မှာ နံရံကကပ်လာတဲ့ မောင်းတိန်းက မင်းနဲ့ မတွေ့ခင်မှာ မြွေနဲ့အရင်တွေ့မှာပဲ၊ ဘာကြောင့်လည်းဆိုတော့ သူ့ခန္ဓာကိုယ်က ထွက်နေတဲ့ ကိုယ်နံ့နဲ့ အပူငွေ့ကို မြွေကချက်ချင်းသိနိုင်တယ်၊ သဲနဲ့ဖုံးထားလို့ အပူငွေ့မထွက်ရင် မြွေက မလာဘူး"

"ကောင်းပါပြီ"

"နောက်တစ်ချက်က ပက်လက်လှန်ပြီး ကိုယ်ပေါ်မှာ သဲနဲ့ဖုံးထားတဲ့အချိန်မှာ ကိုယ်ပေါ်မှာ သဲတောင်ပို့လေး လုပ်ပြီး ငြိမ်နေလိုက်၊ မောင်းတိန်းကမင်းရှိတဲ့ နေရာကို ဒီအတိုင်းပဲလာလာ၊ လေးဖက်ထောက်ပဲလာလာ သူလာတဲ့ဘက်ကို မင်း ပုံထားတဲ့သဲတွေက တအိအိပြိုကျသွားလိမ့်မယ် နောက်ပြီး သဲပေါ်မှာလှဲနေတဲ့အချိန်မှာ မျက်စိနဲ့ နားထဲကို သဲမဝင်စေနဲ့၊ အမှောင်ထဲမှာ မျက်စိထက် နားကိုပိုပြီး အသုံးချရတယ် အနည်းဆုံး သဲပုံပြိုကျသံ၊ မြွေဝမ်းဗိုက်ပွတ်လာတဲ့အသံတွေပါ ကြားနိုင်ရမယ်"

"ဂရုစိုက်ပြီးနားထောင်ပါ့မယ်"

"အရေးအကြီးဆုံးအချက်ကို ပြောရဦးမယ် ဒီနည်းဟာ ငါကိုယ်တိုင် အသုံးပြုပြီး လူပေါင်းများစွာကို သတ်ဖြတ်နိုင်ခဲ့တဲ့ နည်းပဲ"

နီမောင်က စိတ်ဝင်စားသွားလေသည်။

"ဂူထဲဝင်တဲ့အချိန် ဘယ်အချိန်ဆိုတာ မှတ်ထားရမယ် ညအချိန်ရောက်ရင် ခွေးတွေအူတယ်၊ လထွက်လာရင် တော





ခွေးတွေအူတယ်၊ သန်းခေါင်းယံအချိန်ရောက်ရင် တောကောင်ကြီးတွေ ဟိန်းဟောက်သံကြားရတယ် မိုးလင်းခါနီးရင် တောကြက်တွေ တွန်သံကြားရတယ်၊ မင်းလုပ်ရမှာက ညဉ့်နက်ပိုင်းအချိန်ရောက်လာရင် ပါးစပ်ကိုလက်နဲ့အုပ်ပြီး အသက်ပြင်းပြင်းရှူလိုက်ရမယ်"

"ဘာအတွက်လဲ"

"အဲဒီအသံက ဂူထဲမှာဆိုတော့ အတော်ကျယ်ကျယ်ကြားရနိုင်တယ် ရန်သူက မင်းအိပ်ငိုက်နေပြီထင်ပြီး ခပ်ရဲရဲနဲ့ အသံကြားရာကိုဝင်လာလိမ့်မယ်၊ အမှန်တော့ သူ့ကိုအသံပေးပြီးမျှားခေါ်လိုက်တာပဲ၊ အဲဒီလို အသံပေးပြီးတာနဲ့ မြေပေါ်ကိုပြန်လှဲပြီး ငြိမ်နေလိုက်၊ သူအနားရောက်လာတာနဲ့ အောက်ကနေပင့်ထိုးရင် မင်းနိုင်လိမ့်မယ်၊ ဘာကြောင့်လည်းဆိုတော့ မတ်တတ်ရပ်နေသူက အိပ်နေသူကို ဓားနဲ့ငုံ့ထိုးလို့မမီဘူး၊ အောက်ကလူက ဆတ်ခနဲထိုင်ပြီးထိုးရင် ထိတာများတယ်၊ ဒါ. . ငါအသုံးပြုခဲ့တဲ့ လျှို့ဝှက်နည်းပဲ"

ထိုကဲ့သို့ပြောပြသည်ကို နတ်ဆရာ ဇာဂရုပင် အံ့သြနေလေသည်။

"မင်း ပြောတာ ငါတောင်မသိသေးပါလား"

"ဘယ်ပြောမလဲ ဒါက ငါရဲ့လျှို့ဝှက်နည်းပဲလေ၊ အခုငါအသုံးမပြုတော့မှ သူ့ကိုပြောပြတာ"

"ဘာကြောင့် ပြောတာလဲ"

"ပြောရရင်တော့ မောင်းတိန်းကို ငါသဘောမကျဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့အသက်အရွယ်ကြီးလာတော့ မခန့်လေးစားလုပ်တယ်၊ တကယ်လို့သာ ငါသာအရွယ်ရှိသေးရင် သူနဲ့သတ်ချင်သေးတာ ငါအသက်ကြီးပြီး မသတ်နိုင်တော့လို့ သတ်နိုင်မယ့်သူကို ပေးတာ. . "

"ဒီလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာမလိုဘူး၊ ငါတို့ကလုပ်ပေးသင့်လို့ လုပ်ပေးကတာပဲ၊ မနက်ဖြန်တိုက်ပွဲဝင်ရင်သာ အနိုင်ရအောင် တိုက်ခဲ့ပါ"

"ကောင်းပါပြီ"

နီမောင်က နတ်ဆရာဇာဂရုနှင့် ထမန်းတို့နှစ်ယောက်ကို အရိုအသေပေးကာ ဂူအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။ သူစိတ်ထဲမှာ ပေါ့ပါးလျက် ရှိနေလေသည်။

သူတို့နေသောနေရာသို့ ရောက်သောအခါ စောထီးနှင့် ငမဲအောင်တို့က စိုးရိမ်စွာမေးကြသည်။

"နီမောင် မင်းဘယ်ကပြန်လာတာလဲ မုဒြာနဲ့တွေ့ခဲ့သေးလား"

နီမောင်က ခေါင်းညိတ်ပြသည်။

"အခြေအနေကရော ဘယ်လိုလဲ"

"ကောင်းပါတယ် အခုငါကို အကူအညီပေးမယ့်သူတွေနဲ့ တွေ့ခဲ့တယ်"

"သူတို့က ဘာပြောသလဲ"

နီမောင်က နတ်ဆရာဇာဂရုနှင့် ထမန်းတို့ပြောပြလိုက်





သည့်အကြောင်းများကို ပြောပြလိုက်သည်။

"ဒါဆိုရင် မင်းကံကောင်းတာပေါ့၊ ဒါပေမယ့် တစ်ခုတော့ သတိထား နည်းလမ်းပေးသလိုနဲ့ ထောက်ချောက်ထဲတွန်းပို့တာမျိုးလည်း ဖြစ်နိုင်တယ်"

"ငါ သဘောပေါက်ပါတယ်၊ ဒါပေမယ့် မုဒြာကတော့ ငါ့ကို ဒုက္ခပေးမယ့်သူတွေဆီကို ပို့ပေးမှာတော့ မဟုတ်ပါဘူး"

"မိန်းမတွေလည်း သိပ်ပြီးယုံကြည်စိတ်ချလို့မရဘူးဟေ့၊ ငါတို့က မင်းတစ်ခုခုဖြစ်သွားမှာကိုသာ စိုးရိမ်နေကြတာ"

"ဟုတ်တယ် နီမောင် မင်းသာတစ်ခုခုဖြစ်သွားရင်တော့ ငါတို့နှစ်ယောက်က အဲ့ဒီလူတွေကို အသက်ချင်းလဲပြီးတော့ ထလုပ်စားချေဖို့ တိုင်ပင်ထားကြတာ"

"မင်းတို့နှစ်ယောက်ရဲ့ စိတ်ဓါတ်ကိုငါသိပါတယ် ဘာမှစိတ်မပူပါနဲ့၊ မနက်ဖြန်ကျရင် ကသည်းဝိညာဉ်ဂူထဲက ပြန်ထွက်လာနိုင်အောင် ငါကြိုးစားမှာပါ"

ဟုပြောပြီး သုံးယောက်သား လက်ချင်းတင်းတင်းဆုပ်ကိုင်လိုက်ကြလေသည်။

ထိုလက်များမှတစ်ဆင့် တက်ကြွသောသွေးများ၊ စိတ်ဓာတ်များက သူတို့ကိုယ်ခန္ဓာများအတွင်းသို့ ပေါင်းစပ်စီးဝင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

# ကသည်းဝိညာဉ်ဂူမှ အောင်ပွဲ

ကသည်းဝိညာဉ်ဂူ. . ။ ထိုဂူမှာ နာမည်ဆိုးသလောက် အသက်ပေါင်းများစွာတို့ကို ဝါးမျိုခဲ့သော နေရာလည်းဖြစ်သည်။ သွေးဆူနေသူများ၊ သေဆုံးသူတို့၏ ဝိညာဉ်များသာ ကျင်မွေ့သော နေရာတစ်ခုလည်းဖြစ်သည်။

ထိုနေရာသည် လူ့အသက်ပေါင်းများစွာ စတေးသော နေရာတစ်ခုဆိုကလည်း မမှားပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုဂူမှာ သေမင်းခံတွင်းနှင့် ပုံသဏ္ဍာန်တူပြီး နှ
ယောက်ဝင်သွားလျှင် နှစ်ယောက်စလုံး သေချင်သေ၊ ဒါ
ဟုတ် တစ်ယောက်ယောက် သေပြီးမှ ပွဲကပြီးသည်။

ထိုပွဲကို တစ်ရွာလုံးက စိတ်ဝင်စားကြသည်။

ယနေ့ ကသည်းဝိညာဉ်ဂူတွင် အသက်လုပွဲရှိသည်။

တစ်ယောက်က သူတို့ရွာမှ ပွဲတိုင်းကျော်၊ တိုက်တို
နိုင်သူ မောင်းတိန်းဖြစ်ပြီး ကျန်တစ်ယောက်က ဘယ်ကရော
လာမှန်းမသိသော လူစိမ်းတစ်ယောက် ဖြစ်လေသည်။

သို့သော် ရွာသူရွာသားများက ရွာခံလူကိုချည်း အား
ပေးခြင်းမပြုပဲ တိုက်ပွဲဝင်မည့်သူ နှစ်ယောက်စလုံးကိုပင် သူ
ကောင်းများအဖြစ် မျှမျှတတ အားပေးကြသည်။

အသက်လုပွဲ ကျင်းပမည့်နေ့တွင် မည်သူမှ အဝေး
သွားကြဘဲ ဂူရှိရာသို့ လာရောက်အားပေးကြလေသည်။

ရွာမှာရှိသော အချောဆုံး၊ အလှဆုံး မိန်းမများကလည်း
သူရဲကောင်းနှစ်ယောက်ကို နှုတ်ဆက်အားပေးရန်အတွက်
နေရာသို့ ရောက်လာကြသည်။

နတ်ဆရာနှင့် ရွာလူကြီးများအပြင် ခေါင်းဆောင် ကျွ
နက်တို့ပါ ထိုနေရာသို့ ရောက်လာကြသည်။

၎င်းတို့က တိုက်ခိုက်မည့်သူနှစ်ယောက် ဂူအတွင်းသို့
မဝင်မီ ၎င်းတို့က ဂူအတွင်းသို့ဝင်ကာ စစ်ဆေးကြသည်။

အမှောင်ခန်းထဲသို့ အလင်းရောင် ရောက်မရောက်နှ
သဲပြင်များ ညီမညီကို စစ်ဆေးကြည့်ရှုကြသည်။





ထိုသို့ စစ်ဆေးပြီးတော့မှ လူနှစ်ယောက်တို့က ခြင်း
ောင်းနှစ်လုံးကို သယ်ယူလာကြကာ ခြင်းထဲမှာထည့်ယူလာ
သော မြွေနှစ်ကောင်ကို ထောင့်တစ်ထောင့်စီတွင် ချထားရန်
ြင်ဆင်လေသည်။

မြွေပွေးတစ်ကောင်နှင့် လက်ပတ်မြွေတစ်ကောင်တို့
င်ဖြစ်သည်။

တံခါးပိတ်ကာနီးတော့မှ မြွေများကိုချထားရန်ဖြစ်၏။
အပြင်မှာတော့ တိုက်ခိုက်ကြမည့် နီမောင်နှင့် မောင်းတိန်းတို့
ရောက်နေကြလေပြီ။

မိန်းမပျိုများက သူတို့နှစ်ယောက်အနီးသို့ ချဉ်းကပ်ကာ
အားပေးစကားပြောနေကြသည်။

မောင်းတိန်းကတော့ မိန်းမပျိုများ ဝိုင်းဝိုင်းလည်နေ
သောကြောင့် သဘောအကျကြီး ကျနေလေသည်။

မောင်းတိန်းက နီမောင်ထက် ဦးခေါင်းတစ်လုံးပိုမြင့်ပြီး
ကိုယ်လုံးကိုယ်ထည်ကလည်းကြီးသည်။

ဦးခေါင်းမှာ သားရေပြားတစ်ချပ်ဖြင့် ပတ်စည်းထား
သသည်။

"နင်တို့အပြင်က စောင့်နေကြ၊ ငါနဲ့သတ်တဲ့ပွဲတွေမှာ
ခံပြန်ပြီးမှ တစ်ခေါက်ပြန်လာစရာမလိုဘူး၊ သီချင်းတစ်ပုဒ်
ဆုံးခင်မှာ ငါသူ့ကိုသတ်ပြီး ပြန်ထွက်လာခဲ့မယ်"

ဟု လေသံခပ်ကျယ်ကျယ်ဖြင့် ပြောနေလေသည်။

ထိုအချိန်တွင် မုဒြာရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုဒြာရောက်လာတော့ အခြားမိန်းမပျိုများက နောက်သို့ ဆုတ်ပေးကြသည်။

မုဒြာက အနက်ရောင် ကျားသစ်ရေဖြင့် ချုပ်ထားသော အင်္ကျီကို ဝတ်ဆင်ထားကာ အလှဆုံးဖြစ်အောင် ပြင်ဆင်ထားလေရာ ကျားသစ်နက်မတစ်ကောင်နှင့်ပင် တူလှသည်။

သူမက ထိုနေရာသို့ ရောက်သောအခါ နီမောင်ရှိရာသို့ မလာပဲ မောင်းတိန်းရှိရာဘက်သို့ လျှောက်သွားလေသည်။ ထိုကြောင့် နီမောင်ရော အနားမှာရှိနေကြသော စောထီးနှင့် [illegible]အောင်တို့ နှစ်ယောက်ပါ အံ့ဩသွားကြသည်။

ထိုအခြေအနေကြောင့် နီမောင်စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသဖြင့် မျက်နှာပျက်သွားလေသည်။

စောထီးက မကျေမနပ်ဖြင့် တိုးတိုးကပ်ပြောသည်။

"ငါတို့မပြောဘူးလား၊ မိန်းမတွေဟာ ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ သစ္စာမရှိပါဘူးလို့၊ အခုတော့မြင်ပြီမဟုတ်လား"

နီမောင်ကတော့ ဘာမှ ပြန်မပြောပေ။

မုဒြာက မောင်းတိန်းအနီးသို့သွားပြီး ပွေ့ဖက်နှုတ်ဆက်ကာ သူမလက်ဖြင့် ဦးခေါင်းကို ပွတ်သပ်ပေးနေလေသည်။

ထိုအခြေအနေကြောင့် မောင်းတိန်းမှာ အကျေနပ်ကြီး ကျေနပ်၊ သဘောအကျကြီး ကျသွားလေတော့သည်။

"နင် အခုတော့ သဘောပေါက်သွားပြီ မဟုတ်လား ဘယ်သူ့ကိုရွေးချယ်ရမယ်၊ ဘယ်သူ့ကိုအားကိုးရမယ်ဆိုတာ သိသွားပြီးမဟုတ်လား"





မုဒြာက ပြုံးရုံသာပြုံးပြီး ခေါင်းညိတ်ပြသည်။

"နင် အခုလို ငါ့အပေါ်မှာ သဘောထားပြောင်းသွားတာ ဝမ်းသာပါတယ်၊ ဂူထဲရောက်တာနဲ့ ချက်ချင်းသူကိုသတ်ပြီး ငါ ပြန်ထွက်လာခဲ့မယ်၊ နင်အပြင်ကသာ စောင့်နေပါ"

ဟုပြောလေသည်။

မုဒြာက မောင်းတိန်းကိုယ်ကို ပွေ့ဖက်ပြီး သူ့လက်ဖြင့် ပွတ်သပ်ပေးနေလေသည်။

ပြီးတော့မှ ထိုနေရာမှ ထွက်သွားလေသည်။

နီမောင်ကတော့ ထိုမြင်ကွင်းကိုမြင်သောအခါ စိတ်ထဲမှာ နင့်သွားလေသည်။

ထိုနောက် ဂူထဲဝင်ခါနီးတော့ နှစ်ယောက်စလုံးကိုယ်မှာ ဝတ်ဆင်ထားသောအဝတ်များကို ချွတ်ထားခဲ့ရသည်။ လူတစ်ယောက်က မောင်းတိန်းကို သူကိုင်နေကျ ဓားမြှောင်ကိုလာပေးသည်။

"အသေအချာ သွေးလာခဲ့ရဲ့လား"

"သွေးခဲ့ပါတယ်"

ထိုအခါ မောင်းတိန်းက ဓားသွားပေါ်သို့ အဝတ်စတစ်စတင်ပြီး လေဖြင့်မှုတ်ချလိုက်သောအခါ တိခနဲပြတ်ကျသွားသည်။

ဓားသွားက ရှစ်လက်မခန့်ရှည်ပြီး သုံးလက်မခန့်ဖြက်ရှိသည်။ ဓားရိုးက လေးလက်မခန့်ရှည်သည်။

နီမောင်ကိုတော့ ထမန်းက ဓားတစ်လက်လာပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ဒါ ငါရဲ့တိုက်ပွဲဝင်ဓားပဲ၊ ဒီဓားနဲ့ လူအတော်များများရဲ့ အသက်ကိုသတ်ခဲ့ပြီးပြီ. . ၊ ဒီဓားနဲ့ သူ့အသက်ကို ရအောင် သတ်နိုင်ခဲ့ပါစေ. . ”

နီမောင်က ခေါင်းညိတ်ပြပြီး ဓားကိုယူလိုက်သည်။ ဓားသွားက (၉)လက်မခန့်ရှိပြီး ဗျက်က (၃)လက်မခန့်ရှိသည်။ ဓားရိုးက (၄)လက်မခန့်ရှည်သည်။

ဓားအရောင်က သွေးဝနေဟန်ဖြင့် အမည်းရောင် နီညို ရောင်များသမ်းနေသည်။

ဓားဦးနှင့်ဓားသွားကို မြနေအောင်သွေးထားမှန်း မြင်ရုံ နှင့်သိလေသည်။

ထိုဓားကို ဆုပ်ကိုင်လိုက်သည်နှင့် ကိုယ်ခန္ဓာအတွင်း သို့ စွမ်းအားတစ်ခုခု စိမ့်ဝင်သွားသကဲ့သို့ ထင်လိုက်မိသည်။ အဆင်သင့်ဖြစ်သောအခါ တိုက်ခိုက်မည့်သူနှစ်ယောက်ကို ကျား နက်ကြီးကိုယ်တိုင် ဂူထဲခေါ်သွားသည်။

ထောင့်တစ်ထောင့်စီမှာ နေရာချပေးပြီးသောအခါ အ ဆင်သင့်ရှိနေသူများက မြွေနှစ်ကောင်ကို ခြင်းထဲမှ ထုတ်ကာ သဲပြင်ပေါ်သို့ချပေးလိုက်ပြီး ပြန်ထွက်သွားကြသည်။

ကျားနက်ကြီးက သူတို့ကို နေရာချပြီးသောအခါ ၎င်းတို့ ဘာသာဖြင့် ဆုတောင်းခြင်းများပြုလုပ်ပေးပြီးနောက် အပြင်သို့ ထွက်သွားလေသည်။

သူအပြင်ရောက်သည်နှင့် အဆင်သင့်စောင့်နေသူတို့





က ကျောက်တံခါးချပ်ကို ပိတ်လိုက်ရာ ဂူထဲမှာ မှောင်သွားလေ တော့သည်။

ထိုကဲ့သို့ တံခါးပိတ်လိုက်ခြင်းကပင် တိုက်ပွဲစတင်ရန် အချက်ပေးလိုက်ခြင်းဖြစ်သည်။

အပြင်ဘက်မှာ ရှိနေသူများက အလင်းရောင် မဝင်စေ ရန် အပေါက်အချို့ကိုပိတ်ခြင်း၊ အောင်ပွဲရလာသူ တံခါးဖွင့်လိုက် လျှင် အသံကြားနိုင်စေရန် ခလောက်များကို ချိတ်ဆွဲခြင်းများ ပြုလုပ်ကြလေသည်။

အားလုံးပြီးသောအခါမှာတော့ အတွင်းမှာရောက်နေ သူတိုက်ပွဲဝင်နှစ်ဦး၏အဖြေကို စောင့်ကြရုံသာရှိပေတော့သည်။

အချို့ပွဲများဆိုလျှင် ထိုကဲ့သို့ အစီအစဉ်များပြုလုပ်ပေး ပြီးပါက နတ်ဆရာနှင့် ခေါင်းဆောင်တို့က ပြန်သွားကာ ၎င်းတို့ ပြုလုပ်စရာအလုပ်များကို လုပ်ကြကာ အဖြေသိရတော့မှ ဂူရှိရာ သို့ ပြန်လာလေ့ရှိကြသည်။

ခလောက်သံကြားတော့မှ ဂူရှိရာပြန်လာပြီး အောင်ပွဲ ရသူအတွက် ဂုဏ်ပြုပေးကာ ဂူထဲမှာ ကျန်ခဲ့သူအတွက် ဒဏ်ရာ ရလျှင်ဆေးကုပေးပြီး အသက်သေသွားလျှင်တော့ အလောင်း ကို စွန့်ပစ်ရန် စီမံကြရပေသည်။

ယနေ့ပြုလုပ်သော တိုက်ပွဲကတော့ ယခင်ပွဲများနှင့် အတူပေ။ ပြိုင်ဘက်နှစ်ယောက်က စိတ်ဝင်စားဖို့ကောင်းသည်။

တစ်ယောက်က အခြားနေရာမှ ရောက်လာသည့် လူ စိမ်းတစ်ယောက်ဖြစ်ပြီး နောက်တစ်ယောက်က သူတို့နေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



မည်သူမှ မယုံဉ်ပံ့သော ပြိုင်ဘက်ကင်း တိုက်ခိုက်ရေးသမား မောင်းတိန်း ဖြစ်နေသောကြောင့်ပင်။

သို့ကြောင့် ပွဲအဖြေပေါ်သည်အထိ စောင့်ကြည့်ကြရန် ဆုံးဖြတ်ထားကြလေသည်။

ကသည်းဝိညာဉ်ဂူအတွင်းသို့ ရောက်နေကြသော နီမောင်နှင့် မောင်းတိန်းတို့ နှစ်ယောက်မှာမူ . .

အပြင်ဘက်မှာ ဂူတံခါးပိတ်လိုက်သည်နှင့် အတွင်းမှာ မှောင်မည်းသွားလေသည်။

နီမောင်က တံခါးမပိတ်ခင်အချိန်တွင် အပြင်ဘက်မှာ မည်သည့်အချိန်ရောက်နေပြီကို မှတ်သားထားလိုက်သည်။

သူနေရမည့်နေရာသို့ရောက်သောအခါ ဂူအနေအထားများနှင့် မြွေများချမည့်နေရာကို အသေအချာမှတ်သားထားပြီးဖြစ်၏။

သူတို့နှစ်ယောက်က မျက်နှာချင်းဆိုင်အနေအထားရှိပြီး ကြားနှစ်နေရာတွင် မြွေနှစ်ကောင်ရှိနေသည်။

ဥပမာ. . . သူတို့က အရှေ့နှင့်အနောက် နံရံတွင်ရှိနေသည်ဆိုပါက တောင်နှင့်မြောက် နံရံနှစ်နေရာတွင် မြွေနှစ်ကောင်ရှိနေကြသည်။

တိုက်ခိုက်တော့မည်ဆိုပါက ရှေ့တည့်တည့်သို့တိုးလာလျှင်လာ၊ သို့မဟုတ် နံရံမှကပ်လာပါက မည်သည့်ဘက်မှပဲလာလာ မြွေတစ်ကောင်ကိုတော့ ကျော်ဖြတ်လာရပေမည်။

မည်းမှောင်နေသော ဂူထဲတွင် ဘာမှမမြင်ရဘဲ အလယ်





နေရာမှ ဖြတ်လာဖို့ မလွယ်လှပေ။

အသေချာဆုံးက နံရံမှကပ်လာမှသာလျှင် ရန်သူရှိသော နေရာသို့ သေချာပေါက် ရောက်နိုင်ပေမည်။

ထမန်းကလည်း မှာလိုက်သေးသည်။

မောင်းတိန်းက နံရံမှကပ်လာပြီးမှ တိုက်ခိုက်လေ့ရှိပြီး တစ်နေရာနှင့်တစ်နေရာ ခြေလှမ်း(၁၅)လှမ်းစာကွာဝေးသည်ဟု အသေအချာ မှာလိုက်သည်။

နီမောင်က ဂူပေါက်ဝမပိတ်ခင်မှာ အခြေအနေကို မှတ်သားထားပြီးနောက် မျက်လုံးကို မှိတ်ထားလိုက်သည်။ စိတ်အာရုံ တည်ငြိမ်မှုရစေရန် စုစည်းထားလိုက်သည်။

မကြာမီ အပြင်ဘက်မှ တံခါးပိတ်သံ ကြားလိုက်ရသည်။

နီမောင်က တံခါးပိတ်သွားပြီး မှောင်ကျသွားတော့မှ မျက်လုံး ပြန်ဖွင့်သည်။

စိတ်ထဲမှာ ခြေတစ်လှမ်းစာအချိန်ကို မှတ်သားနေသည်။ ခဏကြာတော့. . မြွေပွေးချထားသော နေရာဘက်မှ အလင်းရောင် ခပ်မှိန်မှိန်တစ်ခုကို တွေ့လိုက်ရသည်။

မောင်းတိန်းက မြွေပွေးချထားသောနေရာဘက်မှ လာနေခြင်းဖြစ်၏။

မြွေရှိသောနေရာသို့ ရောက်တော့သူ့မှာပါလာသော အလင်းရောင်ထွက်သည့်ပစ္စည်းဖြင့်ထိုးကြည့်လိုက်ခြင်းဖြစ်ပေသည်။

မောင်းတိန်းက သူကိုင်ထားသော ဓားမြှောင်အရှိတွင်



www.burmeseclassic.com

www.burmeseclassic.com



အရည်အသွေးကောင်းသော ပတ္တမြားတစ်လုံး လျှို့ဝှက်စွာထည့်ထားလေသည်။

အခြားအချိန်များတွင် ထိုပတ္တမြားတစ်လုံးတပ်ထားသောနေရာကို သားရေချပ်အိတ်ဖြင့် စွပ်ထားသောကြောင့် မမြင်နိုင်ပေ။ အမှောင်ထဲရောက်တော့မှ ထိုသားရေအိတ်ကိုဖယ်ချလိုက်သောအခါ အနီရောင် အလင်းအချို့ ထွက်လာခြင်းဖြစ်၏။

ထိုအလင်းရောင်ဖြင့် မြွေကိုကြည့်ပြီး ဖြတ်ကျော်လာခြင်းဖြစ်၏။

မြွေကိုကျော်လာသည်နှင့် သားရေစွပ်ဖြင့် ပြန်ဖုံးလိုက်သောအခါ အလင်းရောင် ပျောက်သွားသည်။

သူ့အနေအဖြင့် ထိုအလင်းရောင်ကို ကြာကြာမသုံးဝံ့ပေ။ အမြဲတမ်း အလင်းရောင်ထွက်နေပါက တစ်ဖက်ရန်သူက သူရှိသောနေရာကို အလွယ်တကူ သိသွားမည် ဖြစ်သောကြောင့်ပင်ဖြစ်၏။

ထိုအလင်းရောင်ကလေးကို နီမောင်က မြင်လိုက်သည်။ အကယ်၍သာ ဂူမပိတ်ခင်က မျက်လုံးဖွင့်ထားပါက မှောင်သွားသောအခါ မျက်လုံးကြောင်သွားပြီး ထိုအလင်းရောင်ကို မြင်ရတော့မည် မဟုတ်ပေ။

ထိုအချိန်မှာပင် မောင်းတိန်းက အနားရောက်လာပြီး အနီရောင်ဖြင့် မျက်လုံးရှိသောနေရာသို့ ထိုးသောအခါ တစ်ဖက်ရန်သူက ဘာမှန်းမသိလိုက်စဉ်မှာ အသွားထက်သောဓားက ကိုယ်ထဲသို့ ဝင်လာပြီး အသက်ဆုံးရှုံးကြရခြင်းဖြစ်၏။





"ဒင်းက ဒီလိုအကြံနဲ့ကိုး"

နီမောင်က မောင်းတိန်းအကြံကို သဘောပေါက်သဖြင့် မြေပေါ်သို့ အသံမကြားအောင် ထိုင်ချလိုက်သည်။

ပြီးနောက် ပက်လက်အနေအထားဖြင့် ကိုယ်ပေါ်သို့ သဲများ ယက်တင်ထားလိုက်သည်။

သူရောက်လာမည့် ခြေလှမ်းအရေအတွက်ကိုလည်း မှတ်သားရေတွက်နေသည်။

ထိုအခိုက်မှာပင် သဲဖုံးထားသော ကိုယ်ပေါ်မှ တစ်စုံတစ်ခု ဖြတ်ကျော်သွားသည်ကို သတိပြုမိသဖြင့် အသက်မရှူဘဲငြိမ်နေလိုက်သည်။

လူကိုယ်နှင့်နှင့် အပူငွေ့ရသဖြင့် တရွေ့ရွေ့လာနေသောလက်ပတ်မြွေက သဲဖုံးထားသောကိုယ်ပေါ်မှ ကျော်သွားလေပြီ။

ထိုမြွေက တစ်ဖက်မှလာနေသော မောင်းတိန်းနှင့်တိုးပြီး ခြေထောက်ကို လှမ်းပတ်လိုက်သည်။

မောင်းတိန်းက ခြေထောက်မှာ မြွေပတ်ခံလိုက်ရသော်လည်း ဆက်လျှောက်လာသည်။

ထိုအချိန်မှာ နီမောင်နှာခေါင်းထဲသို့ ရနံ့တစ်ခု တိုးဝင်လာသည်။ နံ့သာနီရနံ့ပင်ဖြစ်သည်။

ထိုရနံ့ကို ရလိုက်သည်နှင့် မိမိကိုယ်ပေါ်မှာ မောင်းတိန်းရောက်နေပြီဖြစ်ကြောင်း သိလိုက်လေသည်။

ခြေလှမ်းကိုရေတွက်လာသော မောင်းတိန်းက ခြေလှမ်း(၁၅)လှမ်းပြည့်သောအခါ ဓားရိုးမှ အဖုံးကိုဖယ်ပြီး ပတ္တမြားအ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ဖြင့် ထိုးကြည့်လိုက်သည်။

မြင်ကွင်းမှာ နီမောင်ကိုမတွေ့ရသဖြင့် ထိတ်ခနဲ ဖြစ်သွားသည်။ ယခင်ဆိုလျှင် ပတ္တမြားအလင်းရောင်နှင့် ထိုးပြီး မရှေးမနှောင်းမှာ ဓားဖြင့်ပက်ထိုးကာ ပွဲသိမ်းလေ့ရှိသည်။ ယခု ပွဲသိမ်းရမည့်သူကို မတွေ့ရပေ။

ထိုအခိုက်မှာပင် သဲထဲမှာ မြုပ်နေသော နီမောင်က ဖျတ်ခနဲထထိုင်ကာ မောင်းတိန်းဘေးဘက်သို့ ဓားဖြင့်ထိုးစိုက်ချလိုက်သည်။

"ဒုတ်. . ."

ချက်ကောင်းကိုထိမိသွားသဖြင့် လက်ထဲမှာ စေးစေးပိုင်ပိုင် ဖြစ်သွားသည်။

မောင်းတိန်းက မမျှော်လင့်ပဲ ဓားချက်ထိသွားသောကြောင့် လက်ထဲမှဓားဖြင့် ဝှေ့ယမ်းထိုးသည်။

နီမောင်က ထိုင်နေသဖြင့် လေကိုသာ ထိုးမိပြီး လူကို မထိပေ။

"ဝှီး. . ဝှီး. . ဝှီး. ."

နောက်တစ်ကြိမ် နီမောင်က မောင်းတိန်း၏ ခြေထောက်ရှိသောနေရာကို မှန်းပြီး ဓားဖြင့်ပတ်ဆွဲရာ ထိပြန်လေသည်။ ထိုအခိုက်မှာပင် နေရာပြောင်းသည်။

မောင်းတိန်းက ရန်သူမှာ သူ့အောက်မှာရှိနေသည်ကို သဘောပေါက်သွားသဖြင့် အပေါ်မှ ခုန်အုပ်ကာ ဓားဖြင့် စိုက်ချလိုက်သည်။





သို့သော် နီမောင်က နေရာရွှေ့သွားပြီဖြစ်သောကြောင့် သဲပြင်ကိုသာ ထိုးမိပြီး မှောက်လျက်ကျသွားလေသည်။

မရှေးမနှောင်းမှာပင် မောင်းတိန်းကိုယ်မှာ စွဲနေသည့် နံ့သာနီအနံ့ကို အနံ့ခံပြီး. . နီမောင်ကခုန်ဝင်လာပြီး ကျောပေါ်မှ ဓါးဖြင့်အချက်များစွာ စိုက်ချလိုက်သောအခါ အော်ဟစ်ညည်းညူရင်းနှင့် ငြိမ်ကျသွားလေတော့သည်။

ပွဲပြီးသွားပေပြီ. . .။

နီမောင်က သေဆုံးသွားသော မောင်းတိန်းကိုင်သော ဓားကိုပါယူပြီး တံခါးပေါက်ဝသို့ တဖြည်းဖြည်း စမ်းလာပြီးနောက် ကျောက်တံခါးချပ်ကို တွန်းဖွင့်လိုက်သည်။ တံခါးဖွင့်သွားသည်နှင့် တံခါးမှာတပ်ထားသော ခလောက်သံများက ပတ်ဝန်းကျင်တစ်ဝိုက် ဆူညံသွားလေတော့သည်။

ထိုအသံများများက အောင်ပွဲ၏ အထိမ်းအမှတ်အသံ၊ အောင်မြင်သူအတွက် ဂုဏ်ပြုလိုက်သောအသံများ ဖြစ်ပေသည်။

သူထွက်လာတာမြင်တော့ သံပြိုင်အော်ဟစ်လိုက်ကြသောအသံများ ပေါ်ထွက်လာလေသည်။

ဦးစွာ စောထီးနှင့် ငမဲအောင်တို့ရောက်လာပြီး အဝတ်များ ပြန်ဝတ်ပေးကြသည်။

ထို့နောက် နတ်ဆရာဇာဂရ၊ ထမန်း၊ ကျားနက်ကြီးတို့ အနားရောက်လာကြသည်။

"ငါပြောခဲ့တယ်မဟုတ်လား၊ သူ့ကိုစတွေ့ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



မောင်းတိန်းကို သတ်နိုင်မယ့်လူဆိုတာ သိပါတယ်"

နီမောင်က သုံးယောက်စလုံးကို အရိုအသေပေးလိုက်ပြီးမှ ထမန်း၏ တိုက်ပွဲဝင်ဓားကို ပြန်ပေးလိုက်သည်။

ထို့နောက် မောင်းတိန်းကိုင်သော ဓားမြှောင်၏ အရိုးနေရမှာ တပ်ထားသော ပတ္တမြားကို ပြလေသည်။

"ဒီကျောက်က ဘာအတွက် တပ်ထားတာလဲ"

ကျားနက်ကြီးကမေးသည်။

"ဓားရိုးမှာ ပတ္တမြားတပ်ထားတဲ့ ရည်ရွယ်ချက်က အမှောင်ထဲရောက်တဲ့အခါ အလင်းရောင်ရစေပါတယ်၊ သူက ဒီအလင်းရောင်နဲ့ မြွေတွေကို ရှောင်နိုင်တယ်၊ တစ်ဖက်ရန်သူတို့ လှည့်စားနိုင်ပါတယ်၊ ဒီလိုနည်းနဲ့ အနိုင်ယူခဲ့တာပဲဖြစ်ပါတယ်"

"မြေခွေးတစ်ကောင်လို ကောက်ကျစ်ယုတ်မာလှပါလား၊ ယှဉ်ပြိုင်တိုက်ခိုက်တယ်ဆိုတာ ရိုးသားမှုရှိရတယ်၊ တရားမျှတမှုရှိရတယ်၊ ဒီလိုကောက်ကျစ်ယုတ်မာတဲ့ အကြံအစည်မျိုးနဲ့ တိုက်ခိုက်တဲ့သူဟာ လူယုတ်မာပဲ"

ကျားနက်ကြီးက ပြောသည်။

"ဒီလိုကောက်ကျစ်ယုတ်မာတဲ့လူမျိုး သေသွားတော့လည်း ကောင်းတာပဲ၊ ဘာပဲဖြစ်ဖြစ် သူကတော့ ငါတို့အတွက် အားကိုးထိုက်တဲ့သူပဲ၊ မုဒြာနဲ့ ထိုက်တန်တဲ့သူဟာလည်း သူပဲဖြစ်သင့်တယ်"

နတ်ဆရာက ပြောသောအခါ ကျားနက်ကြီးက ခေါင်းညိတ်ပြသည်။





"မှန်ပါတယ် သူတို့နှစ်ယောက်ကို ကျုပ်ကိုယ်တိုင် ပေးစားပါ့မယ်"

ထိုအခါမှ မုဒြာကို သတိရသဖြင့် ကြည့်သောအခါ မတွေ့ရတော့ပေ။ နီမောင်က လူအများကြားမှာ ရှာကြည့်တော့သည်း မတွေ့ရပေ။

သို့ကြောင့် စိတ်ပူသွားသဖြင့် သူမနေသော ဂူသို့သွားကြည့်လေသည်။ ထိုနေရာမှာလည်း မတွေ့ရပေ။

ထိုအချိန်မှာ သူ့နှာခေါင်းထဲသို့ နံ့သာနီရနံ့ ဝင်လာသဖြင့် တစ်စုံတစ်ခုကို သတိရလိုက်သည်။

နံ့သာနီနံ့များက ထိုနေရာတစ်ဝိုက်မှာ ကြိုင်နေသည်။ နီမောင်က ထိုရနံ့များရသော နေရာဘက်သို့လိုက်ရှာရာ ဂူနှင့် မနီးမဝေး ချောင်းစပ်တစ်နေရာမှာ မုဒြာကို တွေ့ရလေသည်။

မုဒြာက နံ့သာနီဆီများထည့်ထားသော ဝါးဆစ်ဘူးကို ချောင်းထဲသို့ မျှောချလိုက်ကာ သူမ၏ လက်နှစ်ဖက်တို့ကို ရေဖြင့် ဆေးကြောနေလေသည်။

နီမောင်က အနီးသို့လျှောက်သွားပြီး သူမအနီးမှာ ထိုင်ချလိုက်သည်။

"ဘာကြောင့် ငါထွက်လာတာကို လာမကြိုတာလဲ"

"နင်ပြန်ထွက်လာမယ်ဆိုတာ ငါသိပါတယ်. . လာမကြိုတာက နင်ငါ့ကို စိတ်ဆိုးနေမယ်ထင်လို့ပါ"

"ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"

"ဂူထဲဝင်ကာနီးတော့ နင့်ဆီမလာပဲ သူ့ဆီသွားပြီး နုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တာကို မကျေမနပ်ဖြစ်နေတယ် မဟုတ်လား"

"ငါက သဘောထား မသေးတတ်ပါဘူး"

"ဘာကြောင့် ငါအဲဒီလိုလုပ်တာရော သဘောပေါက်ရဲ့လား"

"ပထမတော့ သဘောမပေါက်ဘူး၊ ဂူထဲရောက်တော့မှ နင်ဘာကြောင့် လုပ်တယ်ဆိုတာ နားလည်တော့တယ်၊ သူ့ကို နှုတ်ဆက်ရင်းနဲ့ သူ့ကိုယ်ကို နံ့သာနီဆီတွေ သုတ်ပေးခဲ့တယ် မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဒီရနံ့ကိုရတော့ မှောင်ထဲမှာ ဖြစ်နေပေမယ့် သူ ဘယ်နေရာရောက်နေတယ်ဆိုတာ ခန့်မှန်းလို့ရတာပေါ့၊ အခုလို အထူးအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"လာပြန်ပြီလား ဒီကျေးဇူးတင်စကား"

"ဒီစကားက ပြောရမှာမို့ ပြောတာပါ၊ မောင်းတိန်းထဲတော့ နင်က သူ့ကိုပွေ့ဖက်နှုတ်ဆက်တော့ အတော်ကျေနပ်သွားပုံရတယ်၊ သူယူလာတဲ့ နံ့သာနီဆီနဲ့ သူ့ကိုပြန်သုတ်ပေးလိုက်တာကို သဘောမပေါက်ခဲ့ဘူး၊ တကယ်တော့ သူယူလာတဲ့ နံ့သာဆီက သူ့ကိုပြန်သတ်တာပါပဲ"

"နံ့သာဆီကြောင့် မဟုတ်ပါဘူး၊ နင်တော်လို့သေရတာပါ"

"ဒါပေမယ့် အရေးကြုံလာတဲ့အခါ. . မိန်းမတွေထဲ ယောကျ်ားတွေထက် ဖြတ်ထိုးဉာဏ်၊ လျှပ်တစ်ပြက်ပေါ်ရဲ့





ဉာဏ် ပိုကောင်းတယ်ဆိုတာတော့ လက်ခံရမှာပဲ"

"နင်အခုလို သဘောပေါက်သွားတာ ငါဝမ်းသာပါတယ် အခုဘယ်လိုလုပ်မှာလဲ"

"ငါ. . နင့်ကိုပိုင်ဆိုင်ခွင့်ရပြီ မဟုတ်လား၊ နင့်အဖေဆီခွင့်တောင်းပြီးတော့ ငါနေတဲ့ရွာကို ခေါ်သွားမယ်လေ"

"တကယ်ချစ်တာရော ဟုတ်ရဲ့လား"

"ချစ်တာပေါ့ မုဒြာရယ်၊ ငါကနင့်ကို တွေ့စကတည်းက ချစ်နေမိတာပါ. . ."

ဟုပြောပြီး မုဒြာကိုယ်ကလေးကို ပခုံးမှသိုင်းဖက်ပြီး ရင်ခွင်ထဲသို့ ထည့်ထားလိုက်လေသည်။

မုဒြာကလည်း ရင်ခွင်ထဲသို့ဝင်ကာ ပြန်ဖက်ထားလေသည်။ စမ်းချောင်းကလေးက တသွင်သွင်စီးနေရာ သာယာသာအသံများ ထွက်နေသော်လည်း သူတို့ပြောသည့်စကားသံလောက် မချိုမြပေ။

ပန်းရနံ့လေးများက မွှေးကြိုင်သင်းပျံ့နေသည်။ သို့သော် ချစ်သူ၏ ကိုယ်သင်းနံ့လောက် မချိုမြိန်ပေ။

လေပြည်လေညင်းတို့၏ အတွေ့အထိက အေးမြသာယာလှသည်။ သို့သော်. . . ချစ်သူ၏ အတွေ့အထိကသာ သာယာမှု အရှိဆုံးဖြစ်နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

## အန္တရာယ်စက်ကွင်းနှင့် ချစ်ခြင်းမေတ္တာ

အခြေအနေက မျှော်လင့်ထားသလိုတော့ မဖြစ်ကြပါ။ နီမောင်နှင့် မုဒြာတို့နှစ်ယောက် လက်ထပ်မည့်ကိစ္စကို ားနက်ကြီးအပါအဝင် တစ်ရွာလုံးက လက်ခံကြသည်။ အ ာင့်အယှက်အတားအဆီး ဘာမှမရှိခဲ့ပါပေ။ သို့ကြောင့် နှစ် ယာက်စလုံး ပျော်ရွှင်နေကြသည်။

နီမောင်က လက်ထပ်ပွဲပြီးသည်နှင့် မုဒြာကို ၎င်းတို့



www.burmeseclassic.com

www.burmeseclassic.com



ခံနေသောရွာသို့ ခေါ်သွားရန် တိုင်ပင်ထားလေသည်။

သူတို့နှစ်ယောက် လက်ထပ်ကြသည်ကို အားလုံး လက်ခံကြသော်လည်း မုဒြာအားခေါ်ပြီး နီမောင်တို့ပြန်မည့်ကိစ္စ ကိုတော့ ကျားနက်ကြီးအပါအဝင် တစ်ရွာလုံးက လက်မခံကြ ပေ။

"မင်းက ငါ့သမီးကို နှစ်သက်တယ်ဆိုရင် ငါသဘော တူတယ်၊ ငါကိုယ်တိုင် လက်ထပ်ပွဲလုပ်ပေးမယ်၊ ဒါပေမယ့် ကိုခေါ်ပြီး ဒီနေရာကထွက်သွားမှာကိုတော့ လုံးဝလက်မ ဘူး"

ထိုစကားကြောင့် နီမောင်မှာ အံ့ဩသွားသည်။

"ဘာကြောင့်လဲ"

"ကသည်းခေါင်းဆောင်ရဲ့ သမီးကိုလက်ထပ်ခွင့်ရတဲ့ သူဟာ ကသည်းခေါင်းဆောင် တာဝန်ကို ဆက်ယူရပြီး မျိုးနွယ် စုတွေကို ကာကွယ်စောင့်ရှောက်ပေးရတယ်၊ ဒီလိုမဟုတ်ရင် ဘယ်သူကိုမှ လက်မခံဘူး"

နီမောင်က သက်ပြင်းချလိုက်သည်။

ထိုအခါ နတ်ဆရာကပါ ဝင်ပြောလေသည်။

"သူပြောတာမှန်တယ်၊ တကယ်တော့ ဒီနေရာကို ဆက် ခံမယ့်သူက မောင်းတိန်းပဲ၊ ဒါပေမယ့် မင်းကသူ့ကို နိုင်အောင် သတ်ခဲ့ပြီးဆိုတော့ ဒီနေရာကို ဆက်ခံမယ့်သူဟာ မင်းပဲရှိတော့ တယ်"

ထမန်းကလည်းပြောသည်။





"ငါတို့အားလုံးက မင်းကိုအကူအညီပေးခဲ့တာ လျှို့ဝှက် ချက်တွေကို ပြောပြခဲ့တာ တခြားကြောင့်မဟုတ်ဘူး၊ ငါတို့ရဲ့ ခေါင်းဆောင်သစ်ကို ရွေးချယ်ခဲ့ကြတာပဲ၊ ဒီအခြေအနေမျိုး ရောက်မှတော့ မင်းအနေနဲ့ ရှောင်သွားလို့ မရနိုင်တော့ဘူး၊

"တကယ်ဆိုရင် အခုအခြေအနေမှာ မင်းက ငါတို့ရဲ့ ခေါင်းဆောင်သစ်ပဲ၊ ဒါကိုလက်မခံဘဲ ဒီနေရာကထွက်သွားမယ် ဆိုရင် ငါတို့အားလုံးရဲ့ ရန်သူဖြစ်သွားလိမ့်မယ်၊ နောက်တစ်ခုက မင်းကိုလည်း ဒီနေရာကထွက်သွားခွင့်ပေးကြမှာ မဟုတ်ဘူး၊ မရ,ရအောင် လိုက်သတ်ကြလိမ့်မယ်၊

ဒီတော့ မင်းအနေနဲ့ ဒီနေရာကို စွန့်ခွာသွားဖို့ စိတ်ကူး ထဲမထည့်ပါနဲ့ မုဒြာနဲ့လက်ထပ်ပြီး ခေါင်းဆောင်နေရာကို ယူဖို့ သာပြင်ဆင်ထားပါ"

ဟု ဝိုင်းဝန်းပြောရာ နီမောင်လည်း ဘာမှပြန်လည်ပြော ခွင့်မရတော့ပေ။

ထိုအကြောင်းကို စောထီးနှင့် ဝမဲအောင်တို့ သိကြသော အခါ များစွာစိတ်ပူသွားကြလေသည်။

"ဒီနေရာမှာတော့ တစ်သက်လုံးနေဖို့ ဘယ်နည်းမှ မဖြစ် နိုင်ဘူး၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်"

"ဟုတ်တယ် နီမောင် သူတို့နဲ့ ငါတို့နဲ့က လူမျိုးချင်း လည်းမတူဘူး၊ စရိုက်ချင်းလည်း မတူဘူး၊ နောက်ပြီး ရွာမှာက မိဘဆွေမျိုးတွေရှိကြတာဆိုတော့ သူတို့ကိုပစ်ပြီး ဒီမှာတော့ မ နေနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပြောရတာ ငါတို့ကမင်းကိုအားနာပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ဒီမှာက မင်းရဲ့ချစ်သူရှိနေတယ်၊ သူ့ကိုထားခဲ့လို့လည်းမဖြစ် ခေါ်သွားလို့လည်းမရနဲ့မို့ မင်းဘယ်လိုခံစားရတယ်ဆိုတာ ငါတို့သိပါတယ်၊ ဒါပေမယ့် . . ."

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းတို့ကို ငါနားလည်ပါတယ်၊ ဘယ်လိုမှ သဘောမထားပါဘူး၊ ငါ သူနဲ့တိုင်ပင်ပြီး အကောင်းဆုံးလုပ်မှာပါ"

ဟုပြောလေသည်။

ထိုညမှာတော့ မုဒြာနှင့်နှစ်ယောက်ချင်းတွေ့ပြီး ဆွေးနွေးတိုင်ပင်ကြသည်။

ညဉ့်ဦးပိုင်းအချိန်ဖြစ်သဖြင့် လရောင်က သစ်ပင်များကြားမှ ဝိုးတဝါးကျဆင်းနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းများက ဝေ့ဆိုင်းနေသည်။ ပန်းရနံ့များက သင်းနေသည်။

စမ်းချောင်းဘက်မှ သာယာသောရေစီးသံကို မှန်မှန်ကြားနေရသည်။

သဘာဝက သာယာလှပစွာ ရှိနေသော်လည်း တောင်တစ်နေရာမှာ ရှိနေကြသော နီမောင်နှင့် မုဒြာတို့နှစ်ယောက်အတွက်ကတော့ သဘာဝအလှများနှင့် မသက်ဆိုင်သကဲ့သို့ ရှိနေကြသည်။

သောကအပူများက နှလုံးသားမှတစ်ဆင့် မျက်နှာပေါ်အထိ ဟပ်နေသောကြောင့် ညှိုးနွမ်းနေသည်။





"အမောင်ဘယ်လိုဆုံးဖြတ်မလဲ၊ အမောင်ဆုံးဖြတ်တဲ့အတိုင်း ငါလက်ခံပါ့မယ်"

နီမောင်က စမ်းချောင်းဘက်သို့ ငေးကြည့်ရင်း လေးလေးနက်နက် တွေးတောနေသည်။

"ဒီနေရာမျိုးမှာ အမောင်တို့ မနေနိုင်ဘူး ဆိုတာက ငါသဘောပေါက်ပါတယ်၊ တကယ်လို့ ငါ့ကိုထားခဲ့ပြီး ပြန်သွားမယ်ဆိုရင်လည်း ငါလက်ခံပေးပါ့မယ်၊ အမောင့်အပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး"

နီမောင်က မုဒြာကို တစ်ချက်ကြည့်ရင်း ပြောလိုက်သည်။

"ငါ နင့်ကို ဘယ်နည်းနဲ့မှ မထားခဲ့နိုင်ဘူး"

"ဒါဖြင့် အမောင်ဘယ်လိုဆုံးဖြတ်ထားသလဲ"

"နင့်ကိုခေါ်ပြီး ဒီနေရာက လွတ်အောင်ထွက်ပြေးကြမယ်"

"သူတို့လက်ကလွတ်အောင်ပြေးဖို့ဆိုတာ မလွယ်လှဘူး၊ သူတို့က တောလူတွေလိုပဲ၊ တောထဲတောင်ထဲမှာ သိပ်ပြီးကျွမ်းကျင်ကြတယ်၊ နောက်ပြီး မြားပစ်တာလည်း လက်ဖြောင့်တော့ ဒီနေရာတစ်ဝိုက်က အသက်ရှင်လျက်နဲ့ ပြန်ထွက်ဖို့ဆိုတာ မဖြစ်သလောက်ပါပဲ"

နီမောင်က သက်ပြင်းချလိုက်သည်။

"ဒီလိုလုပ်ပါလား အမောင် ငါ့ကိုထားခဲ့ပြီး နင်တို့ချည်း ပြန်သွားရင် ပိုပြီးလွတ်မြောက်ခွင့်ရနိုင်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် မပါဘဲနဲ့ ငါ ဘယ်ကိုမှမသွားဘူး၊ လက်မထပ်ရသေးပေမယ့် ငါက နင့်ကိုပိုင်ခွင့်ရနေပြီ၊ ငါချစ်မြတ်နိုးလို့ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားထားခဲ့ပြီးမှ ဒီအတိုင်းထားခဲ့ဖို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

ထိုစကားကြားသောအခါ မုဒြာကနီမောင်ကို နောက်မှ သိုင်းဖက်လိုက်သည်။

နီမောင်က သူမလက်နှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ပြောမယ့်သာပြောရတယ် ငါလည်း အမောင့်ကို သိပ်ချစ်ပါတယ် အမောင်နဲ့မခွဲချင်ပါဘူး၊ တကယ်လို့ ခွဲခွာရမယ်ဆိုရင်လည်း အသက်သေမှာပါပဲ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ. . ဟင်"

"အမောင်ကြိုက်သလိုသာ စီစဉ်ပါတော့၊ အမောင် စီမံတာကို ငါလိုက်နာပါတော့မယ်"

နီမောင်က သူမဘက်သို့လှည့်ကာ ပြောလိုက်သည်။

"ငါ နင့်ကိုသိပ်ချစ်တယ် မုဒြာ၊ ဒါကြောင့် ငါအသက်ရှင်နေသရွေ့ နင်နဲ့မခွဲပါဘူး၊ နင့်ကိုပါတစ်ပါတည်းခေါ်ပြီး ဒီနေရာက လွတ်မြောက်အောင် ကြိုးစားပါ့မယ်"

ဟုပြောကာ ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်လေသည်။ အမှန်တော့ သဘာဝတရား၏ သာယာလှပသော အချိန်မျိုးတွင် ချစ်သူနှစ်ယောက်အတွက် ပျော်ရွှင်ကြည်နူးဖွယ်ရာ ဖြစ်ရမည့်အစား ရင်ထဲမှ သောကမီးကြောင့် ကြည်နူးပျော်ရွှင်





မှုများ ကွယ်ပျောက်နေကြလေသည်။

ထိုသို့တိုင်ပင်ပြီးနောက် နောက်တစ်ရက်မှာပင် ဟန်မပျက်ဆက်နေကာ လက်နက်လေးမြားတို့ကို ပြင်ဆင်စုဆောင်းထားကြလေသည်။

ကျားနက်ကြီးနှင့် နတ်ဆရာတို့ကိုတော့ မုဒြာနှင့် လက်ထပ်ပြီး ထိုနေရာမှာပင် ခေါင်းဆောင်လုပ်ပါမည်ဟု ပြောထားလေသည်။

ထိုသို့ပြောသဖြင့် အားလုံးကတော့ ကျေနပ်သွားလေသည်။ သို့ကြောင့် ကျားနက်ကြီးကိုယ်တိုင် နီမောင်နှင့် မုဒြာတို့ကို လက်ထပ်ပေးလေသည်။

လက်ထပ်ပွဲကျင်းပသောညတွင် ယဇ်ပူဇော်ခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပကြရာ စခန်းတစ်ခုလုံး ဆူညံနေတော့သည်။

နီမောင်၊ မုဒြာ၊ စောထီး၊ ငမဲအောင်တို့ကတော့ ၎င်းတို့ ပြင်ဆင်ထားသော လေးမြားလက်နက်တို့ကို အခြားတစ်နေရာမှာ ဝှက်ထားပြီး၊ အများနှင့်ရောနှောကာ ဟန်မပျက်ပင်နေကြလေသည်။

ထိုညတစ်ညလုံး အများနှင့် ရောနှောကာ ကခုန်ပျော်ပါးကြလေသည်။

လက်ထပ်ပွဲပြီးတော့ ကျားနက်ကြီးက သူတို့နှစ်ယောက်အတွက် ဂူတစ်ပေါက် သီးသန့်စီစဉ်ပေးသည်။

ဂူထဲမှာ ဝှက်မွေး၊ မြက်ခြောက်၊ နူးညံ့သော သားရေချပ်



www.burmeseclassic.com

www.burmeseclassic.com



များနှင့်ချုပ်ထားသော အိပ်ရာခင်း၊ ခေါင်းအုံး၊ သားမွေးခြုံထည်တို့ရှိသည်။

မီးဖိုတစ်ဖိုရှိပြီး နံ့သာဖြူ နံ့သာနီ စသော . . နံ့သာချောင်းများထည့်ထားသောကြောင့် ဂူအတွင်းမှာ မွှေးကြိုင်နေတော့သည်။

ယဇ်ပူဇော်ပွဲပြီးသောအခါ ကျားနက်ကြီး၊ နတ်ဆရာနှင့် ရွာလူကြီးအချို့က သူတို့နှစ်ယောက်ကို ဂူပေါက်ဝအထိ လိုက်ပို့ပေးကြသည်။

ဂူပေါက်ဝရောက်တော့မှ ကျားနက်ကြီးနှင့် နတ်ဆရာတို့ နှစ်ယောက်က လက်တစ်ဖက်စီကိုင်၍ လက်ထပ်ပေးသည်၊ ၎င်းတို့ဘာသာစကား၊ ဓလေ့ထုံးစံအတိုင်း ဆုတောင်းသမှု ပြုပေးကြသည်။

ပြီးမှ ၎င်းတို့နှစ်ယောက်အား ဂူထဲဝင်စေကာ အပြင်မှ အတားအဆီးတစ်ခုချထားခဲ့ပြီး ပြန်သွားကြသည်။

၎င်းမှာ သူတို့ဓလေ့ထုံးစံအရ သတို့သမီးအပ်နှင်းပေးခြင်းပင် ဖြစ်ပေသည်။

နီမောင်အတွက်ကတော့ သူချစ်မြတ်နိုးသော မုဒြာကို ပိုင်ဆိုင်ခွင့် ရခဲ့ပြီဖြစ်၏။ ရှေ့တွင် အန္တရာယ်စက်ကွင်းများအတွင်းမှ လွတ်မြောက်အောင် ကြိုးစားရပေဦးတော့မည်။





# အခန်း(၁၅)

# ရည်ရွယ်ချက်အသစ်ဖြင့် ခွန်အားဖြစ်စေ

လွန်ခဲ့သော ရက်ပိုင်းလပိုင်းလောက်က နီမောင်တို့သုံးယောက် လမ်းပြလိုက်လာသော မျက်နှာဖြူသုံးယောက် ခေါင်းဆောင်လာသောအဖွဲ့မှာ လူရိုင်းများလက်ချက်ကြောင့် သေဆုံးသွားခဲ့ကြသည်။

သို့သော် သုံးယောက်တော့ လွတ်မြောက်သည်။

ဂေါ်ရခါးနှစ်ယောက်နှင့် စကားပြန်ထွန်းခတို့ သုံးယောက်ပင်ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့သည် အသက်ဘေးမှ လွတ်မြောက်သွားသည်နှင့် မျက်နှာဖြူအစိုးရရုံးစိုက်ရာ 'ဖိုင်ဒိမ်' မြို့အထိရောက်အောင် ပြန်ပြေးကြလေသည်။

သရဲတောင်ကြားမှ ဖိုင်ဒိမ်မြို့ရောက်အောင် နှစ်ရက်သုံးရက်ခန့်သာ ကြာလေသည်။

ထိုအချိန်က မျက်နှာဖြူများ ရုံးစိုက်ရာနေရာမှာ အနည်းငယ်သာရှိပြီး အများအားဖြင့်တော့ စစ်သားများကပင် စီမံအုပ်ချုပ်နေကြလေသည်။

ထိုအထဲတွင် ဖိုင်ဒိမ်မြို့လည်း အပါအဝင်ဖြစ်သည်။

အင်္ဂလိပ်များ သိမ်းပိုက်စက ထိုနေရာများမှာ မြို့ဟုသာ အမည်တပ်ခေါ် ရသော်လည်း အဆောက်အအုံများက စစ်သားများယာယီစခန်းချသော အဆောက်အအုံများသာ ရှိလေသည်။

စစ်သားများ စခန်းချရန်နှင့် အစိုးရရုံးအဖြစ် အသုံးပြုကြသော နေရာကိုတော့ အုတ်တိုက်ငယ်ကလေးများ ဝန်းရံထားသောအလယ်နေရာ၌ တန်းလျားကဲ့သို့ နှစ်ထပ်ဆောက်လုပ်ထားသော အဆောက်အအုံ၌ အသုံးပြုကြလေသည်။

ထိုအဆောက်အအုံကိုတော့ ဆေးနီရောင်များသုတ်ထားသည်။ ထိုစခန်းမှာ ဂေါ်ရခါး အင်္ဂလိပ်စစ်သားပေါင်း တစ်ရာကျော်ခန့်ရှိပြီး စီမံအုပ်ချုပ်နေသူမှာ 'ကာနယ်စမစ်' ဖြစ်သည်။

တလောက သရဲတောင်ကြားသို့ ရွှေနှင့်စိန်များရှာဖွေရန် ထွက်ခွာသွားသောအဖွဲ့ကို ခေါင်းဆောင်ကြသည့် သာသနာပြုဘုန်းကြီး စတီဗင်၊ ကာရစ်နှင့် ဂျက်ဆန်တို့မှာ ထိုစခန်းမှဖြစ်ပြီး





ကာနယ်စမစ်နှင့် ရင်းနှီးခင်မင်ကြသူများ ဖြစ်လေသည်။

ငှင်းတို့နှင့်ပါသွားသော ဂေါ်ရခါးစစ်သားများမှာလည်း ထိုစခန်းမှ ထည့်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ခရီးထွက်သွားစဉ်က (၁၅)ယောက်ဖြစ်သော်လည်း ယခုပြန်ရောက်လာတော့ သုံးယောက်သာဖြစ်သဖြင့် ကာနယ်စမစ်မှာ များစွာအံ့ဩသွားလေသည်။

"သူတို့အားလုံး သေကုန်ကြပြီ .. ကျွန်တော်တို့တောင် ပြေးနိုင်လို့လွတ်ခဲ့ကြတာ"

"သူတို့ကို ဘယ်သူတွေက သတ်တာလဲ"

"အဲဒီနေရာမှာရှိတဲ့ လူရိုင်းတွေ ဝင်သတ်သွားတာပါ"

"သေနတ်တွေပါရက်နဲ့ ဒီလိုဖြစ်ရသလား၊ လူဘယ်လောက်များသလဲ"

"သိပ်တော့များပုံမရဘူး နှစ်ဆယ်၊ သုံးဆယ်လောက်တော့ရှိမယ်၊ သူတို့က လေးမြားလက်နက်တွေ အသုံးပြုပြီးတိုက်ခိုက်ကြတာ"

"ဒါ ငါတို့ကို ပုန်ကန်တဲ့သဘောပဲ . . ၊ အားလုံးတစ်ယောက်မကျန် သုတ်သင်ပစ်ရမယ်၊ ဒါထက် သူတို့ရှာဖွေတဲ့ရတနာသိုက်ကိုရော တွေ့ခဲ့သလား"

"သဲလွန်စတော့ တွေ့ခဲ့ပါပြီ၊ ဒီမှာ စတီဗင်ဆီကမြေပုံစာရွက်ပါ ပြန်ယူလာခဲ့ပါတယ်"

ထွန်းခက သူယူလာသော မြေပုံ စာရွက်ကို ကာနယ်စမစ်လက်ထဲ ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကာနယ်စမစ်က ထိုကဲ့သို့ မြေပုံစာရွက် ပြန်ပါလာသည်ကို များစွာကျေနပ်ဟန်ရှိသည်။

"မကြာခင် ခရီးထွက်ဖို့ ပြင်ရမယ် ဒီကတပ်ဖွဲ့တွေကို ခေါ်သွားပြီး ငါတို့လူတွေကိုသတ်တဲ့ အရိုင်းအစိုင်းတွေကို တစ်ယောက်မကျန် သတ်ဖြတ်ပစ်ရမယ်"

"ကောင်းတယ် ဗိုလ်ကြီး"

"ဒါအပြင့် အဲဒီနေရာရောက်တဲ့အချိန်မှာ ရတနာသိုက်ကိုလည်း တွေ့အောင်ရှာဖွေရမယ်"

ထိုအခါ ထွန်းခက စိုးရိမ်တကြီး ဝင်ပြောလိုက်သည်။

"အဲ့ဒီနေရာမှာ လူရိုင်းတွေအပြင် နောက်ထပ်ကြောက်စရာကောင်းတဲ့ အန္တရာယ်တွေရှိသေးတယ်"

"သားရဲတိရစ္ဆာန်တွေလား"

"မဟုတ်ဘူး လူပြိတ္တာတွေ. . ."

"ဟင်. . ဘယ်လို လူပြိတ္တာလဲ၊ နာနာဘာဝတွေကို ပြောတာလား"

"လူပြိတ္တာတွေက နာနာဘာဝတွေထက် ပိုပြီးကြောက်စရာကောင်းတယ်"

"ငါ နားလည်သဘောပေါက်အောင် သေသေချာချာ ပြောပြစမ်းပါ"

ထိုအခါ ထွန်းခက သူမြင်ခဲ့တွေ့ခဲ့ရသော အဖြစ်အပျက်တို့ကို ကာနယ်စမစ်အား ပြောပြလိုက်သည်။

"လူပြိတ္တာဆိုတာ လူတစ်ပိုင်းပြိတ္တာ...





...ောက်နေကြတဲ့ သူတွေပါ"

"ဘာပဲဖြစ်ဖြစ် ဒါတွေက နာနာဘာဝတွေပဲ သေနတ်နဲ့...စ်ရင် မခံနိုင်ပါဘူး"

"သူတို့က သေနတ်နဲ့ပစ်လို့ မသေဘူး"

"သေနတ်နဲ့ပစ်လို့မရရင် ရတဲ့နည်းနဲ့ ငါလုပ်ပြမယ်၊ ...ငါတို့လူမျိုးတွေက လက်နက်ရှိရင် တစ်ကမ္ဘာလုံးကိုတောင် သိမ်း...နိုင်တာဆိုတော့ ကြောက်စရာမလိုဘူး၊ အခုအရေးကြီးတာက ...ခရီးမထွက်ခင် ဒီမြေပုံစာရွက်ပေါ်က သင်္ကေတတွေကို သဘော...ပေါက်အောင် အရင်လုပ်ရမယ်"

ဟုပြောဆိုကာ ကာနယ်စမစ်က ထွန်းခအား သူ့ရုံးခန်း...ထဲသို့ ခေါ်သွားလေသည်။

ထို့နောက် မြေပုံပေါ်မှာ အမှတ်အသားပြထားသော ...သင်္ကေတများကို အပြင်သို့ ထုတ်ရေးပြီး ၎င်းတို့နှင့်ယှဉ်တွဲကာ ...အဓိပ္ပာယ်များကိုပါ တစ်ပါတည်း ရေးချလိုက်သည်။

| | |
|---|---|
| ...နေအမှတ်အသား = | ထိုနေရာတွင် နေနှင့်အရောင်တူသော ရွှေကြောများရှိမည်။ |
| ...အမှတ်အသား = | လရောင်နှင့်တူသော စိန်ရိုင်းများ ထိုအမှတ်အသားပြထားသော နေရာ၌ရှိမည်။ |
| ...မြင်းခွာအမှတ်အသား = | ရတနာများရှိသောနေရာမှာ မြင်းခွာပုံသဏ္ဍာန်ရှိမည်။ |
| ...မျိုးသမီးရင်သားပုံသဏ္ဍာန်= | ထိုအမှတ်အသားမှာ |



www.burmeseclassic.com

www.burmeseclassic.com



တောင်နှစ်လုံးကြားတွင်ရှိသည်ဆို
သော အမှတ်အသားဖြစ်သည်။
နော်ကိုဇန်တောင်နှင့် ကယ်နယ်စီ
တောင်နှစ်လုံးတို့ကို ညွှန်းထားခြင်း
ဖြစ်၏။

မြွေအမှတ်အသား = ထိုအမှတ်အသားနေရာတွင် ရန်သူ
မျာ:နှင့် ဘေးအန္တရာယ်ရှိမည်။

မြားအမှတ်အသား = မြားဦးတည်သောနေရာဘက်သို့
ဖြောင့်ဖြောင့်သွားပါက ရတနာများ
တွေ့နိုင်ပေမည်။

လေးကိုင်းအမှတ်အသား = ထိုအမှတ်အသားပြထား
သောနေရာမှာ လေးပစ်ကျွမ်းကျင်
သော လူရိုင်းများ ဝင်ရောက်လာနိုင်
သောနေရာဖြစ်သည်။

ကြက်ခြေခတ်အမှတ်အသား = ထိုအမှတ်အသားပြထား
သည့်နေရာ၌ ရတနာများရှိသည်။

ရေဘူးအမှတ်အသား = ထိုအမှတ်အသားပြထားသော
နေရာတစ်ဝိုက်တွင် ရေရနိုင်သော
နေရာရှိသည်။

အပေါင်းလက္ခဏာအမှတ်အသား = ထိုအမှတ်အသား
နေရာမှာ လမ်းကြောင်းမှန်သော
နေရာသို့ ရောက်နေပြီဖြစ်ကြောင်း





ညွှန်ပြထားခြင်းဖြစ်သည်။

တြိဂံအမှတ်အသား = ထိုအမှတ်အသားမှာ တောင်ကုန်း
သုံးခုအလယ်နေရာသို့ ညွှန်ပြခြင်း
ဖြစ်သည်။

ဘေးအမှတ်အသား = ထိုအမှတ်အသားရှိသောနေရာ
တွင် အန္တရာယ်ရှိသည်။

သရဲတစ္ဆေပုံအမှတ်အသား = ထိုအမှတ်အသားပြထား
သောနေရာမှာ သရဲတစ္ဆေတို့
ခြောက်လှန့်မှုများရှိလေသည်။
(လူပြိတ္တာများရှိသော နေရာကို
ညွှန်ပြထားခြင်းလည်း ဖြစ်နိုင်ပေ
သည်)

ယဇ်ပူဇော်ပုံအမှတ်အသား = လူရိုင်းများနေသော
အမှတ်အသားဖြစ်သည်။

စက်ဝိုင်းအမှတ်အသား = ရွှေနှင့်စိန်များ တွေ့နိုင်သော
နယ်နိမိတ်ကို ညွှန်ပြထားခြင်း
ဖြစ်လေသည်။

လမ်းကြောင်းအမှတ်အသားများမှာ သွားရမည့်လမ်းများကို ညွှန်ပြထားခြင်းဖြစ်ပြီး ရွှေကြော၊ စိန်တုံး အမှတ်အသားတို့မှာလည်း ထိုအမှတ်အသားပြထားသော နေရာတို့တွင် ရွှေနှင့် စိန်တုံးများ တွေ့ရှိနိုင်သည်ဟူသော အမှတ်အသားတို့ပင် ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာနယ်စမစ်က မြေပုံစာရွက်ပေါ်မှ အမှတ်အသားများ၏ အဓိပ္ပါယ်တို့ကို သင်္ကေတများဖြင့်တွဲကာ ရေးမှတ်ထားလိုက်သည်။

စကားပြန်ထွန်းခကတော့ ထိုနေရာသို့ နောက်တစ်ခေါက် ထပ်သွားရမည်ကို ကြောက်ရွံ့နေသော်လည်း ငြင်းပယ်၍ လည်းမရနိုင်ပေ။

နောက်ပိုင်းမှာတော့ ကာနယ်စမစ်က သက်ဆိုင်ရာအရာရှိများထံသို့ အစီရင်ခံစာတင်ပြီး ခွင့်တောင်းလေသည်။

၎င်း၏အကြောင်းပြချက်မှာ အင်္ဂလိပ်လူမျိုးသာသနာပြုဆရာတစ်ဦးနှင့် အခြားနှစ်ယောက်တို့ လိုက်ပါသွားသောအဖွဲ့တစ်ဖွဲ့ပျောက်ဆုံးနေသောကြောင့် လိုက်လံရှာဖွေရန်အတွက် လက်နက်နှင့်လူအင်အား အသုံးပြုခွင့်တောင်းခြင်း ဖြစ်လေသည်။

အထက်အရာရှိများက ခွင့်ပြုပေးသောအခါ ချက်ချင်းခရီးထွက်ရန် ပြင်ကြလေတော့သည်။

သူတို့သည် လူအင်အား (၅၀)ခန့်နှင့် သေနတ်မျိုးစုံတို့အပြင် အခြားလက်နက်ကိရိယာမျိုးစုံတို့ကိုပါ ယူဆောင်သွားရန် ပြင်ဆင်ကြလေပြီ. . ။

၎င်းတို့ အစီအမံမှာ ရတနာများရှိသည်ဆိုသော သရဲတောင်ကြားသို့ အရင်မသွားဘဲ လူရိုင်းများရှိသောနေရာသို့ အရင်သွားပြီး တစ်ယောက်မကျန် သုတ်သင်ပစ်ရန် အစီအစဉ်ဖြစ်ပေသည်။





သရဲတောင်ကြားသို့ အရင်ဝင်ပြီး ရတနာများ ရှာဖွေပါက လူရိုင်းများရောက်လာပြီး တိုက်ခိုက်မည်စိုးသဖြင့် ရန်သူများကို အရင်ဆုံး သုတ်သင်ရှင်းလင်းပစ်ရန် အစီအစဉ် ဖြစ်လေသည်။

သို့ကြောင့် ကာနယ်စမစ် ခေါင်းဆောင်သော တပ်ဖွဲ့သည် လက်နက်အစုံအလင်ဖြင့် သရဲတောင်ကြားရှိရာဘက်သို့ ဦးတည်ကာ ခရီးထွက်ခဲ့ကြလေသည်။

ထိုအချိန်တွင် လူရိုင်းစခန်းမှာရှိနေကြသော နီမောင်၊ စောထီး၊ ငမဲအောင်၊ မုဒြာတို့လေးယောက်မှာလည်း သူတို့ အကြံအစည်ဖြင့် အလုပ်ရှုပ်နေကြသည်။

သူတို့အကြံအစည်းမှာ အခြားမဟုတ်ပေ။

လေးယောက်သား ထိုစခန်းမှ ထွက်ပြေးကြရန်ပင်ဖြစ်၏။ ထိုသို့ကြံစည်နေသည်ကိုလည်း အခြားသူများ မရိပ်မိစေရန် သတိထားကြရသည်။

အကယ်၍ သိသွားပါက အရှင်လတ်လတ် ခေါင်းဖြတ်ခံရမည်မှာသေချာလှသည်။

အထူးသဖြင့် လေးနှင့်မြားများ ပြည့်စုံစေရန် ကြိုတင်ပြင်ဆင်ထားကြသည်။

နီမောင်နှင့် မုဒြာတို့နှစ်ယောက်မှာ လက်ထပ်ပြီးနောက် ၎င်းတို့အတွက်ပေးထားသော ကျောက်ဂူမှာပင် နေကြသည်။ ထိုနေရာမှာနေရသဖြင့် သူတို့အတွက် လွတ်လပ်မှုရကာ အစီအစဉ်များကို ပိုမိုလုပ်ခွင့်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ လေးယောက်ဆုံသောအခါ နီမောင်က ပြောသည်။

"ငါတို့ ဒီမှာ ကြာကြာဆက်နေလို့ မဖြစ်ဘူး၊ ကြာလာရင် သူတို့ရိပ်မိသွားရင်ခက်မယ်၊ ဒီတော့ အခွင့်အရေးရတာနဲ့ ဒီစခန်းက အမြန်ထွက်ပြေးကြမှဖြစ်မယ်"

"ဘယ်အချိန်ပြေးမလဲ"

"ဒီကနေ့ည သန်းခေါင်အချိန်ရောက်ရင် ပြေးမယ်"

"ညအချိန်သွားရင် ဖြစ်ပါ့မလား"

"နေ့အချိန်လည်း သွားလို့မှ မဖြစ်တာ၊ ဘာမှ စိတ်မပူကြနဲ့ ဦးဆုံး ဒီနေရာကနေ ဝေးနိုင်သမျှဝေးအောင် ပြေးကြမယ် နောက်မှာ အစီအစဉ်ပြောင်းပြီး အခြေအနေကြည့်လုပ်မယ်"

"ကောင်းသလိုသာ စီစဉ်ပေတော့"

"ငါတို့ ဒီနေရာက ထွက်စအချိန်မှာ လူရိုင်းတွေ မသိမှတော့ အရေးကြီးတယ်"

"ဒါကတော့ သတိထားရမှာပေါ့"

ထိုသို့တိုင်ပင်ပြီးနောက် ယခင်အတိုင်းပင် ဟန်မပျက် နေကြလေသည်"

စောထီးနှင့် ဝမဲအောင်တို့ ပြန်ထွက်သွားသောအခါ နီမောင်က မုဒြာလက်ကလေးကို ဆုပ်ကိုင်ကာ မေးလိုက်သည်။

"ကြောက်နေသလား"

"ငါမကြောက်ပါဘူး၊ ငါကြောက်တာတစ်ခုပဲရှိတယ်၊ အဲဒါ အမောင်နဲ့ ခွဲရမှာကိုပဲ"





"ငါတို့နှစ်ယောက်က ဘယ်လိုအကြောင်းနဲ့မှ မကွဲနိုင်ပါဘူး၊ ငါနင့်ကို အသက်နဲ့လဲပြီး ကာကွယ်သွားမှာပါ"

မုဒြာက မျက်ရည်ဝဲသော မျက်လုံးဖြင့်ကြည့်ကာ.. နီမောင်ကို တင်းတင်းဖက်ထားလေသည်။

"ငါတို့နှစ်ယောက်အတွက် အချစ်နဲ့ ပေါင်းစပ်တဲ့ဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်ရကြတယ်ဆိုပေမယ့် နောက်တစ်ဆင့်သွားရမယ့် အခြေအနေတွေ အများကြီးရှိသေးတယ်"

"ဘာတွေလည်းဟင်"

"ငါတို့ရဲ့ မျိုးဆက်တွေကို မွေးဖွားရဦးမယ်၊ သူတို့ကြီးလာရင် ဘဝသစ်တွေ လျှောက်နိုင်ဖို့အတွက် လမ်းသစ်တွေ ဖောက်ပေးကြဦးမယ်၊ သစ်တောကြီးတွေ တောင်တန်းကြီးတွေနဲ့ သာယာလှပတဲ့ ဟောဒီနယ်မြေတွေမှာ အချင်းချင်းသတ်ဖြတ်တဲ့ စစ်ပွဲတွေ မရှိအောင် ကြိုးစားပေးရဦးမယ်"

"ဟုတ်တယ်နော်"

"သွေးစက်၊ မျက်ရည်စက်တွေအစား သဘာဝပန်းတွေ ဖူးပွင့်ဝေဆာလာအောင် ပြုစုပျိုးထောင်ပေးကြရမယ်၊ ငိုသံတွေ နာကျင်မှုကြောင့် အော်ဟစ်သံတွေအစား သဘာဝတေးသံတွေ ပြန့်နှံ့စေဖို့ တတ်နိုင်သလောက် ငါတို့ ကြိုးစားရဦးမယ် မုဒြာ"

"အမောင်ပြောတဲ့စကားတွေကို ငါသိပ်ပြီး နားမလည်ပါဘူး၊ ဒါပေမယ့် စိတ်ထဲမှာတော့ ကြည်နူးသွားသလို ခံစားရတယ်"

"လမ်းဘေးမှာ အလေ့ကျပေါက်နေတဲ့ ပန်းပင်တစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘယ်လိုမှ မလှပါဘူး၊ ဒါပေမယ့် အဲ့ဒီပန်းပင်ပေါင်းများစွာ စုပြီး ပန်းဥယျာဉ်လုပ်မယ်ဆိုရင်တော့ ရောင်စုံပန်းဥယျာဉ်တစ်ခုဖြစ်လာနိုင်ပါတယ်၊ ငါတို့ဘဝတွေက တောထဲက အလေ့ကျပေါက်နေတဲ့ပန်းတစ်ပွင့်ချင်းစီဆိုပေမယ့် အားလုံးစုပြီး ဥယျာဉ်တစ်ခုဖြစ်အောင်လုပ်ကြမယ်ဆိုရင်တော့ လှပတဲ့ဥယျာဉ်တစ်ခုဖြစ်လာမှာပါ. . ”

“ဟုတ်ပါတယ်”

“အခုကတည်းက ငါတို့တစ်တွေကြိုးစားကြရင်. . ငါတို့ရဲ့ မျိုးဆက်တွေပေါ်လာတဲ့အခါ လှပလာနိုင်ပါတယ်၊ ဒါကြောင့် ငါတို့နှစ်ယောက် ဒီနေရာကနေ မဖြစ်မနေ လွတ်မြောက်အောင် ကြိုးစားကြရမယ်”

“သဘောပေါက်ပါပြီအမောင် ငါကြိုးစားပါ့မယ်”

ထို့နောက် တစ်ယောက်နှင့်တစ်ယောက် စူးစူးစိုက်စိုက် ကြည့်ကာ လက်ချင်းတင်းတင်း ဆုပ်ကိုင်ထားလိုက်ကြသည်။ ရည်ရွယ်ချက်တစ်ခုရှိလာခြင်းက ခွန်အားသစ်တို့ကို တိုးပွားပေါ်ပေါက်လာစေသည်ဆိုသောအချက်မှာ အမှန်ပင်ဖြစ်၏။





# အခန်း(၁၆)

## လူပြိတ္တာတို့နှင့်ပြန်တွေ့ရခြင်း

သန်းခေါင်ယံအချိန်သို့ ရောက်လာချေပြီ. . ။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများက ဖုံးလွှမ်းထားလျက်ရှိသည်။

ထိုအချိန်မျိုးမှာ အစာရှာထွက်လာသော တောကောင်ကြီးများအသံမှလွဲပြီး အခြားအသံများ မကြားရဘဲရှိလေရာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ထိုကဲ့သို့ တိတ်ဆိတ်နေသောအချိန်တွင် လူရိုင်းများနေ



www.burmeseclassic.com

www.burmeseclassic.com



သောကျွန်းနက်ရွာအတွင်းမှာ လူလေးယောက် လျှို့ဝှက်စွာ ထွက်လာကြလေသည်။

၎င်းတို့သည် ဦးခေါင်းပေါ်မှ အဝတ်နက်များခြုံထားပြီး အခြားသူများ မမြင်တွေ့စေရန် လျှို့ဝှက်စွာဖြင့် ထွက်လာကြခြင်းဖြစ်သည်။

သူတို့လေးယောက်မှာ နီမောင်၊ မုဒြာ၊ စောထီး၊ ငမဲအောင်တို့လေးယောက်ပင်ဖြစ်၏။

၎င်းတို့လေးယောက်စလုံးမှာ ဓားမြှားလက်နက်၊ ဓားလှံတို့ အစုံအလင်ပါကြပြီး ထိုနေရာမှ ထွက်ပြေးရန် တိုင်ပင်ပြီး ထွက်လာကြခြင်းဖြစ်၏။

ညအချိန်ပင်ဖြစ်သော်လည်း အချို့လူရိုင်းများက မအိပ်ဘဲ စခန်းတစ်ဝိုက်တွင် လှည့်လည်သွားလာနေကြရာ ၎င်းတို့မတွေ့မြင်စေရန် သတိကြီးစွာထားပြီး သွားကြရပေသည်။

လူရိုင်းများနေသော ကျောက်ဂူများကြားမှ ကွင်းရှောင်ပြီးလာကြရာ ၎င်းတို့နေသောနေရာနှင့် ဝေးသောနေရာသို့ ရောက်လာကြသည်။

ထိုနေရာမှလွန်လျှင် တောစပ်သို့ ရောက်သွားကြတော့မည်ဖြစ်သဖြင့် သတိဖြင့်လာကြရာ တောစပ်တစ်နေရာရောက်တော့ သူတို့သွားမည့် လမ်းပေါ်မှာ လူတစ်ယောက် ရပ်နေသည်ကို ဝိုးတဝါး တွေ့လိုက်ရသည်။

ထိုအခါ မုဒြာက မြားဖြင့်ပစ်ရန် ပြင်လိုက်ရာ နီမောင်က တားထားလိုက်ရသည်။





"နေဦး သူကြည့်ရတာ ငါတို့ကို အနှောင့်အယှက်ပေးမယ့်ပုံမျိုး မတွေ့ရဘူး"

ဟုပြောပြီး တဖြည်းဖြည်းနှင့်ရှေ့တိုးသွားကြရာ ရပ်နေသူနှင့် မနီးမဝေးနေရာ ရောက်သွားလေသည်။

ထိုအခါမှ ရပ်နေသူ၏ ပုံပန်းသဏ္ဌာန်ကို သိရတော့သည်။ အခြားမဟုတ်ပေ။

နီမောင်ကို အကူအညီပေးခဲ့သော 'ထမန်း' ဆိုသူပင်ဖြစ်၏။

"ဘာအကြောင်း ရပ်နေဟာလဲ"

နီမောင်က ခပ်တိုးတိုးမေးလိုက်သည်။

"မင်းကိုလက်ဆောင်ပေးမလို့ပါ"

ဟုပြောပြီး သူတိုက်ပွဲဝင်စဉ်က အသုံးပြုခဲ့သောဓားကို လှမ်းပေးသဖြင့် ယူလိုက်သည်။

"မင်းတို့ ဒီကနေ ထွက်ပြေးကြမယ်ဆိုတာ ငါသိတယ်၊ ငါသိသလို သူတို့ကလည်း အကဲခတ်မိကြတယ်"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"ကျွန်းနက်ကြီးအပါအဝင် ဒီမှာရှိတဲ့လူတွေပေါ့၊ မင်းတို့ထွက်ပြေးရင် သတ်ပစ်ဖို့လည်း စီမံထားတယ်"

"ပြောပါဦး ဘယ်လိုစီမံထားတာလဲ"

"ဒီတောထဲဝင်တာနဲ့ ဖြတ်တိုက်ကြဖို့ စောင့်နေကြတယ်၊ ဒီလမ်းအတိုင်းသွားရင် တစ်ယောက်မှ အသက်ရှင်ကြမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"ငါပြောတဲ့ လျှို့ဝှက်လမ်းတွေကသွားမှ သူတို့လက်က လွတ်နိုင်မယ်၊ နောက်ပြီး ဒီနယ်နိမိတ်ကကျော်တာနဲ့ သရဲတောင် ကြားကိုရောက်အောင် ပြေးကြပေတော့. . . သရဲတောင်ကြား ရောက်ရင် မင်းတို့အတွက် လွတ်မြောက်ဖို့ အခွင့်အရေးတွေ ပိုရလာနိုင်တယ်"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာမလိုပါဘူးကွာ သူတို့စောင့်နေတဲ့ နေရာတွေကိုရှောင်သွားနိုင်ဖို့ လျှို့ဝှက်လမ်းတွေကို ငါပြောပြ. . အ. ."

စကားဆုံးအောင်ပင် ပြောခွင့်မရလိုက်တော့ ထမန်းမှာ ရှေ့သို့မှောက်ကျလာလေသည်။

ကျောပြင်မှာ မြားတံတစ်ချောင်းက စိုက်ဝင်နေသည်။ မုဒြာက မြားလာသောနေရာဘက်မှာရှိနေသော ရန်သူရှိရာသို့ မြားတစ်စင်းပစ်လွှတ်လိုက်ရာ ညည်းညူသံတစ်ချက် ကြားလိုက် ရသည်။

ထမန်းမှာ ထိုမြားချက်နှင့်ပင် အသက်ပျောက်သွားဟန် ဖြင့် ငြိမ်ကျသွားလေသည်။

"သူတို့မလာခင်သွားကြစို့"

ဟုပြောပြီး မူလသွားမည့်လမ်းကို မသွားတော့ဘဲ အ ခြားလမ်းကိုရွေးကာ တောထဲသို့ ဝင်ကြလေသည်။

သူတို့တောထဲရောက်သည်နှင့် ပတ်ဝန်းကျင်မှ ဆူဆူ





ညံညံအသံများ စတင်ကြားရသည်။

"သူတို့သိသွားပြီ. . . ဒီနေရာကနေ ဝေးနိုင်သမျှဝေး အောင် သွားမှဖြစ်မယ်"

ဟုပြောပြီး သစ်ပင်များကို အကာအကွယ်ယူပြီး ပြေးကြ လေသည်။

သူတို့သွားမည့် လမ်းမှာလည်း အသင့်စောင့်နေသော လူရိုင်းတစ်စုကို တွေ့ရသဖြင့် တိုက်ခိုက်ရသေးသည်။

အနီးကပ်တွေ့ရသော ရန်သူများကို လေးမြားမသုံးဘဲ ဓားလှံများဖြင့်သာ တိုက်ခိုက်ကြသည်။

ထိုနေရာမှလွန်တော့ နီမောင်ကပြောသည်။

"မိုးမလင်းခင် ငါတို့ ဒီတောထဲကထွက်နိုင်မှ ဖြစ်မယ်၊ အလင်းရောင်ရလာရင် အင်အားများတဲ့ ရန်သူတွေကို ပြန်တိုက် ဖို့မလွယ်ဘူး"

"ဟုတ်တယ် မိုးမလင်းခင် သရဲတောင်ကြားကိုအရောက် သွားနိုင်ရင် ပိုကောင်းမယ်"

"ဒါပေမယ့် ဒီအတိုင်း သွားနေလို့တော့ မဖြစ်ဘူး"

"ဘယ်လိုလုပ်မလဲ"

"နှစ်ယောက်ချင်းစီခွဲပြီး သွားကြမယ်၊ ဒါမှ တစ်ဦးအ ရေးကြုံရင် ကျန်လူတွေက ဝင်ကယ်ပေးနိုင်မယ်၊ လေးယောက်စ လုံး ပိတ်မိသွားရင် မလွယ်ဘူး"

"အဲဒါကောင်းတယ်၊ ဒါပေမယ့် တစ်ဖွဲ့နဲ့တစ်ဖွဲ့ သိပ် ဝေးလို့မဖြစ်ဘူး၊ အသံကြားတာနဲ့ ချက်ချင်းရောက်လာနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမျိုးက သွားမယ်”

“တကယ်လို့ လူချင်းကွဲသွားရင်လည်း သရဲတောင်ကြား က ဂူကိုသာ ရောက်အောင်လာကြ၊ အရင်ရောက်တဲ့လူက အဲဒီ ဂူကစောင့်နေမယ်”

ဟုပြောဆိုတိုင်ပင်ပြီး နှစ်ယောက်စီခွဲသွားကြလေ သည်။ နီမောင်နှင့် မုဒြာကတစ်ဖွဲ့၊ စောထီးနှင့် ငမဲအောင်တို့က တစ်ဖွဲ့ သွားကြလေသည်။

သူတို့ အစီအစဉ်က မဆိုးလှပေ။

လမ်း၌ ရန်သူနှင့်ရင်ဆိုင်တွေ့သောအခါ အချင်းချင်း အကူအညီ ပေးနိုင်ကြသည်။

ရန်သူများက တွေ့နေသောနှစ်ယောက်ကို သဲကြီးမဲကြီး တိုက်နေသောအချိန်မှာ နံဘေးမှရောက်လာသော နှစ်ယောက် က ဝင်ရောက်တိုက်ခိုက်သဖြင့် ရန်သူစက်ကွင်းမှ လွတ်မြောက် ကြရသည်။

တစ်ကြိမ်တွင် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကို ရန်သူလေးငါးယောက်တို့က ထွက်ပေါက်မရှိအောင် ပတ်ဝိုင်း ထားကြပြီး မြားများဖြင့် အဆက်မပြတ်ပစ်ကြရာ ခေါင်းမဖော်နိုင် အောင် ရှိနေကြသည်။

သူတို့နှစ်ယောက်မှာ သစ်ပင် ကဗျည်းကြားသို့ ဝင်နေရာ ထိုနေရာသို့ မြားတံများက တဒုတ်ဒုတ်နှင့် လာရောက်ထိုးဝင်နေ တော့သည်။

ထိုအခိုက်မှာပင် နီမောင်နှင့် မုဒြာတို့ရောက်လာကာ





သူစုခွဲလိုက်ပြီး ရှေ့သို့မဲနေသော လူရိုင်းများကို တစ်ယောက်ပြီး တစ်ယောက် သတ်ဖြတ်ပစ်လိုက်ကြသည်။

“တော်ပါသေးရဲ့ကွာ မင်းတို့သာ ရောက်မလာရင်တော့ ခေါင်းဖော်ဖို့တောင် မလွယ်ဘူး”

“သူတို့တစ်တွေက တောကျွမ်းတဲ့သူတွေဆိုတော့ လွတ် အောင်ပြေးဖို့ မလွယ်လှဘူး၊ တစ်နေရာမဟုတ် တစ်နေရာ သူတို့ နဲ့ တွေ့နေတော့တာပဲ”

“ဒီတော့လည်း သူ့အသက်ကိုယ့်အသက် လုကြရုံပေါ့ ကွာ”

ထိုနောက်မှာတော့ လေးယောက်သား ထိုနေရာမှလမ်း ခွဲပြီး ရှေ့သို့ခရီးဆက်ကြပြန်လေသည်။

သန်းခေါင်ယံအချိန်ကျော်လာခဲ့ပြီ ဖြစ်သောကြောင့် အမှောင်ထုများက အားကောင်းနေဆဲပင် ရှိသေး၏။

တောကထူထပ်လှသောကြောင့် အမှောင်ထုက ပိုများ နေလေသည်။ တစ်နေရာနှင့် တစ်နေရာ မြင်ရဖို့ မလွယ်လှပေ။

ကောင်းကင်မှ အလင်းရောင်အချို့ရှိနေသော်လည်း မြူ နှင်းများ ပိတ်ဆီးနေသဖြင့် သိပ်မမြင်ရပေ။

အချို့နေရာများတွင် ဝိုးတဝါးလောက်သာ မြင်နိုင် သည်။ ထိုအခြေအနေမျိုးတွင် အမြင်အာရုံထက်၊ အကြားအာရုံ ကို ပိုပြီးအားပြုရလေသည်။

ရန်သူများကတော့ အမှောင်ထဲမှ ခိုကပ်လျက်သူတို့ ထွက်လာမည်ကို အဆင်သင့်စောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကို သိသဖြင့် ခြေသံကြားအောင် မသွားဝံ့ကြပေ။

တတ်နိုင်သမျှ ခြေသံလုံလုံထားပြီး သစ်ကိုင်းလှုပ်ယမ်းသံ သစ်ရွက်မြည်သံများ မကြားရလေအောင် သတိဖြင့် သွားကြရသည်။

ထိုသို့သွားသဖြင့် ခရီးနှောင့်နှေးသော်လည်း ဘေးအန္တရာယ်တော့ ကင်းသည်။

နီမောင်နှင့် မုဒြာတို့နှစ်ယောက်မှာ သတိကြီးစွာထားပြီးလာရာ တစ်နေရာရောက်တော့ နီမောင်က ရပ်လိုက်ပြီး တစ်စုံတစ်ခုကို နားစွင့်ကြည့်နေသည်။

သူသည် မျက်လုံးမှိတ်ကာ နားစွင့်ထားရာမှ ခဏကြာတော့ မျက်စိကို ဖျတ်ခနဲ ပြန်ဖွင့်လိုက်သည်။

ထိုအခါ မနီးမဝေး သစ်ပင်ခွကြားပေါ်မှာ နေရာယူစောင့်နေသော ရန်သူနှစ်ယောက်တို့၏ ပုံရိပ်သဏ္ဍာန်ကို ဝိုးတဝါး မြင်ရလေသည်။

ထိုနေရာမှာ လမ်းကြောင်းကလေးဖြစ်လေရာ ထိုနေရာမှ အမှတ်တမဲ့ ဖြတ်သွားပါက သစ်ပင်ပေါ်မှ စောင့်နေသူ ပစ်သောမြားချက်ထိပြီး သေဆုံးရပေမည်။

သစ်ပင်ပေါ်မှာ လူရှိနေမှန်းသိနေသော်လည်း သစ်ရွက်သစ်ကိုင်းများဖြင့်ကွယ်နေသောကြောင့် သဲသဲကွဲကွဲ မမြင်ရသေးပေ။

နီမောင်က ရန်သူရှိသောနေရာကို မုဒြာအား လက်ညှိုး





ထိုးပြကာ တစ်စုံတစ်ခုကို တိုးတိုးပြောပြလိုက်သည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ရန်သူနှစ်ယောက်တို့က အဆင်သင့်စောင့်နေဟန်ရှိသည်။

နီမောင်နှင့် မုဒြာတို့ကလည်း လေးနှင့်မြားကို အဆင်သင့်ပြင်ကာ ငြိမ်သက်စွာ စောင့်နေကြသည်။

ထိုအခိုက်မှာပင် လမ်းပေါက်ဝသို့ စောထီးနှင့် ငမဲအောင်တို့ ရောက်လာကြသည်။

သူတို့ရောက်လာသည်နှင့် သစ်ပင်ပေါ်မှာစောင့်နေကြသောရန်သူနှစ်ယောက်က မြားဖြင့်ပစ်ရန် ပြင်လိုက်ရာ လှုပ်ရှားသွားသဖြင့် နီမောင်တို့က ကောင်းစွာ မြင်လိုက်ကြရသည်။

သို့ကြောင့် ချက်ချင်းပင် မြားဖြင့်ပစ်ချလိုက်ရာ သစ်ပင်ပေါ်မှ ပြုတ်ကျလာလေသည်။

ထိုအခါမှ စောထီးနှင့်ငမဲအောင်တို့လည်း အံ့ဩသွားကြသည်။

နီမောင်က သူတို့ကိုမြင်သာအောင် လူလုံးထွက်ပြလိုက်လေသည်။

ထိုအခိုက်မှာပင် စောစောက သစ်ပင်ပေါ်မှ လူရိုင်းနှစ်ယောက်အော်သံကြောင့် မနီးမဝေးမှာရှိနေကြသော လူရိုင်းများ သာကြရာ တောတိုးလာသံများ ကြားလာရသည်။

ထို့ကြောင့် လေးယောက်သား ထိုနေရာမှ ခြေရာဖျောက်ကာ ပြေးကြရပြန်သည်။

နီမောင်က မှောင်နေသောအချိန်တွင် အမြင်အာရုံ



www.burmeseclassic.com

www.burmeseclassic.com



ထက် အကြားအာရုံကို အသုံးပြုပြီး သွားသဖြင့် ရန်သူများအား ခြေရာခံရာတွင် ပိုမိုထိရောက်မှုရှိလေသည်။

တစ်နေရာရောက်သောအခါ နီမောင်နှင့် မုဒြာတို့ ယောက်သွားသောနေရာဘက်မှာ မသင်္ကာစရာ ခြေသံလို ကြားလိုက်ရသဖြင့် မုဒြာကိုဖက်ပြီး သစ်ပင်ကြီးတစ်ပင် နံဘေး သို့ကပ်ကာ ငြိမ်နေလိုက်ကြသည်။

မရှေးမနှောင်းမှာပင် ထိုနေရာသို့ လက်နက်လေးမြား တို့ကို ကိုင်ထားသော လူရိုင်းတစ်စု ရောက်လာကြသည်။ ပေါင်း ဆယ်ယောက်ခန့်ရှိပြီး ဦးဆောင်လာသူမှာ မုဒြာ၏ ဖခ ကျားနက်ကြီးပင်ဖြစ်သည်။

သူတို့ကပ်နေသော နေရာနှင့် မနီးမဝေးနေရာရော တော့ ရပ်လိုက်ကြသည်။

"သူတို့ ဝေးဝေးမရောက်နိုင်သေးဘူး။ ဒီအနီးတစ်ဝို ကတောထဲမှာပဲ ရှိသေးတယ်"

"ဟုတ်တယ် စောစောက ဟိုဘက်နားမှာ နှစ်ယော သေနေတာတွေ့ခဲ့ရတယ်"

"အခု ငါတို့လိုက်ရှာနေတဲ့ ရန်သူက သာမန်မဟုတ် တိုက်ခိုက်တဲ့စွမ်းရည်ကောင်းတယ် ဒါကြောင့် သတိဝီရိယ ပြီးလိုက်ကြ"

"မုဒြာနဲ့တွေ့ရင် ဘယ်လိုလုပ်ရမလဲ"

"အခုအချိန်မှာ သူက ငါ့သမီးမဟုတ်တော့ဘူး။ တာနဲ့သတ်ပြီးမှ ယူလာခဲ့"





ထိုသို့ပြောပြီး ထိုနေရာမှ ထွက်သွားကြလေသည်။

၎င်းတို့ထွက်သွားပြီး အတန်ကြာတော့မှ နီမောင်တို့ သည်း သစ်ပင်ကွယ်နေရာမှ ထွက်လိုက်ကြသည်။

"နင့်အတွက် ငါစိတ်မကောင်းပါဘူး"

"ဘယ်တတ်နိုင်မလဲ သူ့အသက်ကိုယ့်အသက်လုရရင် တော့ ဘယ်သူ့ကိုမှ မညှာနိုင်ဘူး၊ သူများဦးမလှည့်ခင်မှာ ကိုယ့် များဦးက သူ့ဆီကိုအရင်ရောက်သွားဖို့ အရေးကြီးတယ်"

ဟု မာန်ဟင်းထားသောအသံမျိုးဖြင့် ပြန်ပြောလေ သည်။

ထို့နောက်. . လမ်းမှာတွေ့သော ရန်သူအချို့ကို သုတ် သင်ရှင်းလင်းကာ ပြေးကြလေရာ နံနက်ပိုင်းအရုဏ်တက်ချိန် လောက်တွင် သရဲတောင်ကြားရှိသောနေရာသို့ ရောက်သွားကြ သည်။

ထိုနေရာရောက်သော်လည်း မိုးမလင်းသေးသော ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နေသေးသည်။

နှင်းများ၊ မြူများကျနေသေးသဖြင့် ဝိုးတဝါးမြင်နေသေး သည်။

ထိုကဲ့သို့ဖြစ်နေခြင်းကပင် သူတို့အတွက် အကာအ ကွယ်ပေးထားသကဲ့သို့ ရှိလေသည်။

တောင်ကြားရောက်သွားသော်လည်း ဒီအတိုင်းသွားနေ ၍မဖြစ်ပေ။

အဘယ်ကြောင့်ဆိုသော် လူရိုင်းများက အချိန်မရွေး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာနိုင်ပြီး ထိုနေရာမျိုးမှာ တွေ့ပါက သူတို့အတွက် ပုန်း ကွယ်စရာ နေရာရမည် မဟုတ်ပေ။

ထို့ကြောင့် မိုးမလင်းမီ ဂူရှိရာသို့ အမြန်ဆုံး ရောက်အော ရန် သွားဖို့အရေးကြီးသည်။

တောင်ကြားအစပ်နေရာသို့ရောက်သောအခါ ကျောက် တုံးကွယ်တစ်နေရာမှ ရပ်ပြီး စောထီးနှင့် ငမဲအောင်တို့ကို စောင့် ကြည့်သေးသည်။

မတွေ့ရပေ။

သို့ကြောင့် အချိန်ကြာကြာစောင့်မနေတော့ပဲ ဂူရှိရာ ဘက်သို့ ခပ်သုတ်သုတ်လာရာ တစ်နေရာရောက်တော့ ရွှေမှ ပိတ်ရပ်နေသောလူတစ်ယောက်ကို တွေ့ရသည်။ နှင်းများပိတ် နေသဖြင့် သဲသဲကွဲကွဲမမြင်ရပေ. . ။

နီမောင်ကမြားဖြင့်ပစ်ရန်ချိန်လိုက်တော့ အသံထွက် လာသည်။

"စားစရာပေးပါ. . စားစရာကျွေးပါ. . "

သည်တော့မှ သဘောပေါက်သွားသဖြင့် လေးနှင့်မြား ကို ပြန်ချလိုက်သည်။

ရှေ့မှာရပ်နေသူက ရန်သူမဟုတ်ပေ။

လူပြိတ္တာတစ်ကောင်သာဖြစ်သည်။

သို့ကြောင့် စားစရာအချို့ကိုထုတ်ပြီး ၎င်းထံသို့ပစ်ပေး ပေးခဲ့ပြီး ထိုနေရာမှ ထွက်ခဲ့ကြသည်။

တစ်နေရာရောက်တော့ နောက်ထပ် အသံကြားရပြ





သည်။

"တောခွေးတွေ လာကြ၊ လာကြ ငါတို့အသားကိုစား ကြ၊ သားရဲတိရစ္ဆာန်တွေ လာကြ. , လာကြ၊ ငါတို့အသားကိုစား ကြ၊ ငါတို့သွေးကိုသောက်ကြ၊ အရိုးတွေကို ထင်းချောင်းတွေလို တစ်စစီဖြစ်အောင်ကိုက်ဖြတ်ကြ. . ဒီဝဋ်ကြွေးကလွတ်အောင် ငါတို့ကို စားသောက်ကြပါ ၊ စားသောက်ကြပါ. . "

ထိုအသံများက လမ်းတစ်လျှောက်လုံးတွင် ဟိုနေရာ ဒီနေရာမှ အဆက်မပြတ် ကြားနေကြရသည်။

မကြာခဏဆိုသလိုလည်း ၎င်းတို့နှင့် ပက်ပင်းတိုးကြ လေသည်။ လူပြိတ္တာများက သူတို့ပြောလိုသောစကားများကို တတွတ်တွတ်ပြောနေပြီး လူမြင်သည်နှင့် အစားအစာတောင်း နေသည်မှလွဲပြီး နေရာမှ တစ်လက်မမှ ရွေ့မရသဖြင့် တော် တော့သည်။

လူပြိတ္တာတို့မှာ ဝဋ်ကြွေးမကုန်မချင်း ထိုနေရာမှ တစ် လက်မမှ ရွေ့မရဘဲ ရပ်နေကြရသည်။

ညအချိန်ရောက်လျှင်တွေ့ရပြီး အလင်းရောင်ရလာ လျှင်တော့ မည်သည့်နေရာ ရောက်သွားကြသည် မသိပေ။

တစ်ယောက်မှ မတွေ့ရတော့ပေ။

(ထိုကဲ့သို့ဝဋ်ခံနေရပုံကို ရှေ့ပိုင်းတွင် ဘုရားဟော ဇာတ် တော်တစ်ခုနှင့် ဖော်ပြထားခဲ့ပြီးဖြစ်၏။ အခြား ဇာတ်တစ်ခုတွင် ဘာရာဏသီပြည်မှ မင်းတစ်ပါးသည် အရသာထူးသော သရက် သီးစားလိုသဖြင့် ကိုယ်တိုင်ရှာဖွေရင်းနှင့် ချောမောလှပသော



www.burmeseclassic.com

www.burmeseclassic.com



ပြိတ္တာမတစ်ဦးနှင့် တွေ့ကာ ပေါင်းသင်းနေထိုင်လေသည်။ နှစ် ပေါင်းများစွာကြာတော့မှ ထိုပြိတ္တာမသည် နေ့အချိန်တွင် နတ် သမီးစည်းစိမ်ခံစားရပြီး ညအချိန်ရောက်မှ ရေကန်တစ်ကန်သို့ သွားကာ ငရဲခွေးများ အစားခံရသည်ကို သိရသဖြင့် တိုင်းပြည်သို့ ပြန်ပြေးခဲ့ရကြောင်းလည်း ရှိသေးသည်။)

ထိုသူများမှာ အကုသိုလ်ဝဋ်ကြွေးမကုန်မချင်း လူစင်စစ် မှ ငရဲခံနေရခြင်းပင် ဖြစ်ပေသည်။

ယခု သရဲတောင်ကြား၌ရှိကြသော လူပြိတ္တာများမှာ လည်း ထိုအတိုင်းပင်ဖြစ်ကြလေသည်။

နေ့ဘက်တွင် မမြင်ရသော်လည်း ညအချိန်ရောက်လာ လျှင်တော့ မိုးဦးကျရာသီတွင် မှိုပွင့်များ ၊ မျှစ်စို့ပေါက်များ ထွက် လာသကဲ့သို့ နေရာအနှံ့တွင် ပေါ်လာကြလေသည်။

သတ်လို့မသေသောလူပြိတ္တာများမှာ သူတို့ကိုယ်တိုင်ထ နေရာမရွှေ့နိုင်ကြသော်လည်း တစ်စုံတစ်ယောက်က အနားသို့ ရောက်လာပါက ဖမ်းစားတတ်ကြောင်းလည်း ရှေ့၌ရေးသား ဖော်ပြခဲ့ပြီးဖြစ်၏။

နီမောင်က လူပြိတ္တာများနှင့် တွေ့ဖူးကြုံဖူးခဲ့ပြီးဖြစ် သောကြောင့် အစားအစာတောင်းလျှင်ပေးခဲ့ပြီး ၎င်းတို့နှင့် ခပ် ဝေးဝေးမှ ရှောင်ကွင်းသွားလေသည်။

လမ်းတစ်လျှောက်လုံးမှာတော့ လူပြိတ္တာများ၏ အော် သံများကို အဆက်မပြတ်ကြားနေရပေသည်။

နောက်ဆုံးတွင် ရွှေကြောနှင့် စိန်ရိုင်းတုံးများရှိသည့်ထူ





သတင်းထွက်နေသော သရဲတောင်ကြားမှ ဂူပေါက်ဝသို့ ချော ချောမောမော ရောက်သွားကြလေသည်။

ထိုနေရာရောက်တော့ မိုးလင်းလာချေပြီ။

ပတ်ဝန်းကျင်တစ်ဝိုက်သို့ အရုဏ်ဦးအလင်းရောင်များ ဖြာကျလာပြီဖြစ်သောကြောင့် ကောင်းစွာမြင်နေရလေသည်။

အလင်းရောင်များရလာတော့ စောစောကကြားနေရ သော လူပြိတ္တာအော်သံများ တဖြည်းဖြည်းနှင့် ငြိမ်သက်သွား လေသည်။

နီမောင်တို့နှစ်ယောက် ထိုဂူထဲရောက်တော့ သူတို့အ ရှင် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက် ရောက်နေသည်ကို တွေ့ကြရသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

# သေမင်းရန်စွယ်မှလွတ်မြောက်ခြင်း

အပြင်ဘက်မှာ အလင်းရောင်များရလာပြီဖြစ်သော်လည်း ဂူထဲမှာတော့ မှောင်နေသေးသည်။

ဂူအတွင်းပိုင်းမှာ ပို၍မှောင်နေသည်။

ဂူထဲတွင် သွေးညှီနံ့၊ အပုပ်နံ့များ ရှိနေသေးသည်။

စတီဗင်တို့အဖွဲ့နှင့် လူရိုင်းများတိုက်ခိုက်ကြစဉ်က ထိုဂူထဲမှာ အလောင်းများ မြင်မကောင်းအောင် ပြန့်ကျဲကျန်ခဲ့သေးသည်။ ယခု အလောင်းများတော့ မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တောခွေး၊ ဝံပုလွေ၊ ခွေးအ အပါအဝင် တောတိရစ္ဆာန်များ ဝင်ရောက်စားသောက်ကြသဖြင့် အပိုင်းအစများက မြင်မကောင်းအောင် ပြန့်ကြဲလျက်ရှိနေသည်။

ပုပ်ပွနေသော အသားပိုင်းများ၊ အရိုးများ၊ ဦးခေါင်းပြတ်များ၊ စုတ်ပြဲနေသောအဝတ်များ၊ ကျိုးပဲ့နေသော လက်နက်အပိုင်းအစများက နေရာအနှံ့တွင် ပြန့်ကြဲနေကြလေသည်။

လေးယောက်ဆုံမိသောအခါ အပုပ်နံ့များကင်းသောနေရာတစ်ခုသို့သွားကာ ပါလာသောရေနှင့်အစားအသောက်တို့ကို စားသောက်ကြသည်။

တစ်ညလုံး မအိပ်ဘဲပြေးခဲ့ရသောကြောင့် သူတို့ပင်ပန်းလှပေပြီ။ ဖြစ်နိုင်လျှင် အစားအစာစားပြီး တစ်ရေးလောက် အိပ်လိုက်ချင်သည်။ သို့သော် အခြေအနေက အိပ်၍မဖြစ်သေးပေ။

သူတို့ ကိုတောနင်းရှာဖွေနေကြသော ကသည်းလူရိုင်းများက ထိုနေရာကို သိနေသောကြောင့် အချိန်မရွေး ရောက်လာနိုင်ပေသည်။

ထို့ကြောင့် စားသောက်ပြီးပါက လုံခြုံစိတ်ချရသောနေရာတစ်ခုကို ရှာဖွေကြရပေဦးမည်။

"ဒီဂူထဲမှာက စိတ်မချရသေးဘူး၊ သူတို့ရောက်လာရင်ပြေးပေါက်မရှိဘဲ ပိတ်မိသွားလိမ့်မယ်"

"ဒီအချိန်ရောက်မှတော့ အပြင်ထွက်လို့လည်းမဖြစ်တော့ဘူး၊ တော်ကြာ သူတို့မြင်သွားရင် တောင်ကြားထဲမှာ ပြေးစရာမရှိဘူး"





"ဒီတော့ဘယ်လိုလုပ်ကြမလဲ"

"စားသောက်ပြီးတာနဲ့ ဂူအတွင်းဘက်ကို ရသမျှ ရောက်နိုင်သမျှ ဝင်ပြီး ပုန်းစရာနေရာ ရှာကြည့်ကြရမယ်။"

"ဒီဂူထဲကနေ အပြင်ဘက်ကိုထွက်လို့ရတဲ့အပေါက်ရှိရင် သိပ်ကောင်းမှာပဲနော်"

"ငါတို့ရဲ့ကံပေါ့လေ၊ ဒါပေမယ့် ကံကိုယုံပြီး ဒီအတိုင်းနေလို့လည်း မဖြစ်သေးဘူး၊ အချိန်ရသမျှ အခွင့်ရေးရသမျှတော့ ကြိုးစားကြည့်ရမှာပဲ၊ ဒါမှ ကြိုးစားခြင်းနဲ့ ကံတရားရဲ့ဖေးမခြင်း ပေါင်းစပ်မိသွားရင် ငါတို့အတွက် အခွင့်ကောင်းတွေ ရလာနိုင်ပါတယ်"

နီမောင်စကားကြောင့် ကျန်သုံးယောက်တို့မှာ အားရှိသကဲ့သို့ ခံစားကြရလေသည်။

စားသောက်ပြီးသောအခါ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က ဂူပေါက်ဝသို့ အခြေအနေထွက်ကြည့်ကြလေသည်။ နှစ်ယောက်တည်း ကျန်သောအခါ နီမောင်က မေးလိုက်လေသည်။

"မုဒြာ သိပ်ကြောက်နေသလား"

"ငါမကြောက်ပါဘူး၊ တစ်ခုပဲရှိတယ် အမောင်နဲ့တော့ ဘယ်နည်းနဲ့မှ မခွဲချင်ဘူး"

"ငါတို့နှစ်ယောက် မခွဲရအောင် အစွမ်းကုန်ကြိုးစားမှာပါ နေအတူ သေအတူပေါ့"

"ငါလည်း ဒီအတိုင်းပဲ၊ တကယ်လို့သာ အမောင်အရင်



www.burmeseclassic.com

www.burmeseclassic.com



သေသွားခဲ့ရင် ငါလည်း သူတို့ကိုသတ်ပြီး လိုက်သေဖို့ဆုံးဖြတ်ထားပြီးသားပါ”

“ဒါပေမယ့် ဒီလိုအဖြစ်မျိုးတော့ ရောက်မှာမဟုတ်ပါဘူး၊ ငါတို့နှစ်ယောက်ကို ကံတရားက ဖေးမကူညီပေးမှာပါ”

နီမောင်က မုဒြာလက်ကလေးကို တင်းတင်းဆုပ်ကိုင်အားပေးစကားပြောလိုက်လေသည်။

အတန်ကြာတော့ စောထီးနှင့် ငမဲအောင်တို့ ခပ်သုတ်သုတ်ပြန်ဝင်လာကြသည်။

“သူတို့လိုက်လာကြပြီ နီမောင်”

“တောင်ကြားဟိုဘက်ဒီဘက်ကနေ ညှပ်ပြီး ဝင်လာကြတာ လူအင်အားကလည်း အတော်များတယ်”

နီမောင်က အခြေအနေကို အလျင်အမြန် စဉ်းစားနေသည်။

“ဘယ်လိုလုပ်မလဲအမောင် ဂူထဲဝင်ပြေးမှ ဖြစ်မယ်ထင်တယ်”

“ဂူထဲဝင်ပြေးလည်း ပိတ်မိမယ့်အတူတူတော့ ဒီနေရာကနေ ခံတိုက်တာပိုကောင်းမယ်”

“အေးကောင်းတယ်. . နေအတူ သေအတူပေါ့”

ဟုပြောဆိုပြီး လေးမြားလက်နက်တို့ကို ပြင်ဆင်ပြီးဂူပေါက်ဝနှင့် မနီးမဝေးမှာရှိသော ကျောက်တုံးများနောက်မှာ လေးယောက်ခွဲကာ နေရာယူလိုက်ကြသည်။

အတန်ကြာတော့ အပြင်ဘက်မှာ အော်ဟစ်ဆူညံသံ





များကြားရသည်။

လူရိုင်းများက နီမောင်တို့ ထိုဂူထဲရောက်နေပြီထင်သဖြင့် တောင်ကြားနှစ်ဘက်မှ ညှပ်ကာ ညာသံပေးပြီး ဝင်လာကြခြင်းဖြစ်သည်။

နီမောင်အနေဖြင့် အကြောင်းမဲ့လူမသတ်ချင်သော်လည်း သူ့အသက်၊ ကိုယ့်အသက်လုရမည့် အခြေအနေမျိုးမှာတော့ ဒီအတိုင်းလည်စင်းခံ၍မဖြစ်ပေ။

ထို့ကြောင့် မြားဘူးကိုဘေးနားမှာ အဆင်သင့်ချထားပြီး လေးညှို့၌ မြားတစ်ချောင်းတပ်ကာ အဆင်သင့်စောင့်နေလိုက်သည်။ ခဏကြာတော့. . . လူရိုင်းများ ဂူပေါက်ဝရောက်လာကြမည်။ ရှေ့ဆုံးမှ ဦးဆောင်လာသူမှာ မုဒြာ၏ဖခင် ကျားနက်ကြီးပင်ဖြစ်၏။ နီမောင်က သူ့အဖော်များကို သတိပေးလိုက်သည်။

“မပစ်ကြနဲ့ဦး၊ ဂူပေါက်ဝက ငါတို့သတ်မှတ်ထားတဲ့စည်းပဲ၊ အဲဒီစည်းကိုကျော်လာမှ ပစ်မယ်”

ကျန်သုံးယောက်တို့ကလည်း သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြကြသည်။ လူရိုင်းများကတော့ ဂူအတွင်းပိုင်းသို့ လက်ညှိုးထိုးပြကာ အချင်းချင်းပြောဆိုနေသော အသံများက ဆူညံနေလေတော့သည်။

၎င်းတို့သည်. . ဂူထဲသို့ဝင်ရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။ ထိုအခိုက်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်လာလေတော့သည်။

“ဒိုင်း. . ဒိုင်း. . ဒိုင်း. . ဒိုင်း. . ”



www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်ဝနှင့် မနီးမဝေးအပေါ်ဘက် တောင်နံရံများပေါ်မှ သေနတ်သံများ အဆက်မပြတ် ကြားလိုက်ရပြီးနောက် လူရိုင်းအချို့ လဲကျသွားကြတော့သည်။

တောင်နံရံပေါ်မှာ ရောက်နေကြသူများမှာ ကာနယ်စမစ်ခေါင်းဆောင်သော ဂေါ်ရခါးစစ်သားများပင်ဖြစ်သည်။

လူရိုင်းများမှာ နောက်မှပေါ်လာသော ရန်သူကို မြားများဖြင့် ပြန်ပစ်ကြသည်။

သို့သော် အပေါ်နှင့်အောက် ဖြစ်နေသောကြောင့် မထိရောက်ပေ။

တောင်နံရံအပေါ်စီးမှ နေရာယူထားသော ဂေါ်ရခါးစစ်သားများ လက်ချက်ကြောင့် အတော်များများ လဲကျသွားကြလေပြီ။ ထိုအခါ နီမောင်က ပုန်းနေရာမှထွက်ပြီး အော်ပြောလိုက်သည်။

"သေနတ်တွေနဲ့ အပေါ်ကပစ်နေတယ် အပြင်မှာမနေနဲ့ ဂူထဲဝင်ကြ. . ဂူထဲဝင်ကြ"

ထိုအသံကြားတော့မှ ကျားနက်ကြီးက အော်ဟစ်အမိန့်ပေးလိုက်ရာ ကျန်နေသော လူရိုင်းများက ဂူထဲပြေးဝင်လာကြသည်။ တစ်ဝက်လောက်က အပြင်၌ လဲကျန်နေခဲ့သည်။

ဂူထဲရောက်တော့ နီမောင်တို့နှင့် ပြန်တွေ့ရသော်လည်း ရန်မမူကြတော့ပေ။

ယခင်က ရန်သူပင်ဖြစ်သော်လည်း နောက်ထပ် ရန်သူအသစ်ပေါ်လာသောအခါ အချင်းချင်း လက်တွဲပြီး အင်အားစု





လိုက်ကြခြင်းဖြစ်သည်။ (အရေးကြီးသောအခါ အချင်းချင်း သွေးစည်းကြရလေပြီ)

"သူတို့မှာ သေနတ်တွေပါတော့ မြင်ကွင်းမှယှဉ်တိုက်လို့မရဘူး၊ ပျောက်ကြားစနစ်သုံးပြီး လျှို့ဝှက်တိုက်မှရမယ်"

"ဒီတော့ဘယ်လိုလုပ်မလဲ"

"ဂူထဲကိုရောက်နိုင်သမျှဝင်ပြီး ကျောက်တုံးတွေနောက်မှာနေရာယူထားရမယ်၊ ငါစီမံတဲ့နည်းအတိုင်း ပြန်တိုက်မယ်"

နီမောင်ပြောသည်ကို ကျားနက်ကြီး အပါအဝင် လူရိုင်းများကလက်ခံကြသည်။

လူရိုင်းများအတွက်တော့ ညအချိန်က သူတို့ သဲကြီးမဲကြီးလိုက်သတ်နေသော နီမောင်မှာ ယခုအခြေအနေမှာတော့ သူတို့အားလုံးအတွက် အားကိုးရသော ခေါင်းဆောင်တစ်ဦး ဖြစ်နေခဲ့လေပြီ။

နီမောင်က လေးပစ်လက်ဖြောင့်သော လူရိုင်းအချို့ကို ဂူပေါက်ဝနှင့် မနီးမဝေးမှာ စောင့်နေစေသည်။

ဂူထဲဝင်လာသော ရန်သူကို ပစ်ခတ်ရန်အတွက်ဖြစ်သည်။ ကျောက်တုံးကြီးများနောက်တွင် စောင့်နေစေသည်။

ပြီးမှ နောက်တစ်ဖွဲ့ကို သူတို့နှင့် မနီးမဝေးမှာ နေရာယူစေသည်။ နီမောင်နှင့် ကျားနက်ကြီးတို့ပါသောအဖွဲ့က. . နောက်ဆုံးနေရာမှ စောင့်ကြသည်။

ထိုနေရာမှာ ရန်သူများနှင့် အနီးကပ်နောက်ဆုံး တိုက်ပွဲဆင်နွှဲရန် နေရာလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဓားနဲ့လှံတွေကိုလည်း အဆင်သင့်ပြင်ထားကြ၊ အနီးကပ်တိုက်ခိုက်ကြတဲ့အခါ လေးမြားထက် ဓား၊ လှံ၊ ရဲတင်းတွေကို အသုံးပြုရမယ်"

ထို့နောက် နီမောင်က တိုက်ခိုက်ကြစဉ် ပြုလုပ်ရမည့် နည်းများကိုပါ ပြောပြထားသည်။

ထို့နောက်မှာတော့ သက်ဆိုင်ရာနေရာများမှ စောင့်နေကြသည်။ အပြင်ဘက်မှာတော့ သေနတ်သံများ ရပ်သွားပြီး အခြားဆူဆူညံညံအသံများ ကြားနေရသည်။

ရန်သူများက အောက်သို့ဆင်းလာနေကြခြင်းဖြစ်သည်။ ဂူထဲမှ လူများကလည်း လက်တပြင်ပြင်ဖြင့် စောင့်နေကြလေပြီ။ ထိုအချိန်ရောက်မှ ကျားနက်ကြီးက ပြောသည်။

"မင်းတို့ကို သတ်ဖို့ကြိုးစားခဲ့တာ ငါမှားတယ်"

နီမောင်က ဘာမှပြန်မပြောပေ။

"အခု ငါတို့အားလုံး တစ်နေရာကနေ အပြင်ထွက်လို့ရတဲ့နေရာကို ငါသိတယ်"

ထိုစကားကြောင့် အံ့ဩသွားသည်။

"ဒါပေမယ့် ငါမသွားဘူး၊ ငါ့လူမျိုးတွေကိုသတ်တဲ့ မိစ္ဆာကောင်တွေကို ပြန်သတ်ရဦးမယ်၊ ဒါပေမယ့် အကြောင်းရှိလာရင်သုံးဖို့ မင်းတို့ကိုတော့ ပြောပြထားပါ့မယ်"

ဟု ဂူအတွင်းမှာရှိသော လျှို့ဝှက်နေရာကို ပြောပြလေသည်။ ထိုနေရာမှာ ဂူအတွင်းသို့ဝင်သွားလျှင် လမ်းခွဲနှစ်ခုရှိသည်။





ထိုလမ်းခွဲမှ လက်ယာဘက်လမ်းအတိုင်း သွားပါက လမ်းဆုံးသောနေရာ ရောက်သွားပေလိမ့်မည်။

ထိုနေရာတွင် ကျောက်တုံးငါးတုံး တွေ့ရမည်ဖြစ်ပြီး ငွေမမြောက်ကျောက်တုံးကို တွန်းဖယ်ကြည့်ပါက တွင်းပေါက်တစ်ပေါက် တွေ့ရမည်ဖြစ်ကြောင်း. . .၊

အခြားကျောက်တုံးလေးတုံး နေရာအောက်တွင် စိန်ရိုင်းတုံးများရှိကြောင်း. . .၊

ထိုတွင်းပေါက်ထဲသို့ ခုန်ချလိုက်ပါက အောက်ဘက်မှာ ဆင်းနေသောချောင်းတစ်ခုထဲသို့ ရောက်သွားပြီး ထိုချောင်းအတိုင်းလိုက်သွားပါက. . ရေတံခွန်မှတစ်ဆင့် အခြားတစ်နေရာသို့ ရောက်သွားနိုင်ကြောင်း ပြောပြလေသည်။

"ဒီဂူထဲမှာ ရွှေကြောနဲ့ စိန်ရိုင်းတွင်းတွေရှိတာ အမှန်ပဲ၊ ဒါတွေကို လာပြီးတူးဖော်ကြရင် ငါတို့နေရာတွေပျက်စီးကုန်မှာစိုးလို့ လာသမျှလူတွေကိုသတ်ပြီး ရွှေနဲ့စိန်တွေကို ငါကိုယ်တိုင် ဖျောက်ဖျက်ထားခဲ့တာပဲ"

ဟုပြောသည်။

နီမောင်တ သူပြောသောရွှေနှင့် စိန်ရိုင်းတွင်းများအကြောင်းကို စိတ်မဝင်စားပဲ အပြင်သို့ထွက်နိုင်မည့်လမ်းကိုသာ အသေအချာမှတ်သားနေသည်။

ထိုအခိုက်မှာပင် ဂူပေါက်ဝဘက်မှာ ဆူဆူညံညံ အသံများကြားရပြီး သေနတ်ကိုင်ထားသော ဂေါ်ရခါးစစ်သားအချို့ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မရှေးမနှောင်းမှာပင် အသင့်စောင့်နေသူတို့ပစ်လိုက်သောမြားထိပြီး လဲကျသွားလေသည်။

“ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း ”

ရှေ့မှလူများ လဲကျသွားသောအခါ နောက်မှပါလာသော ဂေါ်ရခါးများက သေနတ်ဖြင့် ရမ်းပစ်လေရာ ဂူတစ်ဂူလုံး ဆူညံသွားလေတော့သည်။

သို့သော် လူရိုင်းများက ကျောက်တုံးများနောက်ကွယ်၌ ရှိနေသောကြောင့် ပစ်မှတ်ကို မထိကြပေ။

ထိုသို့သေနတ်ဖြင့် ပစ်မိုးဝင်လာပြန်ရာ နောက်တစ်ကြိမ် မြားတံများထွက်လာပြန်သဖြင့် သေကြပြန်လေသည်။

ထိုအခါ ကာနယ်စမစ်က လက်ပစ်ဗုံးများပစ်သွင်းရန် အမိန့်ပေးသဖြင့် ပစ်သွင်းလိုက်သည်။

လက်ပစ်ဗုံးပေါက်ကွဲသံက ဂူတစ်ဂူလုံး သိမ့်သိမ့်တုန်သွားလေတော့သည်။

မီးခိုးငွေ့များလည်း မည်းမှောင်သွားလေသည်။ လက်ပစ်ဗုံးဖြင့် ပစ်သွင်းလိုက်ပြီးသောအခါ နောက်ထပ်မြားတံများ မလာတော့သဖြင့် ရှေ့ဆက်ဝင်ကြသည်။

နောက်တစ်နေရာရောက်တော့ ဒုတိယနေရာမှ စောင့်နေသူများ၏ မြားများထိပြီး အတုံးအရုံးသေကြပြန်လေသည်။

ဒီတစ်ကြိမ်မှာလည်း သေနတ်ဖြင့်မပစ်ဘဲ လက်ပစ်ဗုံးတစ်လုံးဖြင့် ထပ်ပစ်ရာ ငြိမ်ကျသွားပြန်သည်။

ကာနယ်စမစ်တို့အဖွဲ့မှာ လူ (၅၀)ခန့်ရှိသော်လည်း





ဂူထဲရောက်မှ မြားထိပြီးသေကြသူအတော်များရာ လူနှစ်ဆယ်ကျော်လောက်သာ ကျန်တော့သည်။

“ငါ တို့လူတွေကို ရက်ရက်စက်စက်သတ်ခဲ့တဲ့ လူဆိုးကောင်တွေကို လက်စားချေတဲ့အနေနဲ့ တစ်ယောက်မှ မကျန်အောင် သတ်ပစ်ကြပေ့”

ကာနယ်စမစ်က သူ့လူများကို နောက်မှအော်ဟစ်အားပေးနေလေသည်။

သူတို့သည် ပထမနေရာ၊ ဒုတိယနေရာများကို ကျော်ဖြတ်ခဲ့ကြရာ တတိယနေရာရောက်သောအခါမှ အသင့်စောင့်နေသော နီမောင်တို့အဖွဲ့က ကျောက်တုံးများနောက်မှ ရုတ်တရက် ပြေးထွက်လာကာ ဓား၊ လှံ၊ ကပ်ပါးစသည်တို့ဖြင့် ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

ရန်သူများမှာ မမျှော်လင့်သောအခြေအနေကြောင့် သေနတ်များကိုပင် အသုံးပြုခွင့်မရလိုက်ရပဲ အနီးကပ် တိုက်ပွဲကို တိုက်ခိုက်ကြရလေသည်။

ဂူအတွင်းပိုင်းမှာ မှောင်နေသဖြင့် နီမောင်တို့ဘက်မှ လူနည်းသော်လည်း အခွင့်အရေးသာလေသည်။

ထို့ပြင် ဓား၊ လှံ၊ ရဲတင်းတို့ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ကြသဖြင့် ရန်သူများကို တစ်ယောက်ပြီးတစ်ယောက် သုတ်သင်နိုင်ကြသလို သူတို့ဘက်မှာလည်း အတော်များများ သေခဲ့ကြလေပြီ။

နီမောင်၊ မုဒြာ၊ စောထီး၊ ငမဲအောင်၊ ကျားနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အပါအဝင် နောက်ဆုံးနေရာမှ စောင့်နေကြသူတို့မှာ တိုက်ခိုက်မှုစွမ်းရည်ရော လျှင်မြန်ဖျတ်လတ်မှုများပါ သူမတူအောင်ကောင်းသဖြင့် ဂေါ်ရခါးအတော်များများ သေကြရသည်။

ကာနယ်စမစ်နှင့် စကားပြန်ထွန်းခတို့က ပြောင်းတိုသေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။

ပြောင်းတိုသေနတ်များမှာ အနီးကပ်တိုက်ခိုက်ရာ၌ ထိရောက်မှုရှိလှပေသည်။

တစ်ကြိမ်တွင် အနီးကပ်တိုက်ခိုက်နေရာမှ ထွန်းခက ကျားနက်ကြီးကို သေနတ်ဖြင့်ပစ်သည်။

ကျည်ဆံက ချက်ကောင်းထိသော်လည်း လဲကျမသွားဘဲ ရှေ့သို့တိုးလာပြီး ထွန်းခကို ကပ်ပါးဖြင့် ခုတ်သည်။

ပထမတစ်ချက်က လက်ကိုထိပြီး သေနတ်လွတ်ကျသွားသည်။ နောက်တစ်ချက်က ဇက်ကိုထိကာလဲကျသွားလေတော့သည်။ ကာနယ်စမစ်က ကျားနက်ကြီးကို သေနတ်ဖြင့် နှစ်ချက်သုံးချက် ဆင့်ပစ်တော့မှ လဲကျသွားသည်။

ထိုအခြေအနေကိုမြင်တော့ မုဒြာကလှံတစ်ချောင်းကို ခြေထောင်ဖြင့်ကော်ယူကာ စမစ်အား နောက်ဘက်မှ ပစ်ထိုးရာ ရှေ့သို့ထုတ်ချင်းပေါက်သွားကာ လဲကျသွားလေတော့သည်။

၎င်းတို့ခေါင်းဆောင်ကျသွားသည်ကို မြင်သောအခါ ဂေါ်ရခါးအချို့လည်း ဂူပေါက်ဝသို့ ပြန်ထွက်ပြေးကြလေတော့သည်။

ဂူထဲမှာလည်း နီမောင်တို့လေးယောက်အပြင် လူရှိုင်း





အချို့သာ ကျန်ခဲ့တော့သည်။

အမှောင်ရိပ်ဖုံးနေသော ဂူကြမ်းပြင်ပေါ်မှာတော့ အလောင်းများက ပြန့်ကျဲနေလေသည်။

မုဒြာက ကျားနက်ကြီးအနီးမှာထိုင်ပြီး မျက်ရည်ကျနေရာ နီမောင်က ဖျောင်းဖျပြောဆိုရလေသည်။

"သူတို့ နောက်တစ်ကြိမ်ပြန်မလာခင် ငါတို့သွားကြရအောင်"

ထိုနောက်မှာတော့ ကျားနက်ကြီးမှာခဲ့သောလမ်းအတိုင်း ဂူအတွင်းသို့ဝင်ကြည့်ရာ လမ်းနှစ်သွယ်ကို တွေ့ရသဖြင့် လက်ယာဘက်လမ်းအတိုင်း သွားကြရာ. . နောက်ဆုံး ကျောက်တုံးငါးတုံးရှိသောနေရာသို့ ရောက်ခဲ့ကြသည်။

ထိုကျောက်တုံးများအနက် ပဉ္စမမြောက်ကျောက်တုံးကို လူလေးယောက်အားဖြင့် တွန်းဖယ်ကြရာ ဘေးသို့လိမ့်ကျသွားလေသည်။

ထိုကျောက်တုံးနေရာမှာတော့ တွင်းပေါက်တစ်ပေါက် ရှိနေသည်။

တွင်းဝက အတော်ကျယ်သော်လည်း မှောင်နေသဖြင့် အောက်ခြေသို့မမြင်ရပေ။

"ကျားနက်ကြီးပြောသွားတာ ဒီတွင်းပဲဖြစ်မယ် အောက်မှာ ချောင်းရှိတယ်လို့ပြောတယ်"

ထိုသို့ပြောပြီး အတန်အသင့်ကြီးသော ကျောက်တုံးတစ်တုံးကို တွင်းထဲသို့ပစ်ချကြည့်ရာ ရေသံကိုကြားသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ နီမောင်က အရင်ခုန်ချသည်။

ရင်ထဲမှာ အေးခနဲဖြစ်သွားပြီး ရေထဲသို့ကျကာ ရေစီးဖြင့် မျောပါသွားတော့သည်။

နီမောင်ပြီးတော့ ကျန်သုံးယောက်က တစ်ယောက်ပြီး တစ်ယောက် ရှေ့ဆင့်နောက်ဆင့် ခုန်ဆင်းလာကြသည်။

အောက်ခြေမှာရှိသောချောင်းမှာ ရေစူးနက်သဖြင့် ရေစီးကလည်းကြမ်းသည်။

ရေခဲရေတမျှ အေးလှသည်။

လေးယောက်သား မှောင်မည်းနေသော မြေအောက် ရေစီးချောင်းထဲမှ မြုပ်ချည်ပေါ်ချည်ဖြင့် မျောပါသွားကြရာ အချိန်အတော်ကြာတော့မှာ ရေတံခွန်ရှိသော နေရာအပေါက်ဝသို့ ရောက်သွားကြသည်။

"ရှေ့မှာ ရေတံခွန်ရှိတယ်ဟေ့ သတိထားကြ"

နီမောင်က နောက်မှ လူများကြားစေရန် အော်ပြောလိုက်သေးသည်။

ထို့နောက်မှာတော့ အရှိန်ပြင်းသော ရေတံခွန်နှင့် အတူ အောက်သို့ပြုတ်ကျသွားလေတော့သည်။

ရေတံခွန်မှာ အတော်မြင့်သောကြောင့် တလိမ့်ခေါက်ကွေး ပြုတ်ကျသွားပြီး အတန်ကြာတော့မှ ရေပြင်ပေါ်သို့ကျသွားကာ ရေအောက်သို့ ပြုတ်ကျသွားလေတော့သည်။

သူကျသွားပြီး မရှေးမနှောင်းမှာပင် နောက်ထပ်သုံး





ယောက်လည်း ရှေ့ဆင့်နောက်ဆင့် ကျလာကြလေသည်။

ထိုရေတံခွန်မှာ အခြားမဟုတ်ပေ။

နီမောင်နှင့် မုဒြာတို့ ပထမဦးစွာ တွေ့ခဲ့ကြသည့် နေရာပင်ဖြစ်ပေတော့သည်။

အတန်ကြာတော့မှ လေးယောက်စလုံး ရေပေါ်ပြန်တက်ကြကာ ကမ်းစပ်မှတစ်ဆင့် သဲပြင်ပေါ်သို့တက်ပြီး နားကြရသည်။

"ငါတို့ နေရာတော့ ပြန်ရောက်လာကြပြီ"

"ဟုတ်တယ် ကံကောင်းထောက်မလို့ အသက်မသေကြဘဲ လွတ်မြောက်ခဲ့ကြရပြီ"

"နီမောင် မင်းတို့နှစ်ယောက်က အေးအေးဆေးဆေးမှ နောက်ကလိုက်ခဲ့ကြပေတော့ ငါတို့နှစ်ယောက် ရွာကိုအရင်ပြန်နှင့်ကြမယ်"

"အတူတူ ပြန်ကြမယ်လေ"

"မင်းတို့က နောက်မှလိုက်ခဲ့ကြပါ ငါတို့က အရင်ပြန်သွားကြပြီး ငါတို့မသေသေးတဲ့အကြောင်း၊ မင်း မိန်းမပါ တစ်ပါတည်းပါလာတဲ့အကြောင်း ကြိုပြောထားနှင့်မယ်"

ဟု ပြောဆိုကာ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က ပြန်သွားကြလေတော့သည်။

ထိုအခါမှ နီမောင်က မုဒြာကိုပွေ့ဖက်ပြီး နှစ်သိမ့်စကားပြောရသည်။

"နင့်အဖေအတွက် ငါစိတ်မကောင်းပါဘူး"



www.burmeseclassic.com

"ဘယ်တတ်နိုင်ပါ့မလဲ"

"ငါတို့အခုလို ဒီနေရာပြန်ရောက်လာကြတာ သူ့ရဲ့ ကျေးဇူးကြောင့်ပဲ"

မုဒြာက ဘာမှပြန်မပြောဘဲ သက်ပြင်းတစ်ချက်သာ ချလိုက်သည်။

"နင်. . ဒီနေရာလေးကို မှတ်မိတယ်မဟုတ်လား"

"မှတ်မိတာပေါ့ ကျွန်းသစ်နက်ပင်ရင်းနဲ့ နင်နဲ့စတွေ့ ကြတောလေ"

"ဟုတ်တယ် မြင်မြင်ချင်း နင်ကိုချစ်မိတဲ့နေရာဆိုရင် လည်း မမှားဘူး၊ အခုတော့ ငါတို့နှစ်ယောက် လက်တွဲခွင့်ရကြ ပြီ၊ ပထမတစ်ခေါက် ဒီနေရာရောက်စက ရည်းစားဖြစ်ခဲ့ကြ တယ်၊ အခုတစ်ခေါက်ရောက်တော့ လင်မယားတောင် ဖြစ် နေကြပြီ"

ထိုစကားကြောင့် မုဒြာက မျက်စောင်းထိုးရင်း. . .

"နားရှက်စရာတွေ"

ဟုတိုးတိုးပြောသည်။

နီမောင်က သူမ အမူအရာကို ကြည့်ကာ သဘောကျ စွာ ပြုံးလိုက်လေသည်။

"ဒီလို ဆုံစည်းခွင့်ရတာ ရှက်စရာမှမဟုတ်တာ မုဒြာ ရယ်"

"ငါကတော့ အမောင့်မျက်နှာ တစ်ရွာထင်ပြီး အားလုံး ကိုစွန့်လွှတ်ထားခဲ့ပြီး လိုက်လာခဲ့ပြီ. . ဘယ်တော့မှ မခွဲရဘူး





နော်"

"စိတ်ချပါ. . တစ်သက်လုံး ဘယ်တော့မှ မခွဲပါဘူးလို့ ကတိပေးပါတယ်၊ ငါရဲ့သစ္စာစကားကို ဟောဒီ တောင်တန်းကြီး တွေ တောကြီးတွေနဲ့ ရေတံခွန်ကြီးတွေကို တိုင်တည်ထားပါ တယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် အမောင်ရယ်"

ဟုပြောကာ မုဒြာက နီမောင်ရင်ခွင်ထဲသို့ တိုးဝင်လာ လေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (လူပြိတ္တာတောင် ကြား) အမည်ရှိ ဂန္ထဝင်ရသဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း ။ ။

အနိစ္စာ ဟောန္တု သုခီအတ္တာနံ ပရိဟရန္တု

ကြိုးစား

စာပြီးချိန်။ ။ (၂၀၁၃)ခုနှစ်၊ မေလ၊ (၂၄)ရက်၊ စနေနေ့၊ ည(၈)နာရီ။